www.burmeseclassic.com

လင်းဦးတာရာစာအုပ် အမှတ်စဉ် (၁၄)

မြသန်းတင့်၊ ထက်အောင်

# ကမ္ဘာမြေကြီးသည် နတ်ဥယျာဉ်မဟုတ်

## (သမိုင်းစကား ပန်းစကား – ၂)

လင်းဦးတာရာ
စာအုပ်ထုတ်ဝေရေး
အမှတ် ၂၄၅၊ ပထမထပ်၊
မဟာဗန္ဓုလပန်းခြံလမ်း (အပေါ်ဘလောက်)၊
ရန်ကုန်မြို့။
ဖုန်း – ၂၄၃၄၀၈၊ ၆၃၅၀၁၈

www.burmeseclassic.com

# မာတိကာ


- စာရေးသူအမှာစာ
- စိစဉ်သူတို့၏အမှာ

၁။ ပါဠိက မဟာကာဗ်ဆိုင်များ ၁

၂။ ပညာရေးစနစ်ကို အမြဲဖျက်ခြင်း ၁၁

၃။ ပလိပ်ရောဂါကိုဖိတ်ခေါ်ခြင်း ၁၉

၄။ ကဏ္ဍပါ တော်လှန်ရေး ၂၇

၅။ အကာယ်ရှိသော ၃၃

၆။ ကျေးစူးပြု၍ အလွန်အကျွံတွေကို ရှောင်ကြပါ ၄၁

၇။ ကမ္ဘာကြီးသည် နတ်ဥယျာဉ်မဟုတ် ၄၉

၈။ နာမည်တစ်လုံး၏ဝန်ထုပ်ဝန်ပိုး ၅၇

၉။ အကြောက်လွန်ခြင်း၏ သားကောင်များ ၆၃

၁၀။ ဝက်ဝံကြီးလာဦးမည်လော ၇၁

၁၁။ ခေတ်သစ်သူဌေးပေါက်စများနှင့် အိမ်ဖော်ပြဿနာ ၇၉

၁၂။ လူဝကြီးများအရေး ဈက်ချင်းပေး ၈၇

၁၃။ သင်တို့ထက်မြတ်တယ် ၉၅

၁၄။ ဆူပါစောတိကများသည် တမူထူးကြသည် ၁၀၃

၁၅။ ဟောတိကိစ္စသူတို့အမြင် ၁၁၁

၁၆။ တိုင်းပြည်ဟောင်းများသေဆုံးခြင်း
တိုင်းပြည်သစ်များမွေးဖွားခြင်း ၁၁၉

၁၇။ မှုသားရှာစက် ၁၂၇

၁၈။ သတင်းစာပညာသစ် (၁) ၁၃၃

၁၉။ သတင်းစာပညာသစ် (၂) ၁၄၁

၂၀။ သမ္မတဝီလ်ဆင်သို့ မှာကြားလွှာ ၁၅၁

၂၁။ အမျိုးသားရေးဝါဒနှင့် လူမျိုးစုံဝါဒ ၁၅၉

၂၂။ ငါလာသည်၊ ငါမြင်သည်၊ ငါဖျက်ဆီးသည် ၁၆၇

# မြသန်းတင့်

www.burmeseclassic.com

မကွေးခရိုင်၊ မြိုင်မြို့တွင် အဖ အမိန့်တော်ရ ရှေ့နေဦးပေါ်တင်၊ အမိဒေါ်လှိုင်တို့မှ ၁၉၂၉ ခုနှစ်တွင် မွေးဖွားသည်။ ငယ်စဉ်က မြိုင်မြို့တိုင်းရင်းမြန်မာ အထက်တန်းကျောင်း၊ မကွေးမြို့ ဗုဒ္ဓဘာသာအထက်တန်းကျောင်း၊ အစိုးရအထက်တန်းကျောင်းတို့တွင် ပညာသင်ကြားခဲ့ပြီး ထိုကျောင်းမှ တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်ခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ရောက်ပြီး ရန်ကုန်တက္ကသိုလ်မှ အင်္ဂလိပ်စာနှင့် ဒဿနိကဗေဒနှင့် နိုင်ငံရေးသိပ္ပံတို့ဖြင့် ဝိဇ္ဇာဘွဲ့ရခဲ့သည်။ ထို့နောက် နိုင်ငံတကာ ဥပဒေနှင့် မြန်မာ့ဥပဒေတို့တွင် ဂုဏ်ထူးဖြင့် ဥပဒေဝိဇ္ဇာ ဘွဲ့ရခဲ့သည်။

တက္ကသိုလ်ကျောင်းသားဘဝကတည်းက ဂျာနယ်ကျော်၊ တာရာ၊ ပဒေသာ၊ ရှုမဝ၊ ဆန်းသစ်ဦး စသည့် မဂ္ဂဇင်းများတွင် ဝတ္ထုတိုများ၊ ကဗျာများ၊ ဆောင်းပါးများ ရေးသားခဲ့သည်။ ၁၉၄၉-၅၀ ရန်ကုန်တက္ကသိုလ်နှစ်လည် မဂ္ဂဇင်းတွင် အင်္ဂလိပ်စာကဏ္ဍအယ်ဒီတာ၊ ထို့နောက် စာပေသစ် မဂ္ဂဇင်း၊ ပြည်တော်သစ်ဂျာနယ်၊ တိုးတက်ရေး သတင်းစာ၊ စာရေးဆရာအသင်းမှ ထုတ်ဝေသည့် စာပေ မဂ္ဂဇင်းတို့တွင် အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။ ပင်ကိုယ်ရေးဝတ္ထု၊ ဘာသာပြန်၊ ခရီးသွားမှတ်တမ်းသမိုင်း၊ ကဗျာ၊ သီချင်း၊ ရသစာတမ်းစသည့် စာပေအမျိုးအစားများစွာကို ရေးသားခဲ့သည်။

လိုက်ခဲ့တော့ မြနန္ဒာ၊ ဆယ်ကြိမ်မြောက် အလည်ရောက်ခြင်း၊ နံ့သာကကြာ၊ မမ၊ အမှောင်ရိပ်ဝယ်၊ ထားကျွန်မလင်း၊ ကံကောင်း၊ မားစတာင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည်၊ မာယာဘုံစသည့်ပင်ကိုယ်ရေးဝတ္ထုများ။

ဘဝတက္ကသိုလ်၊ စစ်နှင့်ငြိမ်းချမ်းရေး၊ ပါရီကျဆုံးခန်း၊ ရှားလော့ဟုမ်းဝတ္ထုတိုပေါင်းချုပ်၊ လေရူးသုန်သုန်၊ ရွှေပြည်တော်မျှော်တိုင်းမေး၊ ချစ်သောသူ့နှမ်းခင်ခင်၊ လွမ်း

www.burmeseclassic.com

မောရုဒေသ တကျွဲသိုလ်နေ့ညများ၊ ခန်းဆောင်နီအိပ်မက်၊ သုခမြို့တော် စသည့်ဘာသာပြန်ဝတ္ထုများ။

အရှေ့လေတိုက်သောအခါ၊ ပုံတောင်ပုံညာသွားတောလား၊ လွှမ်းမောဖွယ်ကာမေ့ရာ၊ ဟွန်ဒါယဥ်ကျေးမှုမေရီပိုစားနှင့် အီကေွတာညများ၊ မြောက်မက်တောင်ကုန်းဒေသမှအပြန် စသည့် ခရီးသွားမှတ်တမ်းများ။

ခေတ်သစ်သမိုင်းငိုကာ၊ ပါမောက္ခတျိုင်ဘီနှင့် ပြင်းနှံခြင်း၊ တော်စတျိုင်း၏ ဘဝအမြင်နှင့် သမိုင်းအမြင်၊ ပါမောက္ခတျိုင်ဘီနှင့် နောက်ထပ်ပြင်းနှံခြင်းစသည့် သမိုင်းကျမ်းများ။

နိုင်ငံတကာ ကဗျာသုံးပုဒ်၊ တဂိုး၏ ကဗျာများ၊ နိုင်ငံတကာကဗျာလက်ရွေးစင်စသည့် ကဗျာစာအုပ်များ။

ရသစာတမ်းများ၊ နိုင်ငံတကာရသစာတမ်းများ၊ အညာတရုတ်ပုံပြင်များ၊ ကြေးနီရောင်အချစ်နှင့် ဝတ္ထုတိုများ၊ လေညင်း၊ လရောင်နှင့် စာခန်းဆီးစသည့် ဝတ္ထုတိုလက်ရွေးစင်များ စသည်တို့ကို ထုတ်ဝေခဲ့သည်။ ယခုအချိန်အထိ စာအုပ်ပေါင်း တစ်ရာငါးဆယ်ခန့် ထုတ်ဝေခဲ့ပြီးဖြစ်သည်။

၁၉၇၃ ခုနှစ်တွင် စစ်နှင့် ငြိမ်းချမ်းရေးဝတ္ထု၊ ၁၉၇၈ ခုနှစ်တွင် လေရူးသုန်သုန်ဝတ္ထု၊ ၁၉၈၉ ခုနှစ်တွင် ခန်းဆောင်နီအိပ်မက်ဝတ္ထု၊ ၁၉၉၂ ခုနှစ်တွင် သုခမြို့တော်ဝတ္ထု၊ ၁၉၉၅ ခုနှစ်တွင် အချစ်နိုးကောင်းကင်ဝတ္ထုတို့ဖြင့် အမျိုးသားစာပေ (ဘာသာပြန်) ဆုများကို ရရှိခဲ့သည်။

မြသန်းတင့် ကလောင်အမည်အပြင် မြသန်း၊ ဖောင်သစ်တည်၊ ဇော်ယွမ်း၊ ထက်ခေါင်၊ မေမေလှိုင်၊ မင်းနန္ဒာ၊ ရဲအောင်ဇေ၊ အုတ်လှငယ်၊ ဇော်တိက စသည်တို့ကိုလည်း အသုံးပြုခဲ့သည်။

၁၉၉၈ ခု ဖေဖော်ဝါရီလ (၁၈) ရက်တွင် ဘဝတပါးသို့ ပြောင်းသွားခဲ့ပါသည်။

www.burmeseclassic.com

# စီစဉ်သူတို့၏အမှာ

ဆရာမြသန်းတင့်၏ မြသန်းတင့်အမည်နှင့် ရေးသားသော ပင်ကိုယ်ရေးရသစာတမ်းများ၊ ထက်အောင် အမည်ဖြင့် ရေးသားသော ဘာသာပြန်ရသစာတမ်းများကို စုစည်း၍ ကျွန်တော်တို့ လင်းဦးတာရာစာပေမှ လင်းဦး တာရာစာအုပ် အမှတ် (၉) သမိုင်းစကား၊ ပန်းစကား အမည်ဖြင့် ထုတ်ဝေခဲ့ပါသည်။ ထိုစာအုပ်တွင် မြသန်းတင့်၊ ထက်အောင် ဟူသောကလောင်အမည်နှစ်မျိုးစလုံးကို ရိုက်နှိပ်ဖော်ပြခဲ့ပါသည်။ ယခု လင်းဦးတာရာစာအုပ် အမှတ်စဉ် (၁၄) အဖြစ် ထုတ်ဝေလိုက်သော သမိုင်းစကား၊ ပန်းစကား – ၂ (ကမ္ဘာ့မြေကြီးသည် နတ်ဥယျာဉ်မဟုတ်) စာအုပ်တွင် မြသန်းတင့်အမည်ဖြင့် ရေးသားသော ပင်ကိုယ် ရေးရသစာတမ်းများ မပါဝင်ပါ။ သို့ရာတွင် သမိုင်းစကား၊ ပန်းစကား – ၁ ၏ဆက်တွဲစာအုပ်ဖြစ်သည့်အတွက် မြသန်း တင့်၊ ထက်အောင်ဟူ၍ ကလောင်နာမည် နှစ်မျိုးစလုံးကို ပင် ဆက်လက်အသုံးပြုကာ စာဖတ်သူ မျက်မှောက်သို့ အရောက်ပို့ဆောင်ပေးလိုက်ရပါသည်။

စီစဉ်သူများ

လင်းဦးတာရာစာပေ

www.burmeseclassic.com

# ပါရီက မဟာ ကဖီးဆိုင်များ

ကျွန်တော်တို့သည် လက်ထပ်ပြီးကာစ ပါရီတွင် ရောက်နေစဉ် နွေဦးပေါက် တစ်ညနေ၌ ကျွန်တော်တို့သည် စိန့်ဆူလ်ပီဆေး လမ်းမကြီးတစ်လျှောက်ကို တအံ့တသြဖြင့် ငေးကြည့်ရင်း လျှောက်လည်ကြပါသည်။ ကျောက်သားဖြင့် ထုထားသည့် ဂိုဏ်းအုပ် ဘုန်းတော်ကြီးလေးပါး စောင့်ကြပ် ခြံရံနေသည့် အဆန်းတကြယ် ထုလုပ်ထားသော ရေပန်းကြီးနားက ဖြတ်လျှောက် လာခဲ့ပါသည်။ ကဖီး ဒီလာမေရီတွင် ထိုင်ပြီး ရှာဒွန်းဝိုင်တစ်လုံးကို မှာပါသည်။ ယခု နှစ်ပေါင်းလေးဆယ်အကြာတွင် ပါရီသို့ပြန်လာရသဖြင့် ကျွန်တော်တို့ ငယ်ငယ်ကထိုင်ခဲ့သည့် ကဖီးဆိုင်ကလေးများကို ကြည့်ရန် အချိန်ကောင်းပင် ဖြစ်ပါသည်။ (ပါရီသို့ လာရလျှင် အကောင်းသည့် အချိန်ဟူ၍လည်း ရှိပါသေးသလော။)

အမှန်ကတော့ ကဖီးဆိုင်ထဲတွင် ထိုင်ရသဖြင့်ကိုယ့်အတိတ်ကိုပြန်၍တွေးတော နိုင်ပါသည်။ ထို့မှ့မက ပါရီမြို့ကြီး၏ အတိတ်ကိုလည်း ပြန်၍ တွေးတော နိုင်ပါသေးသည်။ (ပြင်သစ်တော်လှန်ရေး ခေါင်းဆောင်) ရိုစ့်ပီယာနှင့် လီနင်တို့နှစ်ဦးစလုံးသည် ပါရီ ကဖီးဆိုင်များထဲတွင် ထိုင်ပြီး ဝတ္ထုတွေရေးခဲ့ကြခြင်း ဖြစ်ပါသည်။သမိုင်းဆရာ ရောဂျားရှက်တပ်၏ အဆိုအရ အင်ပရက်ရှင်းနစ် ပန်းချီဝါဒသည် 'ကဖီး ဆိုင်များထဲတွင် စတင်ပေါ်ပေါက်ခဲ့သော ပထမဆုံးသော အနုပညာလှုပ်ရှားမှု တစ်ရပ်' ဖြစ်ပါသည်။ ပါရီ ကဖီးများသည် အစား နှင့်အသောက်ကိုသာ ရောင်းချသည့် နေရာများ မဟုတ်ပါ။ မိတ်ဆွေ များနှင့် တွေ့သည့် နေရာနှင့် စကားစမြည် ပြောသည့် နေရာလည်း ဖြစ်ပါသည်။ အလုပ် လုပ်သည့် နေရာနှင့် အရောင်းအဝယ်ဖြစ်သည့် နေရာလည်း ဖြစ်ပါသည်။ သတင်းစာ ဖတ်သည့် နေရာနှင့် အနီးတွင် ဖြတ်သွားနေသော ဘဝကြီး တစ်ခုလုံးကို စောင့်ကြည့်လေ့လာသည့် နေရာလည်း ဖြစ်ပါသည်။

ဤခမ်းနား ကြီးကျယ်သော ကဖီးဆိုင် စနစ် အဆောက် အအုံသည် အာရပ်တို့ အကြိုက်ဖြစ်သော ကော်ဖီသောက်သုံးမှု ဥရောပတွင် ပျံ့နှံ့စ ပြုလာသော ၁၇ ရာစုနှစ်ထဲတွင် စတင် ပေါ်ပေါက်လာ ခဲ့ခြင်းဖြစ်သည်။ ပါရီတွင် ရှေးအကျဆုံး သက်တမ်း အရှည်ဆုံးသော ကဖီးမှာ ရူဒီလာဆိန်း ကော်မယ်ဒီ လမ်းပေါ်တွင် ၁၆၈၆ ခုနှစ် ကတည်းက ဖွင့်လှစ်သော ပရိုကိုပီ ကဖီး ဖြစ်ပါသည်။ ဘင်ဂျမင် ဖရင်ကလင်နှင့် ဗော်လ်တဲယားတို့ လာ၍ ထိုင်သည့်အခါ တွင်မူ ပရိုကိုပီ ကဖီးသည် သက်တမ်းတစ်ရာလောက် ရှိနေလေပြီ။ သူတို့ နောက်တွင် တော်လှန်ရေးသမားများ လာကြသည်။ သူတို့

www.burmeseclassic.com



အထဲတွင် ရို့စ်ပီယာ၊ဒန်တန်၊ မာရတ်နှင့် နပိုလီယန်တို့ပင် ပါဝင်ကြသည်။

၁၉၈၈ ခုနှစ်တွင် ပရိုကိုပီ ကဖီးကို တခမ်းတနား ပြန်၍ ပြင်ဆင် ခဲ့ပါသည်။ ပွန်ပီယန် အနီရောင် နံရံများ၊ ၁၈ရာစုနှစ် ဘဲဥပုံ ပုံတူ ပန်းချီကားများ၊သလင်းကျောက် မီးပဒေသာ ဖန်ဆိုင်းများ မွမ်းမံ ထားပြီး စားပွဲထိုးများ အတွက်ကိုလည်း တော်လှန်ရေး ခေတ်တုန်းက ယူနီဖောင်းများကို ဝတ်ဆင်စေသည်။ ခေါင်းလောင်းသံလို မြည်သော စန္ဒရား တစ်လုံးကိုလည်း ထားပေးသည်။ ယင်းတို့ အားလုံးသည် နပိုလီယန်ကပင်လျှင် ရှေးကျသည်ဟု ပြောရလောက်သည့်အရာများ ဖြစ်သည့်တိုင် အစားအသောက်မှာမူ တော်တော်ကောင်းပါသည်။ ကမာကြော်မှာ နတ်သုဒ္ဓါတစ်မျှပင် ဖြစ်ပါသည်။

ပန်းချီကျော် မိုးနေးနှင့် ရေနွားတို့ မကြာခဏ တွေ့ဆုံလေ့ရှိကြသည့် မွန်မာရပ်ကွက်မှ ကဖီးဆိုင်များမှာလည်း ပစ္စည်းအရောင်းဆိုင်များ၊ စတိုးဆိုင်များ၊ မော်တော်ကား ပြခန်းများ ဖြစ်ကုန်ကြပါပြီ။ သို့ရာတွင် ဆိန်းမြစ် လက်ဝဲဘက်ကမ်းရှိ ပန်းချီဆရာတို့၏ အိုအေစစ်များမှာမူ ယခုတိုင် ရှိနေကြပါသေးသည်။ မွန်ပါနာဆေ ရပ်ကွက်သည် ၁၉၂၀ပြည့်နှစ် တစ်ဝိုက်လောက်တွင် နာမည်အကြီးဆုံး ဖြစ်ပါသည်။ ထိုစဉ်က ဟဲမင်းဝေးသည် ကလိုဆိရေး လိုင်းလက် ကဖီးတွင် ထိုင်၍ ဝတ္ထုတွေကို ရေးလေ့ရှိပါသည်။ ထိုကဖီးဆိုင်ကလေးမှာ ၁၇ ရာစုနှစ် တုန်းက လိုင်းလက် နှင်းပန်းချုံတို့ ဝန်းယှက် မိုးနေသော ကဖီးဆိုင်ကလေး ဖြစ်ပါသည်။ လူငယ် ပရိသတ်ကို ဆွဲဆောင်ရန်အတွက် ဆိုင်အုပ်ချုပ်သူတို့က အရက်ကောင်တာကို ပြင်ဆင်ကာ စားပွဲထိုးသူ

www.burmeseclassic.com



များအား နှုတ်ခမ်းမွှေး မထားရဟု သတ်မှတ်လိုက်သည့်အခါတွင် ဟဲမင်းဝေးသည် စိတ်ပျက် လက်ပျက်ဖြင့် ညည်းခဲ့ဖူးပါသည်။ ကလိုဆီရေး ကဖီးမှာလည်း နောက်တစ်ကြိမ် ပိတ်လုပိတ်ခင် အခြေအနေသို့ ရောက်နေပြန်လေပြီ။ ထိုကဖီးဆိုင်က နှစ်လိုဖွယ် အနီရောင်အုပ်ဆောင်းများလိုပင် ဟဲမင်းဝေးသည်လည်း ထိုကဖီးဆိုင်၏ အပြင် အဆင် ဖြစ်နေသည်။ သူထိုင်ခဲ့သည့် အရက်ကောင်တာနေရာတွင် ကြေးပြားတစ်ပြား အုပ်၍ အထိမ်းအမှတ် လုပ်ထားပြီး ကဖီးဆိုင်မှ စားသောက်ဖွယ် စာရင်းကတ်ပြားပေါ်တွင် သူ့ခေါင်းပုံတစ်ခု ရိုက် ထားသည်။ ထိုကတ်ပြားမှ ဟင်းလျာစာရင်းတွင် ဟဲမင်းဝေး စားလေ့ရှိ သည့် ဟင်းလျာတစ်မျိုးပါ၍ ထိုဟင်းလျာအမည်ကို ဟဲမင်းဝေး မတ်စတပ်ဟု အမည်ပေးထားသည်။

ဒုတိယကမ္ဘာစစ်အပြီးတွင် မွန်ပါနာဆေ ရပ်ကွက်သည် ပျောက်ကွယ် တိမ်ကောသလောက် ဖြစ်သွားသည်။သို့ရာတွင် ၁၉၇၀ ပြည့်လွန် နှစ်များနှင့် ၁၉၈၀ပြည့်လွန် နှစ်များ၌ ပျော်ပွဲစားရုံ ဖွင့်သည့် လုပ်ငန်း ခေတ်စားလာပြန်သည့်အတွက် အတော်အတန်ပြန်၍ ခေတ်စားလာပါ သေးသည်။ စာရေးဆရာ၊ ကဗျာဆရာများဖြစ်ကြသော ဟင်နရီမီးလား၊ လော့ရင့်စ်ဒါရဲ၊ ဆင်မျူယယ် ဘက်ကတ်တို့ အိုးအိမ်သဖွယ် စားသောက်နေထိုင်ခဲ့ကြသော စပါးကျီကြီးနှင့်တူသည့် ကာပိုလီ ကဖီး၏ကံကြမ္မာကို ဖောက်သည်ဟောင်းကြီးတို့က ယခုတိုင် ဝမ်းနည်းတသမဆုံးဖြစ်နေ ကြပါသေးသည်။ ထို ကဖီးဆိုင်ကို ပျော်ပွဲစားရုံများ ဖွင့်သည့် ကုမ္ပဏီကြီး တစ်ခုက ဝယ်ယူလိုက်ကာ ဖြိုပစ်လိုက်ပြီးနောက် ၁၉၈၈ ခုနှစ်တွင် ခေတ်မီ ပျော်ပွဲစားရုံကြီး တစ်ရုံ ဆောက်လိုက်ပါသည်။ ပို၍ စိတ်မချမ်းသာစရာ ကောင်းသည်

www.burmeseclassic.com



မှာ တစ်ခါက အတွေ့အကြုံမရှိသည့် စာရေးဆရာတစ်ဦး ဟင်နရီ တူးလူး အကြောင်းကို ဇာတ်လမ်း ရေးခဲ့ရာ၊ အာလူးကြော် တစ်ပွဲကို တစ်ဒေါ်လာလောက်နှင့် ရောင်းခဲ့ရာ၊ အခင်းအကျင်း အဆောင် အယောင်တို့ ကင်းဝေးရာ၊ ထို ကဖီးဆိုင်ကို ၁၉၈၈ ခုနှစ်တွင်အသွင် ပြောင်းလိုက်ခြင်း ဖြစ်ပါသည်။ ကဖီးဆိုင် တစ်ပိုင်းကို အလွန်ကောင်း သည့်ငါးဟင်းလျာ ပျော်ပွဲစားရုံ တစ်ခုသို့ပြောင်းပစ် လိုက်ပါသည်။ (ခရီးသွား ဂျာနယ် မစ်ချလင်က ထိုပျော်ပွဲစားရုံကို ကြယ်တစ်ပွင့် ပေးပါသည်။) တားဘော့ငါးကင်မှာ အလွန်ကောင်းပါသည်။ မာကွန် က ပို၍ကောင်းပါသည်။ သို့ရာတွင် ရှေးတုန်းကလို ဝက်အူချောင်း တော့ မရတော့ပါ။ ဝက်အူချောင်းနှင့် ရှေးတုန်းက ဈေးနှုန်းမှာ ပုံပြင် သဖွယ်မျှသာဖြစ်နေပါပြီ။ လူနှစ်ယောက် ညစာစားလျှင် ဒေါ်လာ တစ်ရာကျပါသည်။

'အကယ်၍ သင်သည် လူငယ်တစ်ယောက်အဖြစ် ပါရီမြို့ ကြီးတွင် နေထိုင်နိုင်အောင် ကံကောင်းသူ ဖြစ်ခဲ့လျှင် သင့်ဘဝတစ် လျှောက်လုံးတွင် ဘယ်နေရာသို့ သွားသွား ပါရီသည် သင်နှင့်အတူ ရှိနေပေလိမ့်မည်။ အကြောင်းမူ ပါရီသည် ရွှေ့ပြောင်းနိုင်သော စား သောက်ပွဲကြီး ဖြစ်သောကြောင့် ဖြစ်ပါသည်' ဟု တစ်ခါတွင် ဟဲမင်းဝေးက ရေးခဲ့ဖူးသည်။

ကျွန်တော့်အဖို့ကား ရွှေ့ပြောင်းနိုင်သော စားသောက်ပွဲကြီး သည် ပါရီမြို့၏ အဟောင်းဆုံး၊ သက်တမ်းအရှည်ဆုံး ဘုရားရှိခိုး ကျောင်းကြီး အပြင်ဘက် လမ်းလေးခွဆုံတွင် ရှိပါသည်။ ထိုဘုရားရှိခိုး ကျောင်းမှာ ခြောက်ရာစုနှစ်ကတည်ဆောက်ခဲ့သော စိန့်ဂျာမိန်း ဘုရား ရှိခိုးကျောင်းကြီးဖြစ်ပါသည်။ ဒုတိယပြင်သစ်

www.burmeseclassic.com

## ၆ ✱ ထက်အောင်

လက်နက် နိုင်ငံတော်ကြီး လက်ထက်က နယ်စားကြီးဟော့စ်မန်းသည် ဤနေရာတွင် ရိပ်သာ လမ်းမကြီး တစ်ခုကိုဖြတ်ဖောက် ခဲ့ပါသည်။ ထိုနေရာတွင် ကျွန်တော် မှတ်မိသရွေ့ ပါရီတွင် အကောင်းဆုံး (ထို့ကြောင့် ကမ္ဘာတွင် အကောင်းဆုံးသော) ကဖီးဆိုင် သုံးဆိုင် ပေါ်ပေါက်လာခဲ့ပါသည်။ ပထမ ကဖီးဆိုင်မှာ ဖလိုရေ ကဖီးဆိုင် (၁၉၆၅ ခုနှစ်) ဖြစ်ပြီး ဖြစ်တည်မှု ပဓာနဝါဒ၏ဌာနချုပ်အဖြစ် ကျော်စောခဲ့ပါသည်။ 'အဲဒီ ကဖီးဆိုင်ကလေးဟာ ကျွန်တော်တို့အဖို့ အိမ်နှင့်အတူတူပဲ' ဟု ယန်းပေါ်ဆာ့တ်က တစ်ခါက ပြောဖူးသည်။ ဆီမွန်ဒီဗူးသည် 'ဒုတိယလိင်' ဆိုသည့်စာအုပ် တချို့တစ်ဝက်ကို ဤကဖီးဆိုင်ကလေး မှာပင် ရေးသွားခဲ့သည်။ ကောင်းမွန်သည့် အကြောင်း တစ်ကြောင်းမှာ ဖလိုရီ ကဖီးဆိုင်တွင် အေးအေးလူလူ အလုပ်လုပ်နိုင်သော အထပ်ခိုး ကလေး တစ်ထပ်ရှိသောကြောင့် ဖြစ်သည်။ နောက်တစ်ကြောင်းမှာ ဖလိုရီ ကဖီးဆိုင်သည် အမြဲလိုလို နွေးထွေးနေသောကြောင့် ဖြစ်သည်။

၁၈၇၀ပြည့်နှစ်တွင် ဂျာမနီက ဒုတိယ ပြင်သစ်နိုင်ငံတော်ကြီး ကို ဝင်ရောက်တိုက်ခိုက်သည့်အခါတွင် စစ်ပြေးဒုက္ခသည် အများ အပြားသည် အယ်ဇေ့နယ်မှ ပါရီသို့ထွက်လာခဲ့ကြသည်။ ထိုအထဲ တွင် လဲနတ်လစ်ပ်ဆိုသူ တစ်ဦးပါလာသည်။ သူသည် ဖလိုရီ ကဖီးနှင့် မျက်နှာချင်းဆိုင် ရိပ်သာလမ်းမကြီးတစ်ဖက်တွင် ကဖီးဆိုင်ကလေး တစ်ဆိုင်ဖွင့်သည်။ သူ့ဆိုင်က ကြွေပြားကပ် နံရံပေါ် တွင် အပူပိုင်းဇုံ မှ အစိမ်းရောင်၊ အပြာရောင်တို့ ပြိုးပြက် နေသည့်ငှက်ကလေးများကို တန်ဆာဆင်ထားသည်။ သူ့ဆိုင်သည် ဂျာမနီဝက်အူချောင်းစစ်စစ်ကြိုက်သူများကမူနာမည်ကြီးသလောက်

www.burmeseclassic.com



မကောင်းဟုဆိုကြသည်။ မည်သို့ဖြစ်စေ ဂျာမနီဝက်အူချောင်း အစစ်ကို မစားဖူးသည့် နိုင်ငံခြားသား တစ်ယောက်၏ ထင်မြင်ချက် အရဆိုလျှင် နာမည်ကြီးထိုက်ပါပေ သည်ဟုဆိုသည်။ ပို၍ကောင်း သည်မှာ အယ်ဇေးရှင်းဖြစ်သည်။ သို့ရာတွင် အကောင်းဆုံးမှာကား တစ်ခွက်ထက်တစ်ခွက် ကြီးလာသော ခွက်ကြီးများဖြင့် လာချ သည့်ဘီယာ ဖြစ်သည်။ ပထမတွင် လစ်တာဝက် ဝင်သောခွက်ဖြင့် ချသည်။ ထို့နောက် သုံးစိတ် လစ်တာဝင်သည့် ခွက်ဖြင့်ပေးသည်။ နောက်ဆုံးတွင် တစ်လစ်တာ ဝင်သည့် မတ်ခွက်ကြီးဖြင့် လာချသည်။

ထိုကဖီးဆိုင်၏ အခြားသော စပယ်ရှယ်ပစ္စည်းမှာ နိုင်ငံရေး ဖြစ်သည်။ ပြင်သစ်နိုင်ငံလွှတ်တော် အဆောက်အအုံကြီးမှာ ကဖီးဆိုင် နှင့် 'ပြ' အနည်းငယ်အကွာ လမ်းမကြီးထိပ်တွင်ရှိသည်။ လွှတ်တော် အမတ်များသည် ဝမ်းဗိုက် ဖြည့်ခြင်းအမှု၊ ဆွေးနွေးခြင်း အမှုနှင့် ခြေပုန်းခုတ်ခြင်း အမှုတို့ကိုပြုလုပ်ရန် ဤကဖီးဆိုင်သို့ ထုံးစံ လိုလိုပင် အမြဲလာတတ်ကြသည်။ လွန်ခဲ့သည့် နှစ်များအတွင်း က ထိုကဖီးဆိုင်သို့ အမြဲလာတတ်သူ တစ်ယောက်မှာ ယခု ပြင်သစ် နိုင်ငံ သမ္မတကြီး ဖြစ်နေသည့် ဖရန် ဆွာမီတရောင်း ဖြစ်သည်။ မိမိဖောက်သည်ထဲတွင် သမ္မတကြီး တစ်ဦးပါသည်ဟု ကြွားဝါ ပြောနိုင် သော ကဖီးဆိုင်တစ်ဆိုင်သည် မည်မျှကောင်းသည်ကို ထောက်ခံချက် ပေးစရာ မလိုတော့ပါ။

မဟာ ကဖီးဆိုင်ကြီး သုံးဆိုင်ထဲတွင် မဟာ့မဟာ အကျဆုံး ဖြစ်သည့် ဒျူးမာ့ဂေါ့ ကဖီး(၁၈၇၅ ခုနှစ်) မှာ ထိုသုံးဆိုင်ထဲတွင် အသစ်ဆုံး နောက်အကျဆုံးဖြစ်သည်။ ထိုကဖီးဆိုင်မှာ အခံ့ညားဆုံး၊

နွေးထွေးမှု အရှိဆုံးလည်း ဖြစ်ပါသည်။ လဲနတ်လစ်ပ်၏ ကဖီးဆိုင်က သင် ဘယ်လိုလူလဲဟု ကြည့်ပြီး ဖလိုရီကဖီးဆိုင်က သင်ဘယ်လောက် သုံးနိုင်သလဲဟု စဉ်းစားနေစဉ် ဒျူးမာ့ဂေါ့ ကဖီးဆိုင်ကသင်ဘယ်လို အစားအသောက်မျိုးကို ကြိုက်သလဲဟုသာ စဉ်းစားပါသည်။

ဒျူးမာ့ဂေါ့ ကဖီးသည် ဘုရားရှိခိုးကျောင်းကြီးနှင့် မျက်နှာချင်းဆိုင်တွင်ရှိသည်။ ထူးဆန်းသည့် ထိုအမည်မှာ ကဖီးဆိုင်အလယ်တွင် ရှိသည့် တရုတ် ကျောက်ရုပ်ကြီးနှစ်ရုပ်ကို အစွဲပြု၍ ခေါ်ထားခြင်း ဖြစ်ပါသည်။ ယနေ့အချိန်တွင် ဈေးနှုန်းများမှာ ကြောက်စရာကောင်း လှပါသည်။ ကိုကာကိုလာ တစ်လုံး အမေရိကန် ဒေါ်လာ ငါး ဒေါ်လာ၊ ဘလတ်ဒီ မေရီ တစ်ပုလင်း ဆယ်ဒေါ်လာ ဖြစ်ပါသည်။ သို့ရာတွင် နွေဦးပေါက် တစ်ညနေတွင် ဒျူးမာ့ဂေါ့ ကဖီးဆိုင် ၏ အရှေ့ဘက် စင်္ကြံ တွင် ထိုင်ပြီး ပွင့်သစ်တွေဝေနေသော ပန်းသီးပင်များ၊ ဂမုန်း ပန်းခင်းများ၊ လိုင်းလတ် နှင်းပန်းခင်းများကို ကျော်၍ အလယ်ခေတ် ဘုရားရှိခိုးကျောင်းကြီး၏ ပြသာဒ်များကို ငေးကြည့်လိုက်ရလျှင် ထိုသို့သော ရှုခင်းသည် ဘယ်လောက်ပေးရ ပေးရ တန်သည်ဟု ထင်မိမည်သာ ဖြစ်ပါသည်။

ယခုလောက် ဈေးနှုန်း မကြီးသေးသည့် ၁၉၄၀ပြည့်လွန်နှစ်များ တစ်ဝိုက်ကပင်လျှင် လစ်ပ်နှင့် ဖလိုရေးစသည့် ကဖီးများသို့ အခါကြီး ရက်ကြီးများမှသာ သွားနိုင်ခဲ့ကြသည်။ အပျင်းပြေသွားထိုင် ရုံလောက်ကမူ ရှိုင်ယယ်၊ ဘိုနာပတ်၊ မာဘီလွန် စသည့် ဈေးပေါသည့် ကဖီးဆိုင်များရှိသည်။ စိန့်ဂျာမိန်း ရပ်ကွက်မှ ကဖီးဆိုင်များတွင် လူချမ်းသာတွေ အောင်မြင် ကြီးပွားသူတွေ

www.burmeseclassic.com



ပြည့်နှက် နေသည့်တိုင် အနုပညာသည်တို့၏ ဗဟိုဌာနချုပ်မှာမူ ဆိမ်းမြစ် လက်ယာဘက်ကမ်းသို့ ပြန်ပြောင်းသွားပြီဟုယူဆရသည်။

အသက်အရွယ် ရလာပြီး ရှေးခေတ်ကို ပြန်လွမ်းတတ်သူတို့သည် ပါရီကိုပြန်ရောက်၍ ရှေးကနှင့်မတူတော့ဘဲ ကဖီးများအသွင်ပြောင်းနေသည်ကို တွေ့ရသည်ဆိုလျှင် ဘာမျှအံ့သြဖွယ် မရှိပါ။ ထိုသို့အသွင် ပြောင်းသွားရန် အကြောင်းတွေ အများကြီးတွေ့ရမည်ဖြစ်သည်။ ယင်းတို့အနက် အကြောင်း တစ်ကြောင်းမှာ အခြားမဟုတ်ပါ၊ ရှေးတုန်းက ပါရီ ကဖီးများ ခေတ်ကောင်းခဲ့ခြင်းမှာ လူနေ သည့် တည်းခိုခန်း များ၊ ဘော်ဒါများက အေးစက်ပြီး မှောင်သော ကြောင့်ဖြစ်ပါသည်။ နောက်တစ်ကြောင်းမှာ ကျောင်းတော်ကြီးများမှာ ဝင်ကြေးတွေ များလွန်းလှသဖြင့် ကဖီးဆိုင်များတွင် ပညာသင်ရသည်ကို သဘောကျကြသောကြောင့် ဖြစ်ပါသည်။ သို့တိုင် ကျွန်တော်၏ ပါရီနှစ် အနှစ်လေးဆယ်မြောက် ကဖီးဆိုင်သသရာကို ကဖီး ဒီလာ မေရီတွင် ကျင်းပပါသည်။ ယခင်က ရှိခဲ့သော ရွှေငါးကန် ကလေးနှင့် စစ်တုရင်ခုံကလေးတို့ မရှိတော့သည့်တိုင် ကျွန်တော်တို့ တည်းခိုသည့် ဟိုတယ်နှင့်နီးသည့် ကဖီးဖြစ်ပါသည်။ စာပေ အစဉ် အလာလည်း အနည်းအကျဉ်းရှိသည့်နေရာ ဖြစ်ပါသည်။။ ထိုကဖီး ဆိုင်ကလေးတွင် စာရေးဆရာ ဆောဘဲလိုး လာနေကျဖြစ်ပါသည်။ ဝီလီယံဖော့ကနာလည်း လာ၍ သောက်နေကျ ဖြစ်ပါသည်။ ပန်းချီဆရာ ဂျနာဘန်းသည်လည်း လာ၍ ဤနေရာတွင် ပန်းချီကားတွေ အများကြီး ဆွဲသွား ဖူးပါသည်။ တစ်ခါတွင် ပန်းချီဆရာဘန်းကို ဘယ်လိုထင်သနည်းဟု ပိုင်ရှင်အမျိုးသမီးအား မေးသည့်အခါတွင် သူ့အမည်ကို တစ်ခါမျှ မကြားဖူးဘူးဟု ဖြေခဲ့

www.burmeseclassic.com



ပါသည်။ သို့ရာတွင် အေးမြနေသည့် ပိုမာရီ အရက်ချိုကား တော်တော်ကောင်းပါသည်။

ဟဲမင်းဝေးက ပါရီသည် ပြောင်းရွှေ့၍ရသော စားသောက်ပွဲကြီးဟုပြောခဲ့ပါသည်။ ထိုစကားသည် တော်တော်မှန်သော သစ္စာစကားဖြစ်ပါသည်။ ပါရီသည် အများကြီးပြောင်းနေပါပြီ။ သို့ရာတွင် ပြောင်းရွှေ့၍ရသော စားသောက်ပွဲကြီးကိုကား ယခုတိုင်ကျင်ပနိုင်ပါသေးသည်။

ရည်ညွှန်း။ Time, May 21, 1990 မှ Otto Friedrich ၏
The Great Cafe's of Paris ကို ပြန်ဆိုသည်။

www.burmeseclassic.com

# ပညာရေး စနစ်ကို အမဲ ဖျက်ခြင်း

လွန်ခဲ့သည့်နှစ်က နိုင်ငံပေါင်း ခြောက်နိုင်ငံတွင် ၁၃နှစ်ရွယ် ကျောင်းသားကလေးများအား စံနှုန်းမီ သင်္ချာစစ်ဆေးမှုများကို ပြုလုပ် ခဲ့သည်။ ထိုအထဲတွင် တောင်ကိုရီးယားကျောင်းသား ကလေးများမှာ အတော်ဆုံး ဖြစ်သည်။ ထို့နောက်တွင် စပိန်၊ ဗြိတိန်၊ အိုင်ယာလန် နှင့်ကနေဒါ ကျောင်းသားကလေးများက ဒုတိယ တတိယစသဖြင့် အစဉ်အလိုက်ရကြသည်။ အမေရိကန် ကျောင်းသား များမှာ ဘိတ်ဆုံးမှ ဖြစ်သည်။ သတင်းဆိုး တစ်ခု ဖြစ်ပေ၏။ ထိုကျောင်းသားကလေးများအား သင်္ချာမေးခွန်းများအပြင် နောက်ထပ်မေးခွန်း တစ်ခုကိုလည်း အဖြေခိုင်းသေးသည်။ ယင်းမေးခွန်းမှာ 'ကျွန်တော်သည် သင်္ချာတွင် တော်ပါသည်' ဆိုသည့် စာကြောင်းကို ဘေးတွင် ယက်စ် သို့မဟုတ် နိုး အဖြေခိုင်းခြင်း ဖြစ်၏။ထိုမေးခွန်းတွင်မူ ကိုရီးယား ကျောင်းသားကလေးများသည်

ဘိတ်ဆုံးမှုလိုက်၏။ ၂၃% သာလျှင် ယက်စ်ဖြေကြပြီး ကျန် ၇၇% မှာ နိုး ဟု ဖြေကြသည်။ ထိုမေးခွန်းကို ဖြေရာတွင်မူ အမေရိကန် ကျောင်းသားကလေးများက နံပါတ်တစ်စွဲလေသည်။ ၆၈% က သင်္ချာတော်သည်ဟု ဖြေကြပြီး မတော်ဟု ဖြေသူမှာ ၃၂% မျှသာ ရှိသည်။

အမေရိကန် ကျောင်းသားများသည် သင်္ချာတွင် ညံ့ကောင်း ညံ့မည်။ သို့ရာတွင် ယခုခေတ်စားနေသော ကိုယ့်ကိုယ်ကိုယ်အထင်ကြီးသည့် သင်ရိုးညွှန်းတမ်းမှ သင်ခန်းစာ များကိုကား အလွန်ကြေညက်သူများ ဖြစ်ကြပါပေ၏။ ယခုတလော အမေရိကန် ကျောင်းများတွင် ခေတ်စားနေသည့် အယူအဆတစ်ရပ်မှာ ကလေးငယ်များအား ကိုယ့်ကိုယ်ကိုယ် အထင်ကြီးမှု ရှိစေရန် သင်ကြားပေးရမည်ဆိုသည့် အယူအဆဖြစ်သည်။ ကျောင်းသားများအား ကိုယ့်ကိုယ်ကိုယ် အထင်ကြီးမှုရှိစေရန် သင်ကြားခြင်းသည် အောင်မြင်မှုအတွက် သော့ချက်ဖြစ်သည်ဟု ယူဆနေကြသူများက ပညာရေး ဝန်ထမ်းများသာ မဟုတ်ပါ။ မေရီလင်းပြည်နယ်က ဘုရင်ခံလည်း ပါပါသည်။ သူက အလုပ်အဖွဲ့ တစ်ခုကို ဖွဲ့စည်းကာ အဖွဲ့ဝင်များသည် ကိုယ့်ကိုယ်ကိုယ် အထင်ကြီးမှု ရှိသောသူများ ဖြစ်ရမည်ဟု မကြာခင်က ကြေညာခဲ့ပါသည်။ ထိုအယူအဆအရ ဖွဲ့စည်းလိုက်သည့် အဖွဲ့ဝင် ၂၃ဦးပါဝင်သည့် ကော်မတီတစ်ရပ်က အစီရင်ခံစာ တစ်စောင်ကို တင်သွင်းခဲ့သည်။ ထိုအစီရင်ခံစာတွင် 'မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ဆယ်ကျော်သက်ကိုယ်ဝန်ရှိခြင်း၊ စာမေးပွဲကျ၍ ကျောင်းထွက်ခြင်း နှင့် အခြားသော လူမှုရေး ဒုက္ခတို့ကို လျော့ပါးစေလိုလျှင် လူထုအား ကိုယ့်ကိုယ်ကိုယ်အထင် ကြီးစိတ်ဝင်လာအောင် လုပ်ပေးသင့်သည်'

www.burmeseclassic.com



ဟု ဖော်ပြထားကြောင်းဖြင့် ဘာလ်တီမိုးဆန်း သတင်းစာက သတင်း ပေးသည်။

နိုင်ငံတကာ သင်္ချာ စမ်းသပ်မှု အရဆိုလျှင် အမေရိကန် အလုပ်အဖွဲ့များသည် အပို ဖြစ်နေပါသည်။ အကြောင်းမူ အမေရိကန် ကလေးများသည် ညံ့သည့်နေရာတွင် တော်နေကြသောကြောင့် ဖြစ်ပါသည်။ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးပြီးသားဖြစ်နေကြသော ကြောင့် ဖြစ်ပါသည်။

သို့ရာတွင် အမေရိကန် ပညာရေး ဝန်ထမ်းအချို့တို့သည် ညံ့သည်ကိုညံ့သည်ဟု သိလာကြသည့်အတွက် တော်သေးသည်ဟုဆို ရမည်ဖြစ်ပါသည်။ ညံ့သည်ဟူသော ပထဆုံးအသံထွက်လာသည်မှာ ၁၉၈၃ ခုနှစ်က ဖြစ်ပါသည်။ ထိုနှစ်တွင် ကျောင်းများ စုံစမ်းရေး လေ့လာမှုအဖွဲ့တစ်ဖွဲ့က အမေရိကန်ကျောင်းများ၏ အခြေအနေ သည် ဆုတ်ယုတ်လာကာ အကျပ်အတည်း ဆိုက်နေကြောင်းဖြင့် ဖော်ပြခဲ့သည်။ သမ္မတဘုရှ်၏ 'ပညာရေး ထိပ်သီး' ဆွေးနွေးပွဲ ကလည်း ကျောင်းများတွင် သင်္ချာနှင့်သိပ္ပံပညာ၏ အဆင့်အတန်းကို မြင့်တင် မည်ဟု ကတိပေးခဲ့သည်။ ထိုကတိသည် ဝေဝါး၍ ဘာမျှရေရေရာရာ မရှိသည့်တိုင် ပညာရေးပြုပြင်ပြောင်းလဲ မှုကို လုပ်လိုလျှင် အရေးကြီး ဆုံးအချက်မှာ ခံစားချက် (ကျောင်းသား များအား ကိုယ့်ကိုယ်ကိုယ် အထင်ကြီးအောင် လုပ်မည်ဆိုသော အယူ အဆ) မဟုတ်ဘဲ ဒိဋ္ဌ ဓမ္မကျသော လက်တွေ့အချက်များသာ ဖြစ်ကြောင်းကို အသိအမှတ် ပြုခဲ့သည်။

ကောင်းသည့် သတင်းတွေကို ပြောပြီးနောက် မကောင်းသည့် သတင်းကို ပြောရပါဦးမည်။ အမေရိကန် ကျောင်းများတွင် ပညာရေး

အဆင့်အတန်းကိုမြှင့်တင်ရန် ကြိုးပမ်းနေကြစဉ် အမေရိကန်ပညာရေးကို ဘော်လ်ကန် ဇာတ်သွင်းမည့် (အစိတ်စိတ် အမြွာမြွာ ဖြစ်စေမည့်) အစီအစဉ် တစ်ခု ပေါ်လာသည်ကိုတွေ့သည်။

ထိုအစီအစဉ်မှာ သင်ရိုးညွှန်းတမ်းထဲတွင် နိုင်ငံရေးအရ တည်ရှိသော လူနည်းစုတိုင်း၏ အကြောင်းကိုထည့်သွင်းသင်ကြားရမည်ဟူသော အစီအစဉ်ဖြစ်သည်။ ဥပမာအားဖြင့် ကာလီဖိုးနီးယားပြည်နယ်တွင်ဆိုလျှင် လူနည်းစုဖြစ်သော 'အမျိုးသမီးများ၊ လူမျိုးစုများနှင့် ကိုယ်လက်မသန်စွမ်းသူများ' စသည်တို့ အကြောင်းကိုလည်း အခြားသော သင်ခန်းစာများနည်းတူ အညီအမျှ သင်ပြရမည်ဟု ဥပဒေပြဋ္ဌာန်းခဲ့သည်။ 'သမိုင်း၊ လက်ရှိ အဖြစ်အပျက်များ၊ အနုပညာ၊ သိပ္ပံပညာနှင့် မည်သည့်နယ်ပယ်တွင်မဆို အမျိုးသားနှင့်အမျိုးသမီး တို့၏ စွမ်းဆောင်မှုကို ကျောင်းသုံးစာအုပ်များထဲတွင် အရေအတွက် ညီတူမျှတူ ဖော်ပြရမည်' ဟု ထိုဥပဒေက ဆိုထားသည်။

'ဒုက္ခ ပါပဲရှင်၊ ဒီအတိုင်းသာဆိုရင် ကျောင်းသုံးသမိုင်းစာအုပ်ရေးရင် အဲဒီ အချက်တွေ အကုန်ပါအောင် ဘယ်လိုလုပ်ရေးရ မယ် မသိတော့ဘူး၊ အခွင့်အရေး ဥပဒေကြမ်း အကြောင်းသမိုင်းရေး ရင် အမျိုးသားနှင့်အမျိုးသမီးဦးရေ ညီတူညီမျှပါခဲ့တယ်လို့ ဘယ်လို လုပ်ပြီးရေးမှာလဲ ရှင်၊ အဲဒီတုန်းက အမျိုးသမီး တစ်ယောက်မှမပါတာ' ဟု လေးစားလောက်သည့် အမျိုးသမီးသမိုင်း ပညာရှင် တစ်ဦးက ညည်းသည်။

နယူးယောက် ပြည်နယ်တွင် အလုပ်အဖွဲ့ (လူနည်းစုများ အကြောင်းကို ကျောင်းသုံးစာအုပ်တွင် ထည့်ရေးရန် စုံစမ်းလေ့လာ

www.burmeseclassic.com



သောအဖွဲ့) က အစီရင်ခံစာ တစ်စောင်ရေးရာ၌ 'ဥရောပဗဟိုပြုဝါဒ' ကို အကြီးအကျယ် တိုက်ခိုက်ထားသည်ကို တွေ့ရသည်။

'အမေရိကန်-အမေရိကန်များ၊ အာရှ-အမေရိကန်များ၊ လက်တင်-အမေရိကန်များ၊ ဌာနေ အမေရိကန်များ အားလုံးတို့သည် ဥရောပ အမေရိကန်တို့၏ယဉ်ကျေးမှုကို သွတ်သွင်းပေးသည့် ပညာရေးစနစ်၏ သားကောင်ဖြစ်ခဲ့ကြရသည်' ဟု ထိုအစီရင်ခံစာတွင် ဖော်ပြထားသည် ထိုသို့ ဥရောပ ဇာတ်သွင်းထားသည့် ပညာရေးစနစ်၏ သားကောင်ဖြစ်ခဲ့ရသည့်အတွက် လူနည်းစုဖြစ်သော လူငယ်တို့၏ 'စိတ်ဓာတ်' ပျက်ပြားခဲ့ရသည်ဟု ဆိုသည်။ ထိုပညာရေး စနစ်အစား 'အမေရိကန် လူ့အဖွဲ့အစည်း၏ဘက်ပေါင်းစုံ တိုးတက်မှုကို အထောက်အကူပြုနေကြသော ယဉ်ကျေးမှု ပေါင်းစုံတို့၏အခြေခံပေါ်တွင် သင်ရိုးညွှန်းတမ်း စာအုပ်များကို ပြုစုသင့်သည်' ဟု ထိုအစီအရင်ခံစာက ထောက်ခံ တင်ပြထားသည်။

ယင်းမှာ ပညာရေး ယောင်ဆောင်လာပြီး နောင်တွင် စိတ်ကုသမှု ယောင်ဆောင်လာဦးမည့်နိုင်ငံရေးဖြစ်သည်။ ယင်းမှာ မဟုတ်ကို အဟုတ်ဖြစ်အောင် လုပ်နေခြင်းဖြစ်သည်။ အမှန်အားဖြင့် လူနည်းစုတိုင်းသည် 'အမေရိကန် လူ့အဖွဲ့အစည်း ဘက်ပေါင်းစုံမှ တိုးတက်ရေးအတွက်အထောက်အကူပြုနေကြသည် မဟုတ်ချေ။ ဥပမာအားဖြင့် အမေရိကန် ဘတ်စကတ်ဘော အားကစားပညာရပ်တွင် ဘာမျှ အထောက်အကူပြုခဲ့ကြသည် မဟုတ်ချေ။ အမေရိကန်-ဂျူး များသည် ပီကွာ့စစ်ပွဲအတွက် မဟုတ်ချေ။ အမေရိကန်အမျိုးသမီးများသည် အခွင့်အရေး ဥပဒေကြမ်းအတွက် ဘာမျှ အထောက်အကူပြုခဲ့ကြသည် မဟုတ်ချေ။ အတင်း မရမကလိုက် ဆက်စပ်လျှင်မူ

www.burmeseclassic.com



ရကောင်းရပေမည်၊ သို့ရာတွင် အတင်းလိုက်၍ ဆက်စပ်ယူရခြင်းသည် နိုင်ငံရေး ဖြစ်သည်။ အမှန်တရား မဟုတ်ချေ။ အမေရိကန်သမိုင်းသည် မူလအစ ကတည်းကပင်လျှင် ယဉ်ကျေးမှုပေါင်းစုံ အချိုးအစား ညီညီဖြင့် ဖွဲ့စည်းလာခဲ့ခြင်း မဟုတ်ချေ။ ထိုအချက်ကို ရိုးသားစွာ လက်ခံဖို့လိုသည်။

သို့ရာတွင် ယခု ပညာရေးစနစ်တွင် ဦးစားပေးနေကြသည်မှာ ရိုးသားမှုမဟုတ်ပါ။ ဆေးမြီးတိုဖြင့် စိတ်ကို ကုရန်ဖြစ်ပါသည်။ ယခုကဲ့သို့ သင်ရိုးညွှန်းတမ်းတွင် လူနည်းစုတိုင်းအကြောင်းကို အချိုးညီညီထည့်၍ သင်ကြားရမည်ဟု ပြောလာကြခြင်းမှာ အခြားကြောင့်မဟုတ်၊ လူနည်းစု (လူနည်းစုဆိုသည်မှာ လူမျိုးစုကို ဆိုလိုခြင်းမဟုတ်၊ ကျောင်းသား၊ အမျိုးသမီး၊ ဆေးစွဲလူငယ်၊ ဆယ်ကျော်သက်၊ ကိုယ်ဝန်ဆောင်စသည့် လူ့အဖွဲ့အစည်းမှ အနည်းစုတို့ကို ဆိုခြင်းဖြစ်သည်။) ကိုတမင်နှိမ်ထားခြင်းသည် လူငယ်တွေ ဆေးစွဲခြင်း၊ ဆယ်ကျော်သက် ကိုယ်ဝန်ရှိခြင်း၊စာမေးပွဲကျပြီး ကျောင်းမှထွက်ရသူများလာခြင်းတို့ကို ဖြစ်ပေါ်စေသည်ဟု ယူဆရာမှ ပေါ်ပေါက်လာခြင်းဖြစ်ပါသည်။ ထိုသို့ စိတ်အားငယ်ကာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုလျော့နည်းလာခြင်း၊ အထင်ကြီးမှုလျော့လာခြင်းသည် ယင်းတို့အား ကျောင်းသုံးစာအုပ်များထဲတွင် ' မလိုလားဖွယ် သရုပ်ဖော်ထားသောကြောင့် ဖြစ်သည်' ဟု ဆိုပါသည်။

ထိုအဆိုသည် သွက်သွက်လည်အောင် မှားသည့်အဆိုဖြစ်ပါသည်။ ယနေ့ စာမေးပွဲကျပြီး လေလွင့်သူများ ပေါလာခြင်း၊ ဆေးစွဲသူ ပေါလာခြင်း၊ ဆယ်ကျော်သက် ကိုယ်ဝန်ဆောင်မှုများ ပေါလာခြင်း စသည်တို့သည် အဆိုပါ လူနည်းစုများအား 'မလိုလား

www.burmeseclassic.com



ဖွယ် သရုပ်ဖော်မှုကြောင့် ဖြစ်သည်’ ဟု ဆိုလျှင် လွန်ခဲ့သည့် အနှစ်လေး ဆယ် (‘နီဂရိုးနှင့် ခွေးများ မဝင်ရ’ ဆိုသည့် စာတမ်းတွေ ကပ်ထားချိန်) က အခြေအနေသည် ထို့ထက်ဆိုးဖွယ်ရှိပါသည်။ ဆေးစွဲမှု၊ ကျောင်းမှ လွင့်သွားမှု၊ ဆယ်ကျော်သက် ကိုယ်ဝန်ဆောင်မှု တို့သည် ယခုထက်များဖွယ်ရှိပါသည်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု အထင်ကြီး မှုတို့သည် ယခုထက်လျော့နည်းဖွယ် ရှိပါသည်။ လူမှု ရောဂါများသည် ယခုထက်ပိုဆိုးဖို့ ရှိပါသည်။ မဆိုးခဲ့ပါ။ ယခု အနှစ် လေးဆယ် ကြာ သည့်အခါတွင်မူ ‘မလိုလားဖွယ် သရုပ်ဆောင်မှု’ သည် လျော့ပါးသွား သည့်တိုင် လူမှုရောဂါများသာ တိုးလာခဲ့ပါသည်။

လူနည်းစု ကလေးသူငယ်များ ကျောင်းတွင်းကျောင်းပြင်ကြုံ တွေ့နေသည့် ပြဿနာများစွာတို့အနက် ‘ဥရောပ ဗဟိုပြုဝါဒ’ ပါသည်ဆိုလျှင် ထိုအကြောင်းသည် နောက်ဆုံးတွင်သာရှိပါလိမ့်မည်။ နယူးယောက်ပြည်နယ်က ပညာသင်ကြားရေးညွှန်းတမ်းပြုပြင် ပြောင်းလဲရေးတွင် ဥရောပ ဗဟိုပြုဝါဒကိုဖယ်ရှားမည်ဟု ကြိုးစားခြင်း သည် မရောင်ရာဆီလူးခြင်းဖြစ်ပြီး တကယ့်ပြဿနာကို ရှောင်လွှဲ နေခြင်းသာ ဖြစ်ပါလိမ့်မည်။

ဥရောပဗဟိုပြုဝါဒကို တိုက်ခိုက်လာခြင်းသည် နယူး ယောက်ပြည်နယ် စာသင်ကျောင်းများမှ အစပြုခဲ့သည် မဟုတ်ပါ။ ထိပ်တန်း တက္ကသိုလ် ကျောင်းတိုက်ကြီးများမှ စတင်လာခဲ့ခြင်း ဖြစ်ပါသည်။ မနှစ်ကဆိုလျှင် စတင်းဖို့ တက္ကသိုလ်တွင် အနောက်တိုင်း ယဉ်ကျေးမှုကိုလည်း ညီတူညီမျှ သင်ကြားရမည်ဆိုသည့် သင်ရိုးညွှန်း တမ်းကို အစားထိုးခဲ့ပါသည်။

စတင်းဖို့ တက္ကသိုလ်လို ကျောင်းတိုက်မျိုးကမူ ထိုသို့သော

ပညာရေး အလိုလိုက်မှုမျိုးကို လုပ်နိုင်ပါလိမ့်မည်။ သူတို့ပညာရေး စနစ်သည် မည်သို့ရှိစေ ထိုတက္ကသိုလ် ကျောင်းမျိုးမှ ထွက်လာသည် ဆိုလျှင်ပင် အလုပ်တော့ရကြမည်သာ ဖြစ်ပါသည်။ သို့ရာတွင် တတိယတန်းစား တက္ကသိုလ်ကလေးများမှ ထွက်လာသူများအတွက်မူ ထိုသို့သော ပညာရေး စနစ်မျိုးဖြင့် ဘယ်မှာမှ အလုပ်ရဖွယ် မမြင်ပါ။ နိုင်ငံရေး အယူအဆ တစ်ခုအကျိုးအတွက် ပညာရေးကို ပုံသဏ္ဍာန် ပြောင်း အောင်လုပ်ခြင်းသည် ဘာမျှ အကျိုးများဖွယ်မရှိသည့်အပြင် အကျိုး ယုတ်ခြင်းကိုသာ ဖြစ်စေပါလိမ့်မည်။

ပညာရေးတွင် ကိုယ့်ကိုယ်ကိုယ် အထင်ကြီးအောင် သင်ကြား ပေးရမည်ဆိုသည့် အယူအဆသည် တစ်ဖက်ပိတ် ရထားလမ်းကို သွားနေသည်နှင့်တူပါသည်။ တကယ့် အောင်မြင်မှု စစ်မှန်သော ပညာ သင်ကြားမှုမျိုးဖြင့်သာလျှင် ကိုယ့်ကိုယ်ကိုယ် အထင်ကြီး လေးစားမှုကို ရနိုင်ပါသည်။ နိုင်ငံရေးအရ ဘော်လ်ကန် ဇာတ်သွင်း သလို ပညာသင်ကြားရေးကို အစိတ်စိတ် အမွှာမွှာဖြစ်အောင် လုပ်နေသမျှ အမေရိကန် ကျောင်းများသည် ဆက်လက်ညံ့နေဦးမည် ဖြစ်ပါသည်။ကိုယ့်ကိုယ်ကိုယ် အထင်ကြီးအောင် စိတ်ဓာတ်ကို မြှင့်တင် ပေးရုံဖြင့် ကောင်းလာနိုင်မည် မဟုတ်ပါ။

ရည်ညွှန်း။ Time, February 5, 1990 မှ Charles Krauthammer ၏ Education: Doion Bad and Feeling Good ကို ပြန်ဆိုသည်။

# ပလိပ် ရောဂါကို ဖိတ်ခေါ်ခြင်း

ယနေ့ ကမ္ဘာကြီးသည် မဟာအင်းအားကြီး နိုင်ငံ နှစ်ခုကြား တွင် ကွဲပြားခြားနားနေသည့် ပဋိပက္ခ ကမ္ဘာကြီး မဟုတ်တော့ပါ။ သို့ရာတွင် တစ်ခါက ဆိုဗီယက် ယူနီယံဟု ခေါ်ခဲ့ကြသည့်နိုင်ငံကြီး ၏နယ်နိမိတ်အတွင်းတွင်မူ အသစ်ဖြစ်သော ဂိုဏ်းနှစ်ဂိုဏ်း ပေါ်ပေါက်နေပါသည်။ ယင်းမှာ အရှုပ်ဆိုး၍ တဖြည်းဖြည်း အရှိန်မြင့် လာနေသော ရုရှနှင့်ယူကရိန်းတို့ကြားက ပဋိပက္ခ ဖြစ်ပါသည်။ အကယ်၍သာ တစ်ခါက သမ္မတနိုင်ငံနှစ်ခုဖြစ်ကြသော ထိုနိုင်ငံ နှစ်နိုင်ငံတို့သည် ပေါင်းစည်းညီညွတ်၍ ခိုင်ခံသိပ်သည်းသော နိုင်ငံများဖြစ်ခဲ့ကြပါလျှင် စစ်တိုက်ကြတော့မည့် အခြေသို့ ရောက် ဖွယ်ရှိပါသည်။

ကံအားလျော်စွာပင် (ဟုတ်ကဲ့၊ ကံအား လျော်စွာပင်) ဆိုဗီယက် ယူနီယံကို အစိတ်စိတ် အမွှာမွှာ ကွဲပြဲစေခဲ့သည့် ဗဟိုကျ သော

www.burmeseclassic.com



အင်အားစုများသည် ရုရှနှင့်ယူကရိန်းပြည်နယ်တို့တွင် လှုပ်ရှား မောင်းနှင်းနေကြပါသည်။ ထိုပြည်နယ် နှစ်ခုသည် နောက်ထပ် သေးငယ်သော ပြည်နယ်များအဖြစ်သို့ ထပ်မံကွဲသွားနိုင်ပါ သေးသည်။ ထိုသို့ ကွဲသွားမည်ဆိုလျှင် မော်စကို(ရုရှ)နှင့် ကိယက် (ယူကရိန်း) တို့သည် သူတို့အထဲမှ ထပ်မံကွဲသွားသော အသေးစား ပြည်နယ်ကလေးများနှင့် အလုပ်များနေကြဦးမည် ဖြစ်သဖြင့် သူတို့ အချင်းချင်း တစ်ဦးကိုတစ်ဦး မျက်နှာချင်းဆိုင် ရန်စောင်နေကြဖို့ အကြောင်း နည်းသွားကြမည် ဖြစ်ပါသည်။

သူတို့နိုင်ငံထဲက လူမျိုးစုများက မည်သို့သော တောင်းဆို ချက်များကို လုပ်ကြသည်ဖြစ်စေ၊ ယခု လောလောဆယ်တွင်မူ ရုရှ သည်လည်းကောင်း၊ ယူကရိန်းသည်လည်းကောင်း တောင့်တင်းကြံ့ခိုင် သည့် နိုင်ငံများ မဟုတ်ကြချေ။ ရုရှဆိုလျှင် ဒါဇင်ချီ၍ရှိသည့် လူမျိုး စုကလေးတွေ ရှိနေပြီး ယင်းတို့အားလုံးသည် မော်စကိုမှလုံးဝ လွတ်လပ်ရေးမဟုတ်သည့်တိုင် အမြင့်ဆုံး ကိုယ်ပိုင်အုပ်ချုပ်မှုကို တောင်းဆိုလျက်ရှိကြသည်။ ယမန်နှစ်က ဆိုဗီယက် ယူနီယံ ပြိုကွဲသွား ခဲ့သည့်အခါတွင် ပြည်နယ်လူမျိုးစု နှစ်ခုဖြစ်သည့် ချီချင်း- ဒင်းဂစ် ဒေသနှင့်ရုရှပြည် ဗဟိုချက်မ အနီးတွင် ရှိသည့် တာတာစတန်တို့ သည် ရုရှ ဖက်ဒရေးရှင်းတွင် မပါဝင်နိုင်ဟုဆိုကာ စာချုပ်ကို လက်မှတ် ရေးထိုးရန် ငြင်းဆိုခဲ့ကြသည်။ အမှန်အားဖြင့် ထိုဒေသ နှစ်ခုစလုံးသည် သမိုင်းတစ်လျှောက်လုံးတွင် မော်စကိုနှင့် ပြဿနာ ရှိခဲ့သော ဒေသများ ဖြစ်သည်။ ပို၍ အရေးကြီးသည်မှာ ထိုဒေသနှစ်ခုစလုံးသည် ရေနံ တွင်းကြီးများပေါ်တွင် ဖင်ထိုင်လျက် သား ရှိနေကြသဖြင့် မော်စကို၏ အထောက်အပံ့ အပါဘဲ သူ့စီးပွားရေးအရ

သူတို့ဘာသာ ရပ်တည်နိုင်သည်ဟု ယုံကြည်နေခြင်းပင် ဖြစ်သည်။

ယေဘုယျအားဖြင့် ပြောရလျှင် ရုရှပြည်ကို အစိတ်စိတ် အပိုင်းပိုင်း ဖြစ်အောင် တွန်းအားပေးနေသော အရာမှာ လူမျိုးစု ပဋိပက္ခနှင့် ရာဇဝင် တစ်လျှောက်ရှိခဲ့သည့် နစ်နာချက်များ မဟုတ်ဘဲ စီးပွားရေး အင်အားစုများသာ ဖြစ်ပါသည်။

ဂေါ်ဘာချော့၏ ပယ်ရီစထရွိုက်ကာ လမ်းစဉ်အောက်တွင် ပြုလုပ်ခဲ့သည့် စီးပွားရေးပြုပြင် ပြောင်းလဲမှုများနှင့် သမ္မတ ယယ်လ်ဆင်၏ လက်ထက်တွင် ပြုလုပ်ခဲ့သည့် စီးပွားရေးပြုပြင် ပြောင်းလဲမှုများသည် ဗဟိုချုပ်ကိုင်မှု လွန်စွာတင်းကျပ်သော ဆိုဗီယက် စနစ်ဟောင်းကို ဖြိုဖျက်ပစ်နိုင်ခဲ့သည်မှာ မှန်ပါ၏။ သို့ရာတွင် ထိုပြုပြင် ပြောင်းလဲမှုများသည် လယ်ယာနှင့်စက်မှု ကုန်ထုတ်လုပ်ရေးနှင့် နေထိုင်မှု အဆင့်အတန်းတို့ကို ကျဆင်းစေခဲ့ ပါသည်။ သဘာဝ ရင်းမြစ်များပေါကြွယ်သည့် ဒေသများ (ဥပမာ အားဖြင့် ကျောက်မီးသွေးနှင့် သစ်ပေါသည့် ဆိုက်ဘေးရီးယားမှ ကိုမီ သမ္မတနိုင်ငံ၊ ရွှေထွက်သည့် အရှေ့ဖျားဒေသမှ ယာကွတ်တီးယား ဒေသစသည်) တို့သည် မိမိတို့နယ်မှ ထွက်သည့် အခွန်အကောက်များ ကို ကိုယ်တိုင်သုံးစွဲနိုင်ရန်အတွက် ကိုယ်ကျိုးစီးပွား ကာကွယ်ရေး မူဝါဒများကို ကျင့်သုံးလာခဲ့ကြကာ မော်စကို ဗျူရိုကရက်များနှင့် ခပ်ရှင်းရှင်း နေခဲ့ပြီး ပို၍ဆင်းရဲသော ဒေသများဖြစ်သည့် ယူရယ် တောင်တန်း ဒေသများနှင့် ရုရှ လယ်ယာစိုက်ပျိုးရေးဒေသများနှင့် အဆက်အသွယ် မလုပ်ဘဲ တံခါးပိတ်ဝါဒကို ကျင့်သုံးခဲ့ကြပါသည်။ ဤသို့သော ကုန်သွယ်ရေး ပုံစံများသည် သီးခြားသမ္မတနိုင်ငံရေး အစုများကို အားပေး တိုက်တွန်းနေသကဲ့သို့ ရှိပါသည်။

ပြိုကွဲနေသည့် အင်ပါယာ တစ်ခုဖြစ်သည့် ယူကရိန်းတွင်လည်း ထိုနည်းအတိုင်းဖြစ်နေပါသည်။ ကရိုင်းမီးယားသည် တစ်ခါတုန်းက မူဆလင်နိုင်ငံတစ်ခု ဖြစ်ပါသည်။ တစ်ခါက ပိုလန်၊ ဩစတြီးယား၊ ဟန်ဂေရီနှင့် ရိုမေးနီးယားတို့၏ လက်အောက်ခံဒေသများ ဖြစ်ခဲ့ပါသည်။ အရှေ့ပိုင်း ယူကရိန်းမှာ ဘက်ပေါင်းစုံတွင် ရုရှ ဇာတ်သွင်းခံထားရပြီး ဖြစ်သဖြင့် ကိယက်တွင် ရှိသည့် ယူကရိန်းအမျိုးသားရေးဝါဒီများက လွှမ်းမိုးသွားမည်ကို စိုးရိမ်လျက် ရှိပါသည်။

ဗဟိုယူကရိန်း အစိုးရသည် ထိုလူမျိုးစု အကွဲအပြားများကို ပို၍ ပြင်းထန်အောင် မရည်ရွယ်ဘဲနှင့် လုပ်မိလျက်သား ဖြစ်နေပါသည်။ ကိယက် (ယူကရိန်း) အစိုးရသည် ရုရှနှင့် အဆက်ဖြတ်ကာ မိမိဘာသာ ဖူလုံရေးကို ဇွတ်အတင်းလုပ်လျက်ရှိသဖြင့် ယူကရိန်းဒေသတစ်ခုလုံးကို ဆင်းရဲဒုက္ခ ရောက်စေခဲ့ကာ ဒေသတိုင်းတွင် ဒေသစိတ်ကိုပြင်းထန် လာစေခဲ့ပြီးနောက် ခွဲထွက်ရေးကို လှုံ့ဆော်နေသကဲ့သို့ ရှိပါသည်။

မော်စကိုနှင့် ကိယက်ရှိ ခေါင်းဆောင်များသည် ပြဿနာများအတွက် တစ်ယောက်ကိုတစ်ယောက် အပြစ်ပုံချရန် အကျင့်ပါနေကြလေပြီ။ သို့ရာတွင် ထိုမြို့တော်နှစ်ခု ပြင်ပရှိ တဖြည်းဖြည်း အင်အားကောင်းနေသော ဒေသများမှ ခေါင်းဆောင်များအဖို့ကား ကရိုင်းမီးယား ကျွန်းဆွယ်တွင် ဩဇာအာဏာ ပျံ့နှံ့ရေးအတွက် လွန်ဆွဲ နေကြခြင်းကို သူတို့အဖို့ကား ရုရှမှ ယယ်လ်ဆင်နှင့် ယူကရိန်းမှ ခရက်ချွတ်တို့၏ ရန်ပွဲသည် နှစ်အိမ်စလုံးတွင် ပလိပ်ရောဂါ ကျခြင်း’ နှင့် အတူတူပင်ဖြစ်သည်။

ကရိုင်းမီးယားတွင်ဆိုလျှင် ဒေသဆိုင်ရာ အာဏာပိုင်များ

www.burmeseclassic.com



သည် မော်စကို၏အမိန့်ကိုသော်လည်းကောင်း၊ ကိယက်၏ အမိန့်ကို သော်လည်းကောင်း၊ နာခံခြင်း မပြုလိုကြပါ။ သူတို့သည် လွတ်လပ်ခွင့် ကို ပိုတောင်းဆိုနေကြပါသည်။ သူတို့၏ အနားယူစခန်း နယ်မြေကြီး နှင့်လယ်ယာစိုက်ပျိုးရေး ဒေသများကို သူတို့ဘာသာ အုပ်ချုပ် ချင်ကြပါသည်။ ထိုကြောင့် သူတို့သည် ရုရှနှင့်ယူကရိန်း တို့အား အချင်းချင်း တိုက်ပေးသည့် အတတ်ပညာကို ပိုင်နိုင်စွာ ကျင့်သုံး နေကြခြင်းဖြစ်ပါသည်။

ရုရှနှင့်ယူကရိန်းကြားတွင် တင်းမာမှုကို ဖြစ်ပွားစေမည့် အခြားပြဿနာတစ်ခုမှာ ပင်လယ်နက် ရေတပ်ကို ပိုင်ဆိုင်ရေးကိစ္စ ဖြစ်ပါသည်။ သို့ရာတွင် ယခင် ဆိုဗီယက် ယူနီယံဟောင်းတွင် စီးပွား ရေးအခြေအနေ ယိုယွင်းလာသည့်အခါတွင် ထိုပြဿနာသည် ရှုပ်ထွေးလာနိုင်ကာ ခေတ်နောက်ကျသည့်ပြဿနာ တစ်ရပ်ဖြစ်သွား နိုင်ပါသည်။

ရုရှနှင့်ယူကရိန်း နှစ်ဦးစလုံးသည် သူတို့၏ စစ်တပ်များကို အရေးကြီးသည့် 'အဆင့်အတန်းပြ သင်္ကေတ' များ အဖြစ်ဆက်၍ ထားချင်ကြပါသေးသည်။ သို့ရာတွင် ပင်လယ်နက်ရေတပ်၏ စစ်ရေး အသုံးဝင်မှုနှင့် ပြင်ဆင်မှုတို့မှာ သုညသို့ရောက်နေပါသည်။ ထိုရေတပ် သင်္ဘောများနှင့် တပ်သားများမှာ ယယ်လ်ဆင်နှင့် ခရက်ချွတ် တို့၏ မပြီးနိုင်သော စစ်တုရင်ပွဲတွင် စစ်တုရင်ရုပ်ကလေးများသာ ဖြစ်နေပါသည်။ ထို့ပြင် အရပ်သား စီးပွားရေးလုပ်ငန်းများတွင် အရင်းအနှီး မြှုပ်နှံခဲ့ရလျှင် လက်နက်တိုက်များကို ဖြုတ်ပယ်ရတော့ မည့်ဖြစ်ပါသည်။ ထို့ကြောင့် ယနေ့အချိန်တွင် သူတို့အချင်းချင်းကြား တွင် ပဋိပက္ခ ဖြစ်ပွားနေသည့် အကြောင်းရင်းသည် တစ်နေ့တွင်

www.burmeseclassic.com



ပျောက်ကွယ် သွားနိုင်စရာ ရှိပါသည်။

တစ်ခုတော့ သေချာသည်။ အမည် ဘယ်လိုပင် ပေးပေး ရုရှနှင့်ယူကရိန်းပြည်နယ်တို့ထဲတွင် ပေါ်လာသည့်နိုင်ငံသစ်များသည် ကောင်းသည့် လက္ခဏာတစ်ရပ်တော့ မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်ပါ။ ထိုအရာများသည် ဒုက္ခသစ်နှင့် သွေးထွက်သံယိုမှု အသစ်များကို ပေါ်ပေါက်လာစေမည်သာ ဖြစ်ပါသည်။ သို့ရာတွင် ထိုပွတ်တိုက်မှုများသည် မီးကို စတင်မွှေးပေးသည့်တိုင် ရုရှနှင့်ယူကရိန်းကြားတွင် ယခုလက်ရှိ ဖြစ်နေသည့် စစ်ပွဲလောက်ကား ကြီးကျယ်နိုင်မည် မဟုတ်ပါ။

အကောင်းဆုံးမှာကား ယခင် ဆိုဗီယက် ယူနီယံတွင် စီးပွားရေး နာလန်ထလာရန်ပင် ဖြစ်ပါသည်။ ထိုနည်းအားဖြင့် ဒေသအကြီး အသေး မှန်သမျှကို ငြိမ်းချမ်း၍ သာယာဝပြောသော လူမျိုးပေါင်းစုံ အဖွဲ့အစည်းကြီး အဖြစ်သို့ ပေါင်းစည်းခြင်းပင် ဖြစ်ပါသည်။

# ကတ္တီပါ တော်လှန်ရေး

၁၉၉၀ပြည်နှစ် ရွှေဦးပေါက်ရာသီနှင့် ချက်ကိုဆလိုဗက်ကီး ယားပြည်က နောက်ဆုံး ရွေးကောက်ပွဲများ အကြားတွင် တွေ့ခဲ့ရသည့် ကျွန်တော့် လုပ်ဖော်ကိုင်ဖက် နိုင်ငံခြား သတင်းစာဆရာများကို တောင်းပန်စရာ တစ်ခု ရှိပါသည်။ ချက်ကိုဆလိုဗက်ကီးယားပြည် သည် ကွဲသွားမည်လောဟု ထိုစဉ်က သူတို့က မေးခဲ့ကြပါသည်။ ကျွန်တော်က မကွဲဟု ဖြေခဲ့ပါသည်။ ချက်ကိုဆလိုဗက်ကီးယားပြည် သည် မည်သည့်အခါတွင် ပြိုကွဲမည်နည်းဟု စဉ်းစားတွေးတောခဲ့ကြ သော မိတ်ဆွေများကိုလည်း ကျွန်တော် နှစ်ထပ်ကွမ်း တောင်းပန်လို ပါသည်။ ထိုမေးခွန်းမှာ မေးစရာမလိုသော မေးခွန်းဟု ကျွန်တော် ယူဆခဲ့ပါသည်။ ကျွန်တော့် အဖြေကလည်း ချက်ချင်းပင် ထွက်လာပါ သည်။ ထိုအဖြေမှာ 'ဘယ်တော့မှ မပြိုကွဲဘူး' ဆိုသည့် အဖြေ ဖြစ်ပါ သည်။

www.burmeseclassic.com



ကျွန်တော်သည် တော်တော် မသိ မိုက်မဲသူ၊ မျက်စိကန်း နေသူဟု ထင်ကောင်း ထင်ကြပါလိမ့်မည်။ သို့ရာတွင် ချက်ကိုဆလို ဗက်ကီးယား နိုင်ငံသား အများစုသည်လည်း ထိုနည်းအတိုင်းပင် ဖြစ်ပါသည်။ အာဃာတကြီးသော ဆလိုဗက်အမျိုးသားရေး ဝါဒီတစ်ခုမှအပ မည်သူမျှ တိုင်းပြည်ကွဲပြဲမသွားစေချင်ပါ။ ချက်ကိုဆလိုဗက်ကီး ယားသည် နိုင်ငံတစ်ခုအဖြစ် ပထမကမ္ဘာစစ် အပြီးကတည်းက တည် ရှိခဲ့ပါသည်။ ထိုမတိုင်မီကလည်းကောင်း၊ ထို့နောက်တွင်လည်းကောင်း ချက်လူမျိုးများနှင့် ဆလိုဗက် လူမျိုး များကြားတွင် တိုက်ခိုက်ကြ သည်ဟု တစ်ခါမျှ မရှိခဲ့ဘူးပါ။ သွေး တစ်စက်မျှ မကျဖူးခဲ့ပါ။ ဆိုဗီယက် ယူနီယံနှင့် ယူဂိုဆလားဗီးယား တို့လို သွေးချောင်းစီး ပြိုကွဲသွားစေသည့် အမုန်းမျိုး၊ မယုံကြည်မှု မျိုးပင် မရှိခဲ့ကြဖူးပါ။

သို့တိုင်အောင် ဇန်နဝါရီလ တစ်ရက်နေ့တွင် ဆိုလျှင် ချက်ကိုစလိုဗက်ကီးယား နိုင်ငံသည် မြေပုံပေါ်မှ ပျောက်ကွယ် သွားတော့မည် ဖြစ်ပါသည်။ သတ်မှတ်မည့် နယ်စပ်မျဉ်းကြောင်း တစ်ဖက် တစ်ချက်ရှိ လူထုများသည် ထိုအဖြစ်ကို ကြည့်၍ စိတ်မကောင်း ဖြစ်ကြရပါသည်။ သို့ရာတွင် ရလဒ်မှာ ရှောင် လွှဲရနိုင်စရာ အကြောင်း မရှိပါ။ စိတ်မကောင်း ဖြစ်ကြရခြင်းမှာ ကျွန်တော်တို့ အချင်းချင်း အတူတကွ နေရသည်ကို အသားကျ သွားသောကြောင့် ဖြစ်ပါသည်။ နယ်စပ် နှစ်ဖက်စလုံးတွင် ဆွေမျိုး သားချင်းများ၊ မိတ်ဆွေများ ရှိကြ သောကြောင့် ဖြစ်ပါသည်။ ချက်သမ္မတ နိုင်ငံ၏ လူဦးရေ ဆယ်သန်း အနက် ၃၀၀,၀၀၀

www.burmeseclassic.com



တို့သည် ဆလိုဗက်လူမျိုးများ ဖြစ်ကြပါသည်။ ဆလိုဗက် သမ္မတနိုင်ငံ၏ လူဦးရေ ငါးသန်းအနက် ၅၀,၀၀၀သည် ချက်လူမျိုးများ ဖြစ်ကြပါသည်။ မိသားစု တော်တော်များများသည် ကျွန်တော့် မိသားစုနှင့် တူပါသည်။ ကျွန်တော်သည် ပရတ်မြို့တွင် နေထိုင်သော ဆလိုဗက်လူမျိုးတစ်ယောက် ဖြစ်ပါသည်။ ကျွန်တော့် မိဘများသည် လွန်ခဲ့သည့် နှစ်ပေါင်း သုံးဆယ်က ပရတ်သို့ ပြောင်း ခဲ့ကြခြင်း ဖြစ်ပါသည်။ ကျွန်တော့်ဇနီးသည်မှာ ချက်လူမျိုး ဖြစ်ပါသည်။ ကျွန်တော့်သားသမီးများမှာ (အဲ ဟုတ်ကဲ့၊ နိုင်ငံရေးသမားတွေက ဘယ်လိုစာချုပ်တွေကို ချုပ်ချုပ်) ချက်ကိုဆလိုဗက် အမျိုးသား နိုင်ငံသားများ ဖြစ်ကြပါသည်။

တစ်နေ့တွင် မရှောင်မလွဲသာ ဖြစ်ကြရမည်ကို ကျွန်တော်တို့ မြင်ပါသည်။ အကြောင်းမှာ ကျွန်တော်တို့သည် ဆင်ခြင်တုံတရားရှိသော လူမျိုးဖြစ်သောကြောင့်ဖြစ်ပါသည်။ ကျွန်တော်တို့ ဘိုးဘေးများသည်လည်း ဆင်ခြင်တုံတရားလက်ကိုင်ရှိပါသည်။ ၁၉၃၈ခုနှစ်တုန်းက မျူးနစ်တွင် ပြင်သစ်နှင့် ဗြိတိန်တို့ သစ္စာဖောက်ခဲ့ကြသဖြင့် ဂျာမနီတင့်ကားများကို ခုခံနိုင်စွမ်းမရှိခဲ့သည့် အခါတွင် ကျွန်တော်တို့ ဘိုးဘေးများသည် အင်အားချိန်ခွင်ညှာ ညှိရေးသဘောကို နားလည်ခဲ့ကြပါသည်။၁၉၈၉ခုနှစ်က ချက်ကိုဆလိုဗက်ကီးယားပြည်တွင် ကွန်မြူနစ်ဝါဒ ပြိုကွဲသွားသည့် ဖြစ်စဉ်သည် တင်းပြည့်တော်လှန်ရေးတစ်ခုထက် ပြဇာတ်တစ်ခု နှင့်တူပါသည်။

အိမ်ထောင်ရေးတွင် တစ်ယောက်က (သီတင်းကုန်ရက်မှာ

www.burmeseclassic.com



ပင်ဖြစ်စေ) တစ်ယောက်တည်းနေချင်သည်ဟု ပြောပြီး အခြားတစ်ဖက်က ထိုအချက်ကို သဘောမတူခဲ့လျှင် ကွာရှင်းပြတ်စဲရေးသည် မလွှဲမရှောင်သာ ပေါ်ပေါက်လာရတော့မည်ဟု နားလည်ကြပါသည်။ လွန်ခဲ့သည့် ဇွန်လက ဝန်ကြီးချုပ် ဗက်ကလပ်ကလော့စ်သည် ချက်ရွေးကောက်ပွဲများတွင် အနိုင်ရခဲ့ပါသည်။ အကြောင်းမှာ'လွတ်လပ်သော ဈေးကွက်၊ ပုဂ္ဂိုလ် လွတ်လပ်မှုနှင့် အနောက်တိုင်း အသွင်ပြောင်းရေး' တို့ကို လုပ်ပေးမည်ဟု ကတိပေးခဲ့သောကြောင့်ဖြစ်ပါသည်။ စီးပွားရေးပြုပြင်ပြောင်းလဲမှုသည် အလွန်နာကျင်ကြောင်းကို သက်သေပြခဲ့ပြီး ဖြစ်ပါသည်။ သို့ရာတွင် ကလော့စ်ကို ရွေးကောက်ခဲ့သည့် ချက်လူမျိုးများသည် မိမိတို့ ခါးပတ်ကို ကျပ်ကျပ်စည်းရန် (အစားအသောက်ကို ချွေတာရန်) အဆင်သင့်ဖြစ်ပြီး ကြိုးစားကြည့်ခဲ့ ကြပါသည်။ မိမိရည်မှန်းချက်များ အောင်မြင်ရေးအတွက် ဝန်ကြီးချုပ် ကလော့စ်သည် တစ်ခုတည်းသော ဥပဒေပြုအဖွဲ့နှင့် အဓိကရန်သူဖြစ်သော ငွေဖောင်းပွမှုကို တိုက်ဖျက်ရန်အတွက် စီးပွားရေးပေါ်လစီ တစ်ခုလိုပါသည်။ ထိုအရာများ သူ့တွင်မရှိခဲ့ပါ။

ဗလာဒီးမာစီးယားသည် ဆလိုဗက်ရွေးကောက်ပွဲများတွင် အနိုင်ရခဲ့ပါသည်။ အကြောင်းမှာ ဆလိုဗက်ကီးယားအတွက် ပို၍အမှီခိုကင်းသော လွတ်လပ်မှုကိုရအောင် လုပ်ပေးမည်၊ စေ့စပ်သေချာခြင်း မရှိသော စက်မှုလုပ်ငန်းများနှင့် ချက်ထက်ငါးဆများနေသော အလုပ်လက်မဲ့ပြဿနာ(ချက်တွင် အလုပ်လက်မဲ့ ၂%၊ ဆလိုဗက်တွင် အလုပ်လက်မဲ့ ၁၀% ရှိသည်။)တို့ဖြင့် ဝန်ပိနေသော ဆလိုဗက်နိုင်ငံအတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို လုပ်မည်

www.burmeseclassic.com



ဟုကတိပေးခဲ့သောကြောင့် ဖြစ်ပါသည်။

သို့ရာတွင် တစ်ဖက်၌ ချက်တို့ထက်ဆင်းရဲသော ဆလိုဗက် လူမျိုးတို့သည် ကွန်မြူနစ်တို့ကို သဘောကျနေခြင်း ဖြစ်ပါသည်။ အကြောင်းမူ ကွန်မြူနစ်တို့ လက်ထက်တွင် ပုဂ္ဂိုလ် လွတ်လပ်မှုမရှိ သည့်တိုင် မိမိတို့၏ လူနေမှု အဆင့်အတန်း၊ ပညာရေးနှင့်ကျန်းမာ ရေးစောင့်ရှောက်မှုတို့တွင် တိုးတက်မှုများ ရှိခဲ့သောကြောင့်ဖြစ်ပါ သည်။ ကလော့စ်ကဲ့သို့ မဟုတ်ပဲ မာစီယားသည် သူ့ကစားပွဲတွင် လွတ်လပ်ရေး 'ဖဲချပ်'ကို ကိုင်၍ကစားရပါသည်။ ချက်ကိုဆလို ဗက်ကီးယားနိုင်ငံကို ခွဲစိတ်လိုသည့် ဆလိုဗက်အမျိုးသားပါတီ၏ ထောက်ခံမှုကိုရလိုသောကြောင့် ဖြစ်ပါသည်။ သူ တစ်ဦးတည်း အနေဖြင့်မူ ပြန်လည်မွေးဖွားလာသော ချက်ကိုဆလိုဗက်ဖက်ဒရေး ရှင်း၏ အစိတ်အပိုင်းဖြစ်သော 'လွတ်လပ်သည့် ဆလိုဗက်နိုင်ငံ'ကို လိုချင်ပါသည်။

သို့ဖြင့် ရွေးကောက်ပွဲ အနိုင်ရခဲ့သူနှစ်ဦးအဖြစ်တွေ့ဆုံဆွေး နွေးကြသည့်အခါတွင် ချက်ခေါင်းဆောင် ကလော့စ်က ဖက်ဒရေးရှင်း အကြောင်းကို ပြော၍ ဆလိုဗက်ခေါင်းဆောင်မာဆီယားကကွန်ဖက် ဒရေးရှင်းအကြောင်းကို ပြောကြပါသည်။ ထိုကွန်ဖက်ဒရေးရှင်းတွင် ဆလိုဗက် လူမျိုးတို့ကို ဆုံးဖြတ်ပိုင်ခွင့်များ ပေးထားရမည်ဟုလည်း တောင်းဆိုခဲ့ပါသည်။ မာဆီယား၏ပါတီက တစ်ပြည်ထောင် စနစ်တွင်ဆိုလျှင် ချက်လူမျိုးတို့သည် ဆုံးဖြတ်ပိုင်ခွင့်တော်တော်များ များကို ယူထားဦးမည်သာမက ဆလိုဗက် လူမျိုးတို့ကိုလည်းမလိမ်မိုး

www.burmeseclassic.com



မလိမ္မာကလေးများ အဖြစ်သဘောထားကြမည်ဟု ယူဆကြသည်။ ချက်သတင်းစာတို့ကမူ ဆလိုဗက်တို့၏ အဆိုပြုချက်သည်'ချက်လူမျိုးတို့က အာမခံထားသည့် ဆလိုဗက်လွတ်လပ်ရေး' ဟုလှောင်ပြောင်ရေးကြသည်။

မည်သည့်ဘက်ကမှ အလျှော့မပေးကြသည့် အခါတွင် ချက်ကိုဆလိုဗက်ကီးယားအတွက် ခေါင်းလောင်းသည် ထိုးစပြုတော့သည်။ ကတ္တီပါတော်လှန်ရေး အပိုင်း-၂ကို ဆက်လက်ဆင်နွှဲတော့မည်လော၊ မည်သူ့ကို အပြစ်ဖို့မည်နည်း၊ ချက်လူမျိုးတို့ကိုလော၊ ဆလိုဗက် လူမျိုးတို့ကိုလော။

လူထုများအနေဖြင့် ကျွန်တော်တို့သည် ကြားတွင်ညှပ်နေသည်။ ကျွန်တော်တို့ ခေါင်းဆောင်များ၏ ယုတ္တိဗေဒကြောင့်ရှုပ်ထွေးနေကြသည်။ အိပ်ခန်းတစ်ခုတည်းသာရှိသော ခန်းစုံအိမ်တွင် ၇၄ နှစ်ကြာ နေထိုင်ခဲ့ပြီးယခုမှ တစ်ယောက်ကို တစ်ယောက်ခြားနား ချက်ကို ရှာရသည်မှာ တော်တော်ခက်ပါသည်။ ချက်ကိုဆလိုဗက် တပ်မတော်ကို ဖျက်သိမ်းလိုက်လျှင် မိမိနေရင်း တိုင်းပြည်နယ်ပယ်သို့ ပြန်သွားလိုသည့် ဆလိုဗက်အရာရှိဦးရေမှာ နှစ်ဆယ်ရာနှုန်းသာ ရှိပါသည်။ ပရတ် တက္ကစီသမားတစ်ယောက်က သမ္မတ ဗက်စလပ်ဟာဗယ်၏ ခယ်မဖြစ်သူ (ဆလိုဗက် အမျိုးသမီး)အား သူ့ကို ဆလိုဗက် ဘာသာစကားဖြင့် ပြောသဖြင့် တက္ကစီ မောင်းမပို့နိုင်ဟု ငြင်းခဲ့ပါသည်။ ယခုအထိ ကျွန်တော့်ကိုမူ ဆလိုဗက်သို့ ပြန်ပြောင်းမည်လေ၊ သို့တည်းမဟုတ် အနည်းဆုံး ပရတ်မြို့တွင်ရှိသည့်နာမည်

ကြီးဂျာနယ်၏ ထုတ်ဝေသူနှင့် အယ်ဒီတာအဖြစ်မှ စွန့်လွှတ်မည်လောဟု မည်သူကမျှ မမေးသေးပါ။ ယခုလိုကိစ္စမျိုးတွင် တစ်ယူမသန်ဖို့ လိုပါသည်။ အမုန်းမရှိဖို့ လိုပါသည်။ နားကြည်းမှုတွေမရှိဖို့လိုပါသည်။

ချက်နှင့်ဆလိုဗက်တို့ကို ခွဲလိုက်သဖြင့် ပေါ်ပေါက်လာမည့်ရလဒ်များနှင့်ပတ်သက်၍ ဆလိုဗက်သတင်းစာများထဲတွင်စိုးရိမ်မှုတစ်ဝက်တွေ့နေရပါသည်။ ဆလိုဗက်များသည် မိမိတို့၏စီးပွားရေးအနာဂတ်အတွက် စိုးရိမ်နေကြပြီး လွတ်လပ်မှုအတွက် ပျော်နေကြပါသည်။ ဒုတိယကမ္ဘာစစ် အတွင်းက ဆလိုဗက် ရုပ်သေးအစိုးရထူထောင်ခဲ့သည်မှလွဲလျှင် ယခုတစ်ကြိမ် ဆလိုဗက် သမ္မတနိုင်ငံထူထောင်ခြင်းသည် ပထမဆုံးအကြိမ် လွတ်လပ်သောနိုင်ငံဖြစ်လာခြင်းပင် ဖြစ်ပါသည်။ ချက် သတင်းစာကမူ ခွဲထွက် ပြီးသည့်အခါတွင်တွေ့ရမည့် စီးပွားရေး အနာဂတ်အကြောင်းကို စိုးရိမ်တကြီးဖြစ်နေကြပါသည်။ အမှန်တော့ အခြားသော ပြိုကွဲသွားသည့်နိုင်ငံများကပြဿနာများနှင့်စာလျှင် ကျွန်တော်တို့ပြဿနာသည် ဘာမျှမဟုတ်ပါ။ အသေးအဖွဲမျှသာ ဖြစ်ပါသည်။ ကျွန်တော်တို့ လူထုသည် အလုပ်အကိုင်နှင့် ကုန်ဈေးနှုန်းအတွက် စိတ်ညစ်နေကြပါသည်။သို့ရာတွင် ထိုပြဿနာများ မဟုတ်ပါလော။

မေးခွန်းများကို ရိုးရိုးနှင့်တည့်တည့်မေးတတ်သည့်ကလေးငယ်များ၏ မိဘများသာလျှင် ကိုယ့်ဘာသာကိုယ် နားမလည်သောအရာများ အကြောင်းကို ကလေးတွေ နားလည်အောင်

www.burmeseclassic.com



ရှင်းပြရသည်မှာ မည်မျှခက်ကြောင်းကို သဘောပေါက်နိုင်ပါသည်။ ကလေးတွေ အိပ်ရာဝင်သွားကြသည့်အခါမှသာလျှင် မိဘများသည် အေးအေး ဆေးဆေး စဉ်းစားနိုင်ကြမည် ဖြစ်ပါသည်။ ထိုသို့ စဉ်းစားလိုက်ကြသည့် အခါ၌ အရာဝတ္ထု အဖြစ်အပျက်တို့တွင် အကြောင်းတရားသည် ပထမလာ၍ အကျိုးတရားသည် နောက်မှ လိုက်လာသော်လည်း မိမိတို့ ချက်ကိုဆလိုဗက်ကီးယား နိုင်ငံ၏ ကိစ္စတွင်မူ အကျိုးတရားသည် ပထမလာပြီး အကြောင်း တရားသည် နောက်မှ လိုက်လာလေ မည်ဟုတွေး၍ စိုးရိမ်နေ ကြရပါသည်။

ရည်ညွှန်း။ Time, November 23, 1992 မှ Lubos Beniak ၏ Velvet Revolution ကို ပြန်ဆိုသည်။

www.burmeseclassic.com

# အကယ်၍သာ

ပြကွက်။ ။ (အိမ်ဖြူတော်၊ အိုဗယ်ရုံးခန်း၊ ရုပ်မြင်သံကြားရိုက်ရန် မီးလုံး
များနှင့် ကင်မရာများ အသင့်ဖြစ်နေကြသည်။ အသံ
တစ်သံ ပေါ်လာသည်။ 'ငါး၊ လေး၊ သုံး၊ နှစ်၊ တစ်။)

မေး။ ။ မင်္ဂလာညနေခင်းပါ သမ္မတကြီးခင်ဗျာ၊ ကျွန်တော်တို့နှင့်
တကွ ရုပ်မြင်သံကြားကြည့် ပရိသတ်များကို ဒီနေရာကို
လာရောက်ခွင့် ပြုတဲ့အတွက် ကျေးဇူးတင် ပါတယ်။

ဖြေ။ ။ ဟုတ်ကဲ့၊ ကျုပ်ကလည်း ဝမ်းသာပါတယ်။

မေး။ ။ ပထမဆုံးအနေနှင့် မေးခွန်းတစ်ခုမေးပါရစေ ခင်ဗျာ။
အကယ်၍ သမ္မတကြီးမှာ မြေးတစ်ယောက် ရှိခဲ့တယ်
ဆိုရင်. . . ။

ဖြေ။ ။ တစ်ယောက်မကဘူးဗျ၊ အများကြီးပဲ။

www.burmeseclassic.com



မေး။ ။ဟုတ်ကဲ့၊ ဒီမြေးကလေးဟာ သမ္မတကြီး ဆီလာပြီး ဆိုနီဂေ့ါမင်း ဗီဒီယိုပေါ်မှာ ခိုးသွင်းလာတဲ့ မီဂါဒက်တိပ်ခွေ တစ်ခွေကို နားထောင်ရင်း ဆေးခြောက်ရှူမိကြောင်း၊ ပြီးတော့ အဲဒီတိပ်ခွေကို လိင်ဖောက်ပြန်ထွေပြားပြီး ယဉ်ကျေးမှု ပေါင်းစုံ လက်ခံတဲ့ မိတ်ဆွေတစ်ယောက်ဆီကို ငှားလိုက်မိ တဲ့အကြောင်း၊ ပြီးတော့ သူတို့ အပေါင်းအသင်းတွေထဲက မော်တော်ဆိုင်ကယ်စီးသူ တစ်ယောက်က ခေါင်းပေါ်မှာ သတ္တုခမောက်ဆောင်းဖို့ ဥပဒေပြဋ္ဌာန်းတဲ့ နိုင်ငံရေးသမား တွေကို ဆဲရေးတိုင်းထွာတဲ့အကြောင်း စသည်ဖြင့် လာပြီး ပြောတယ် ဆိုပါစို့၊ ဒီလိုဆိုရင်. . . ။

ဖြေ။ ။အင်း. . . ။

မေး။ ။ဒါတွေကို တွေ့ကြုံလာတော့ သမ္မတကြီးရဲ့မြေးက လူ့ဘ၀ ကြီးဟာ ဘာမှအဓိပ္ပာယ်မရှိတဲ့အကြောင်း၊ လောကကြီး တစ်ခုလုံးမှာ ရှိသမျှအရာတွေဟာ ဘာမျှအရေးမကြီးတဲ့ အကြောင်း ဒါကြောင့် သူ့အဖို့အကောင်းဆုံးကတော့ အလှ ပြင်သင်တန်းကျောင်း ကို တက်ဖို့ပဲ ရှိတော့တဲ့အကြောင်းကို ပြောတယ်ဆိုပါစို့ အဲဒီလိုဆိုရင် သမ္မတကြီး သူ့ကိုဘယ်လိုမျိုး အကြံဉာဏ်ပေးမှာပါလဲ ခင်ဗျာ။

ဖြေ။ ။ (ရှည်လျားသော တိတ်ဆိတ်မှု။) ခင်ဗျားဆိုလိုတာကို ကျုပ် သိပ်သဘောမပေါက် . . . ။

မေး။ ။ကောင်းပါပြီ ခင်ဗျာ၊ ဒီလိုဆိုရင် တစ်မျိုးလှည့်မေးပါရစေ၊ သမ္မတကြီးမှာ တခြားမြေးတစ်ယောက် ရှိတယ် ဆိုပါတော့. . ။

ဖြေ။ ။ ဟင် နောက်မြေးတစ်ယောက် ရှိရဦးမယ်လား။

www.burmeseclassic.com



မေး။ ။နောက်မြေးတစ်ယောက်ဆိုတာ မြေးမလေး တစ်ယောက် လို့ပြောချင်တာပါ ခင်ဗျာ။ အဲဒီ မြေးမကသမ္မတကြီးဆီ လာပြီး စကြာဝဠာပေါင်းစုံ ထီဖွင့်ပွဲကြီးမှာ သူ့ခန္ဓာကိုယ်ကို တခြားဂြိုဟ်က ဂြိုဟ်သားတစ်ဦးဖြစ်တဲ့ 'ဇောင့်'က ဆုအဖြစ် ရသွားတဲ့အကြောင်း။ 'ဇောင့်'ဟာ ကောလိပ်တုန်းက သူနဲ့ သိခဲ့ကြောင်း၊ 'ဇောင့်'တို့ နေထိုင်တဲ့ ဂြိုဟ်မှာ မိသားစု တန်ဖိုးများဟာ ကမ္ဘာမြေပြင်ပေါ်မှာ ကျွန်တော်တို့ နားလည်လက်ခံထားကြတဲ့ မိသားစုတန်ဖိုးများနဲ့ မတူတဲ့ အကြောင်း၊ ဥပမာအားဖြင့် 'ဇောင့်'တို့ရဲ့ဇာတိရပ်ဌာန် ဖြစ်တဲ့ ဂြိုဟ်ပေါ်မှာ မယားအများ အပြားကို တစ်ပြိုင်တည်း ယူထားခြင်းဟာ အများက လက်ခံ အသိအမှတ်ပြုထားတဲ့ ထုံးစံတစ်ခုဖြစ်ကြောင်း၊ ဒီလို ပေါင်းဖော် ဆက်ဆံမှုဟာ လူသတ္တဝါများနဲ့သာမက အပင်များနဲ့လည်း . . .။

ဖြေ။ ။(သူ့ဘေးသို့ လှည့်ကြည့်ကာ) ကင်မရာ ဖွင့်ထားသလား။ (ပိတ်ကားနောက်ကွယ်မှ အသံ)ဖွင့်ထားပါတယ်ဆရာကြီး

မေး။ ။ ဒီတော့ အဲဒီ သမ္မတကြီးမြေးက'ဇောင့်'နဲ့အတူ သူ့ဂြိုဟ် ကို လိုက်လည်ဖို့ခွင့်လာတောင်းတယ်ဆိုပါတော့။ မြေးမ ကလေးဟာ အဲဒီဂြိုဟ်ကို ရောက်သွားတဲ့အခါမှာ သူရွေးချယ် ထားတဲ့ ချစ်သူတိုင်းပြည်က နေထိုင်မှုတွေကိုလည်း ကိုယ် တိုင်ဆုံးဖြတ်ချင် လေတော့ အဲဒီချစ်သူဂြိုဟ်မှာ မိသားစု တန်ဖိုးတွေ ဘယ်လိုရှိတယ် ဆိုတာကိုလည်း ကိုယ်တိုင် ကိုယ်ကျ အတွေ့အကြုံရအောင် လေ့လာမယ်လို့ သမ္မတ ကြီးကိုခွင့်ပန်တယ် ဆိုပါတော့။ အဲဒီလိုဆိုရင် မြေးမကလေး

www.burmeseclassic.com



ကို သမ္မတကြီး ဘယ်လို အကြံပေးမလဲခင်ဗျာ။ မြေး မဟုတ်ရင်လည်း အလားတူ အခြေအနေမျိုးကြုံတွေ့ နေတဲ့ ကလေး မလေးတစ်ဦး ဆိုပါတော့ ခင်ဗျာ။

ဖြေ။ ။ဒါက တကယ်မဟုတ်ဘဲ မှန်းဆချက်တစ်ရပ်အနေနဲ့ မေးတယ် ဆိုပါတော့။

မေး။ ။သမ္မတကြီးက ဒီမေးခွန်းကို မဖြေချင်ဘူးဆိုတဲ့ သဘောလား ခင်ဗျာ။

ဖြေ။ ။(စိတ်တိုသွားကာ) မဖြေချင်လို့ မဟုတ်ပါဘူးဗျ၊ ကျုပ်မှာ မြေးလည်းတစ်ယောက်မှ မရှိဘူး။ ကျုပ်ဆိုကို လာမေးတာလည်း မရှိဘူး။ 'ဝေါင့်' ဆိုတဲ့ ကောင်။

မေး။ ။ ဇောင့်ပါခင်ဗျာ။

ဖြေ။ ။ဇောင့်ဖြစ်ဖြစ်၊ ဝေါင့်ဖြစ်ဖြစ်ပေ့ါဗျာ။ ကျုပ်ဆိုကို တခြားဂြိုဟ်ကို အလည်လိုက်ပါရစေလို့ လာပြောတဲ့ မြေးလည်း မရှိဘူး၊ ဘယ်သူမှလည်း မရှိဘူး၊ ဒီတော့ ကျုပ်က ဘာပြန်ဖြေစရာ. . .။

မေး။ ။ မှန်ပါတယ် သမ္မတကြီးခင်ဗျာ၊ ရုပ်မြင်သံကြားစက်ကြီးက ဆက်ရိုက်နေတယ် ထင်ပါတယ် ဒီလိုဆို နောက်တစ်မျိုး လှည့်မေးပါရစေ၊ သမ္မတ ကတော်က. . .။

ဖြေ။ ။တော်တော်၊ ခင်ဗျားတို့ ရုပ်မြင်သံကြား ရိုက်တာတွေ ရပ်လိုက်ပါ ခုကိစ္စမှာ ဘာဖြစ်လို့ သမ္မတကတော်ကို မဆီမဆိုင်. . .။

မေး။ ။ (ဇွတ်အတင်းဆက်၍) အကယ်၍ သမ္မတကတော်ကို အက်တူ ကျွန်းကို ကုလသမဂ္ဂရဲ့ ကြီးကြပ်မှုနဲ့ တောင်ပိုင်းမှာ

www.burmeseclassic.com



ရှိတဲ့ စန်တီအာဂိုသင်္ဘောဆိပ်နားကို သင်္ဘောနဲ့ဆွဲပြီး ပြောင်းရွှေ့ပေးရမယ်လို့ အယ်လူဝီကျွန်းသားခွဲထွက်ရေး အကြမ်းဖက်သမားတွေက တောင်းဆိုနေတယ် ဆိုပါတော့၊ သူတို့က သူတို့ကျွန်းကိုအဲဒီကို သင်္ဘောနဲ့ဆွဲပြောင်းပေးလိုက်ရင် သူတို့အဖို့ ပိုပြီး ရာသီဥတုကလည်း ပူနွေးတဲ့နေရာ ရောက်လာမယ်၊ ကမ်းပေါ်ကိုတက်ပြီး ရုပ်ရှင်လည်းကြည့်လို့ရမယ်၊ မက်ဒေါ်နယ် ဟမ်ဘာဂါကလေးလည်း စားလို့ရမယ် မဟုတ်လား၊ ဒါကြောင့် သူတို့ကျွန်းကို တောင်ပိုင်းကိုပြောင်းရွှေ့ဖို့ တောင်းဆိုနေတဲ့ အဲဒီကျွန်းသားတွေက သမ္မတကတော်ကို ဓားစာခံအဖြစ် ဖမ်းသွားတယ်ဆိုပါစို့၊ ဒါတင်မကဘူး၊ အဲဒီနိုင်ငံတကာ ရာဇဝတ်ကောင်တွေက သူတို့ရဲ့ ရာဇသံကို သုံးရက်အတွင်း အကြောင်းမပြန်ရင် သမ္မတကြီးနဲ့ ရာသက်ပန်ပေါင်းသင်းလာခဲ့တဲ့ သမ္မတကတော်ကိုရော်ဘာလှေကလေးတစ်စင်းနဲ့ ဘယ်ရင်ရေလက်ကြားကို မျှော လိုက်တယ်ဆိုပါစို့၊ ဒီလိုမျှောလိုက်ရာမှာလည်း ရေခဲစိမ်ထားတဲ့ ကက်ဆက်တိပ်ခွေပဲ ပါတယ် ဆိုပါစို့၊ ဒီလိုအခြေအနေမျိုးရောက်လာရင် သမ္မတကြီး ဘယ်လိုတုံ့ပြန်မလဲ၊ သမ္မတကတော်ကို လိုက်ကယ်မှာလား။

ဖြေ။ ။(မျက်ကလဲဆန်ပျာဖြင့်) ဒါရယ်စရာပြောနေတာလားဟင်။ (ပိတ်ကားနောက်ကွယ်မှ အသံ) သမ္မတကြီး သတိထားပါခင်ဗျာ၊ သမ္မတကြီးရဲ့ အရေးကြီးတဲ့ မဲဆန္ဒရှင်တွေဖြစ်လာမယ့် လူသန်းပေါင်း ၃၀ ဟာ သမ္မတကြီးရဲ့ အဖြေကိုကြားချင်လို့ ရုပ်မြင်သံကြားစက်ရှေ့မှာကို အပြေးအလွှား

www.burmeseclassic.com



လာနေကြပါပြီ။

မေး။ ။မေးခွန်းကို ပြန်မေးပ့ါမယ် သမ္မတကြီးခင်ဗျာ၊ ဒီလိုအခြေအနေမှာသမ္မတကြီးဟာ သမ္မတကြီးရဲ့ဇနီးကိုကယ်မှာလားခင်ဗျာ၊ ဒီလို သိပ်ပြီးပြင်းထန်တဲ့၊ သိပ်ပြီး ကိုယ်ရေးကိုယ်တာဖြစ်တဲ့၊ သိပ်ပြီးလေးနက်တဲ့ အကျပ်အတည်းကြောင့်နိုင်ငံတကာ တရားဥပဒေစိုးမိုးမှုကို ကာကွယ်ရမယ်ဆိုတဲ့သမ္မတကြီးရဲ့မူကို စွန့်ပစ်မှာလား ခင်ဗျာ တစ်နည်းပြောရရင် အရာအားလုံးကို ဘုရားသခင်က သူ့အလိုတော်အတိုင်းဖန်ဆင်းခဲ့တဲ့ အတွက် ကျွန်းများဟာလည်း နေရာပြောင်းရွှေ့ခြင်းမပြုဘဲ ဘုရားသခင်ရဲ့ အလိုတော်အတိုင်းတည်ရှိသင့်တယ် ဆိုတဲ့ မူကို စွန့်လွှတ်မှာလား ခင်ဗျာ။

ဖြေ။ ။(အကျီကော်လာထဲသို့ လက်နှိုက်၍ ကုတ်ရင်း) အဲဒါကတော့ သမ္မတကတော်ကို လိုက်ပြီးကယ်ရမှာပေ့ါ တစ်ခုတော့ ရှိတယ်ပေ့ါဗျာ၊ သူက အာလာစကာကျွန်း အလွန်မှာ ရော်ဘာလှေကလေးနဲ့၊ ကျုပ်က ဒီအိမ်ဖြူတော်မှာဆိုတော့ တကယ်လက်တွေ့မှာ ဘယ်လို ကယ်ရမယ်ဆိုတာကိုတော့. . .။

မေး။ ။(လေသံတင်းလျက်)ရှင်းပါပြီ ခင်ဗျာ၊ ကျေးဇူးတင်ပါတယ်။

ဖြေ။ ။အဲဒါပေမဲ့ ဘုရားသခင်နှင့် ကျွန်းတွေကိစ္စနှင့် ပတ်သက်လို့တော့ နည်းနည်းပြောချင်တယ်ဗျာ။

မေး။ ။ဝမ်းနည်းပါတယ် သမ္မတကြီးခင်ဗျာ၊ ကျွန်တော်တို့အချိန်စေ့သွားပါပြီ၊ ခွင့်ပြုမယ်ဆိုရင် နောက်ဆုံးမေးခွန်းတစ်ခုပဲကျန်ပါတော့တယ်၊ အကယ်၍သာ သမ္မတကြီးဟာ ဒက်

www.burmeseclassic.com



ဂလက်စ်ဂျူနီယာ တစ်ယောက်ဖြစ်ပြီး ပစိဖိတ်သမုဒ္ဒရာအရှေ့မြောက်ဖျားက ကျွန်းကြီးပေါ်က တောကြီးမျက်မည်းတစ်ခုမှာ ရောက်နေတယ်ဆိုပါစို့၊ ပြီးတော့ အကယ်၍သာ သမ္ဘတကြီး ရပ်နေတဲ့ သစ်ပင်ရဲ့ အထက်ကိုင်းဖျားဟာ မျိုးနွယ်တုံးလုဆဲဖြစ်တဲ့ ခင်ပုပ်ငှက်ရဲ့ သိုက်မြုံဖြစ်တယ်ဆိုပါစို့၊ တစ်နေ့မှာ သစ်ပင်တွေကို ခုတ်လှဲတဲ့ လျှစ်စစ်လွှတိုက်သံဟာလည်း အနားကို ရောက်လာတယ်ဆိုပါစို့၊ အဲဒီအခါမှာ ခင်ပုပ်ငှက်ဟာကြောက်လန့်တကြားနဲ့ သမ္ဘတကြီးအနားမှာ အတောင် တဖျပ်ဖျပ်နဲ့ ပျံဝဲနေမယ်၊ ဒီတုန်းမှာ သစ်ခုတ်သမားတွေဟာ သမ္ဘတကြီးအနားကို ရောက်လာမယ် အဲဒီ သစ်ခုတ်သမားတွေရဲ့ ထိပ်ဆုံးမှာ အဲလဗစ်ခေါင်းဆောင်လာတယ် ဆိုပါစို့။

ရည်ညွှန်း။ Time, August 24, 1992 မှ Paul Gray ၏ Just Suppose ကို ပြန်ဆိုသည်။

www.burmeseclassic.com

# ကျေးဇူးပြု၍ အလွန်အကျွံတွေကို ရှောင်ကြပါ

အမှန်ကို ရဲရဲ ရင်ဆိုင်ကြပါစို့။ အိုလံပစ် အားကစားပွဲတော်များသည် ထိန်းမနိုင် သိမ်းမရအောင် စည်းမဲ့ ကမ်းမဲ့ ဖြစ်နေလေပြီ မဟုတ်ဘူးဟု သင် ထင်ပါသလား။ သို့ ထင်လျှင် အောက်ပါပဟေဠိလေးခုကို ဖြေကြည့်စေချင်ပါသည်။ ရစ်သမ်းပစ် ကျွမ်းဘားတွင် မည်သူသည် ရွှေတံဆိပ်ဆု ရသနည်း၊ ရစ်သမ်းပစ် ကျွမ်းဘားဆိုသည်မှာ မည်သည့်အရာနည်း၊ သုံးရက်ကြာ မြင်းပွဲတွင် ဩစတြေးလျ ဂျော်ကီ မက်သယူးရိုင်ယန် အနိုင်စီးသွားသည့် မြင်း၏အမည်ကို ဖော်ပြပါ။ အိုလံပစ်အားကစားပွဲတော်တွင် အစားအသောက်အတွက် တစ်ဦးတည်း ကန်ထရိုက်ရသူသည် မည်သူနည်း။

ဤမေးခွန်း လေးခုအနက် လေးခုစလုံးကို မှန်ကန်စွာဖြေဆိုနိုင်လျှင် သင်သည် အကြီးအကျယ် စိတ်ရောဂါဖြစ်နေပြီ။ စိတ်ဆေးရုံ

ကို သေသေချာချာတက်ကုဖို့ လိုနေပြီဆိုသည့်သဘောဖြစ်သည်။ သုံးခုကို မှန်အောင်ဖြေနိုင်သည်ဆိုလျှင် မျှော်မှန်းသော 'ဟိုဒိုရီအဆင့် အိုလံပစ်ဆုကြီး' ကို ရမည်ဆိုသည့် သဘောဖြစ်သည်။ သို့ဆိုလျှင် သင်သည် တရားဝင်အသိအမှတ်ပြုထားသော အိုလံပစ်ပွဲတော် ကင်မရာ၊ အိုလံပစ်ပွဲတော် ဖလင်ဖြင့် ဓါတ်ပုံအရိုက်ခံရမည်။ ဟိုဒိုရီ ဆိုသူမှာ အခြားသူ မဟုတ်ပါ။ ဆိုးလ်း အိုလံပစ်ပွဲတော်တုန်းက အိုလံပစ်ပွဲတော်ဖြင့် အမြတ်တွေရသွားသည့် သူဌေးကြီးဖြစ်ပါသည်။ အဖြေ နှစ်ခုကို မှန်အောင်ဖြေနိုင်လျှင် သင်သည် ရစ်သမ်းပစ် ကျွမ်းဘားသမား တစ်ဦးသော်လည်းဖြစ်မည်၊ သို့မဟုတ် ယင်း ကျွမ်းဘားသမားတစ်ဦး၏ မိဘသော်လည်း ဖြစ်မည်ဆိုသည့်သဘော ဖြစ်သည်။ စိတ်တော့ မကောင်းပါ။ သို့ဖြစ်လျှင် လူတိုင်းသည် အဖြေ တစ်ခုကိုတော့ မှန်အောင်ဖြေနိုင်လိမ့်မည် ထင်ပါသည်။ ယင်းမှာ ရွှေတံဆိပ်ဆု ရသွားသည့်အဖြေ ဖြစ်ပါသည်။ သည်လောက်ကိုတော့ မှန်ကြလိမ့်မည် ထင်ပါသည်။

အိုလံပစ်ပွဲတော်များသည် တော်တော်ရှုပ်ထွေးနေပါသည်။ အကြောင်းမူ အလွန်အောင်မြင်နေသောကြောင့် ဖြစ်ပါသည်။ ဘာစီလိုနား အိုလံပစ်တွင်ဆိုလျှင် ယခင် အိုလံပစ်ပွဲတော်များမှာ ထက် အားကစားသမားတွေ ပိုများလာပြီး ဆုတံဆိပ်တွေလည်း ပိုရလာ ကြပါသည်။ ပွဲတိုင်းကို ရုပ်မြင်သံကြားမှတစ်ဆင့် တိုက်ရိုက် ကြည့်သည့် ပွဲကြည့်ပရိသတ် ကလည်း ပို၍များလာပါသည်။ ထိုအရာများ အားလုံးသည် အိုလံပစ် ပွဲတော်များကို ကျွေးမွေးသည့် ဝတ်ဆင်ပေးသည့် အားကစား သမားများကို ဆုတိုးမြှင့်ပေးသည့်

www.burmeseclassic.com



ကုမ္ပဏီကြီးများကို လွန်စွာ ကျေနပ်စေမည်သာဖြစ်ပါသည်။ အိုလံပစ်ပွဲတော်များကို စီစဉ်သူများ (ယင်းတို့အထဲတွင် ယခု တိုင်းမဂ္ဂဇင်းကို ထုတ်ဝေသူများ လည်းပါပါသည်။) ၏ ရည်ရွယ်ချက်မှာ ရှင်းပါသည်။ သင်နှင့်မိသားစုတို့ အိုလံပစ် အားကစားပွဲ တစ်ပွဲကိုလည်း ကြည့်နိုင်စေ၊ ရွှေတံဆိပ်ရသူတစ်ဦး၏ လက်သည်းဆိုးဆေးကိုလည်း ကြည့်မြင်သဘောကျနိုင်စေ၊ အိုလံပစ် ကော်မတီက တရားဝင် ဖွင့်ထားသည့် တိုလီမိုလီ စတိုးဆိုင်သို့သွားပြီး ကြိုက်သည့် အမှတ်တရ ပစ္စည်းကိုလည်း ဝယ်နိုင်စေဆိုသည့်သဘော ဖြစ်ပါသည်။

အရောင်းအဝယ် လုပ်ငန်း၌ ထိုနည်းကို 'ခြစ်ထုတ်ယူသည့်နည်း' ဟု ခေါ်ကြပါသည်။ မျက်လုံး ပြူးမသွားပါနှင့်။ အိုလံပစ် ပွဲတော်များတွင် 'ခြစ်ထုတ်ယူသည့်နည်း' သည် ကြက်သွန်ဖြူ ကြော်ထက် မြိုးမြိုးမြက်မြက်ရှိကြောင်းကို သက်သေပြနိုင်သည့် ကုမ္ပဏီကြီးတွေ အများကြီးရှိပါသည်။ စဉ်းစားကြည့်ပါ။ အားကစားဖိနပ် လုပ်ငန်း တစ်ခုတည်းမှာပင်လျှင် တစ်ကမ္ဘာလုံးတွင် လက်လီရောင်းရသည့် ငွေမှာ တစ်နှစ်လျှင် ဒေါ်လာသန်း ၁၃၀၀ ရှိပါသည်။ ဘောင်းဘီ၊ ခြေအိတ်နှင့် ချွေးသိပ် နဖူးစည်းများ ရောင်းရငွေမှာ ဒေါ်လာ သန်းပေါင်း ၁၅၀၀ လောက် ရှိပါသည်။ ထို့ကြောင့် မိုက်ကယ်ဂျော်ဒန်က သူ့ကို ဦးဆောင်ထောက်ခံထားသည့် ဖိနပ် ကုမ္ပဏီကြီး နိုက်ကီမှထုတ်သည့် ဖိနပ်ကိုစီးကာ ဆုလက်ခံရာ ခုံမြင့်ပေါ်တွင်ရပ်ပြီး ဘတ်စကတ်ဘောရွှေတံဆိပ်ဆုကို လက်ခံနေသည်ကိုမြင်ရသည့်အခါတွင် ရီဘော့ ကုမ္ပဏီမှလူများသည် ဝမ်းသာသဖြင့် မည်မျှ ဆွေ့ဆွေ့ခုန်ကြမည်ကို သိသာနိုင်ပါသည်။ ရီဘော့ ကုမ္ပဏီမှာ ဆုလက်ခံရာ ခုံမြင့်များ

ပုံစံကိုထုတ်ရန် တစ်ဦးတည်း ကန်ထရိုက်ရထားသူများ ဖြစ်သော ကြောင့် ဖြစ်ပါသည်။

အိုလံပစ်စီးပွားရေး လုပ်ငန်းသည် အိုလံပစ် ကော်မတီကိုလည်း အကျိုးရှိစေပါသည်။ ၁၉၈၀ ပြည့်နှစ်တွင် ဂျွန်အန်တိုနီယို ဆာမာရန့် အိုလံပစ် ကော်မတီ ဥက္ကဋ္ဌ ဖြစ်လာသည့်အချိန်မှစ၍ ကော်မတီ၏လခစား အချိန်ပြည့် ဝန်ထမ်းပေါင်းမှာ ၃၀ မှ ၁၀၀ အထိ တိုးလာခဲ့ပါသည်။ ထိုအချိန် အတွင်းတွင် ရုပ်မြင်သံကြား ရိုက်ကူးခွင့်နှင့် ဆော်ဩသူလုပ်ခွင့် လက်မှတ်များကို ရောင်း၍ ရသည့် ဝင်ငွေမှာလည်း အများကြီးတိုးလာခဲ့ပါသည်။ ဥပမာအားဖြင့် အင်ဘီစီရုပ်မြင်သံကြား ကုမ္ပဏီသည် အိုလံပစ် အားကစားပွဲများကို ရုပ်မြင်သံကြား ရိုက်ကူးခွင့်ရရန်အတွက် ဒေါ်လာ ၄၀၁ သန်း ပေးဝယ်ခဲ့ရသည်။ အဓိကဦးဆောင်သူဟူသော နာမည်ကို ရရန်ကုမ္ပဏီ တစ်ဒါဇင်ခန့်ကို လက်မှတ်ရောင်းချခဲ့ရာ ထိုကုမ္ပဏီများထံမှ ဒေါ်လာ သန်း ၁၇၀ နောက်ထပ်ရရှိ ခဲ့သေးသည်။ သို့ရာတွင် နိုင်ငံတကာ အိုလံပစ်ကော်မတီသည် ဂိုဏ်းချုပ်ကြီးတွေ၏ ကျောင်းတိုက်နှင့် တူနေပါသည်။ အိုင်အိုစီ (နိုင်ငံတကာ အိုလံပစ် ကော်မတီ) သည် မီးခိုးများဖြင့် အချက်ပြ ဆက်သွယ်ခြင်း မပြုပါ။ အိုင်အိုစီသည် မင်းသားတစ်ပါး၊ သို့မဟုတ် မြို့စားတစ်ဦးက ခေါင်းဆောင်သလား မပြောတတ်ပါ။ ၉၆ ဦးသော အိုင်အိုစီ ကော်မတီဝင်တို့သည် သူတို့ အချင်းချင်းကိုမှအပ အခြား မည်သူ့ကိုမျှ အရေးမလုပ်ကြပါ။ အိုင်အိုစီ၏ ဘတ်ဂျက်သည် လျှို့ဝှက်ချက်တစ်ရပ် ဖြစ်ပါသည်။ 'ကျွန်မတို့ကော်မတီက အစုရှယ်ယာတွေ

www.burmeseclassic.com



ဝင်ထားတဲ့ ကုမ္ပဏီမှ မဟုတ်တာဘဲ’ ဟု ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး မစ်ရှယ်ဗားဒီးယားက ပြောပါသည်။

အလွန်များပါသည်။ အိုလံပစ်ပွဲတော် အားကစားပွဲများတွင် အစုရှယ်ယာဝင်ပေါင်း သန်း ၅၄၀၀ ရှိပါသည်။ အားကစားပွဲတော်များ၏ ပန်းတိုင်နှင့်ရည်ရွယ်ချက်ကို ကြေညာရာ၌ အိုလံပစ် အားကစားပွဲတော် ပဋိညာဉ် စာတမ်းတွင် ‘လူ၏ဂုဏ် သိက္ခာကို ထိန်းသိမ်းရန် ရည်ရွယ်သော ငြိမ်းချမ်းသည့် လူ့အဖွဲ့အစည်း တည်ထောင်ရေးကို အားပေး မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် လူ၏ တိုးတက်မှုကို တစ်ပြေးညီ ဖြစ်စေသောအားကစားပွဲများ ကျင်းပရန်မှာ ကော်မတီ၏ ရည်ရွယ်ချက်ဖြစ်သည်’ ဟု ဆိုခဲ့ပါသည်။ သို့ရာတွင် နောက်တစ်မျက်နှာ၌ အိုလံပစ် ကော်မတီက သူ့ကိုယ်သူ အထွတ် အထိပ် အာဏာပိုင် အဖြစ် ကြေညာလိုက်သည့်အခါတွင် အထက်ပါဖော်ပြချက်သည် ရေဖြစ်သွားပါတော့သည်။ သင်သည် အသက် ရှစ်နှစ်တုန်းက ရှားပါးသည့် ရှေးဟောင်း ဖန်ရေတကောင်း ကို ကွဲအောင် လုပ်မိခဲ့လျှင် သင့် အမေသည် အထွတ်အထိပ် အာဏာပိုင်သူဖြစ်ပါသည်။ အချို့သော ဘာသာတရားများ(အားလုံး မဟုတ်)တွင် နတ်များသည်လည်း ထို့အတိုင်းပင် ဖြစ်ပါသည်။ သို့ရာတွင် အာဏာရှိလာပြီးစ အိုလံပစ် ပွဲတော်များကြောင့် မောက်မာ လာကြသော ဘလေဇာအင်္ကျီဝတ်ထားသူတို့ကား ထိုသို့ အထွတ်အထိပ် အာဏာပိုင်ရန် အခွင့်အရေး မရှိပါ။

အိုလံပစ် အားကစားပွဲတော်များ တိုးတက်လာစေလိုလျှင်

www.burmeseclassic.com



အိုလံပစ်ကော်မတီကို တိုးတက်အောင်လုပ်ခြင်းနှင့် အစပြုရပါလိမ့်မည်။ ကိုယ့်ကိုကိုယ် ရာသက်ပန် အာဏာပိုင်ခန့်အပ်ခြင်းသည် အိုလံပစ် လှုပ်ရှားမှု၏ အကျိုးစီးပွားနှင့် မကိုက်ညီပါ။ အိုလံပစ်ကော်မတီဝင်သည် ရှစ်နှစ်တစ်ကြိမ်တည်းသာ သက်တမ်း ရှိသင့်ပါသည်။ ရွေးကောက်ပွဲဖြင့် လုပ်သင့်ပါသည်။ ရွှေတံဆိပ်ရသူတိုင်းမဲ တစ်မဲ ပေးပိုင်ခွင့် ရှိသင့်ပါသည်။ ကော်မတီဝင် ၆၀% သည် လက်ရှိ အားကစားလုပ်နေသော အားကစားသမားများ ဖြစ်သင့်ပါသည်။ အားကစားတွင် အဓိကကျသူများမှာ အရာရှိများ မဟုတ်ဘဲ ထိုသူများသာ ဖြစ်ပါသည်။ အကြမ်းအားဖြင့် အိုလံပစ်အားကစားပွဲ ပွဲစဉ် တစ်ဝက်သည် အမျိုးသမီးများ အတွက် ဖြစ်သင့်ပါသည်။ ထို့ကြောင့် အိုလံပစ် ကော်မတီဝင် တဝက်သည်လည်း အမျိုးသမီးများ ဖြစ်သင့်ပါသည်။ ယခုပင်လျှင် အိုလံပစ်အားကစားပွဲ အိမ်ရှင်လုပ် လိုသော မြို့များနှင့် အငြင်းပွားနိုင်သော ရိုးဖြောင့်မှုမျိုး ရှိသည့် ကော်မတီဝင်များကြား တွင် အပေးအယူ ရှိသည်ဟု ပြောနေကြပြီ မဟုတ်လော။ ဆောင်းရာသီ အိုလံပစ်အားကစားပွဲတော်များကို ယခု တည်ဆောက်ပြီး ဖြစ်သည့် နေရာများဖြစ်ကြသော အဲ့လ်ပ် တောင်တန်း တစ်နေရာမှာ ဖြစ်စေ၊ ရှာမို့ုင်းမှာ ဖြစ်စေ ကျင်းပသင့် သည်။ ဘာစီ လိုနာ အိုလံပစ်အားကစားပွဲမှာ အောင်မြင်စွာပြီးခဲ့ပြီ။ နောက်တစ်ပွဲကို အတ္တလန္တာသို့ပေးသင့်သည်။ ထို့နောက် တစ်ပွဲကို ကာတာလိုနီးယားသို့ပြန်ပေးသင့်သည်။ အိုလံပစ်အားကစားပွဲတော် ၏ အခြေအမြစ်သည် အက်သင်းဟု လက်ခံသင့်သည်။ သို့ရာတွင် အက်သင်းတင်ဝိုက်က လေ အမျိုးအစားမှာ ပါးလွှာသည့်အတွက်

www.burmeseclassic.com



အားကစားသမားများကို လည်းကောင်း၊ ပွဲကြည့်ပရိသတ်ကို လည်းကောင်း မွန်းကျပ်စေသည်။ နောင် ဘာစီလိုနာတွင် ကျင်းပမည့် အိုလံပစ် အားကစားပွဲများတွင်လည်း ထိုကိစ္စကို အရေးတကြီး သတိမူ၍ ပွဲတော်ကို အေးချမ်းသည့် ဆောင်ဦးပေါက်တွင် ကျင်းပသင့်သည်။

ပွဲတော်တွင် မူးယစ်ဆေး ကိစ္စကို ပြီးအောင်ရှင်းသင့်သည်။ ပွဲတော်သို့သွားရန် ရွေးချယ်ခြင်းခံရသူတို့ကို သာမက အားကစားသမားအားလုံးအား သွေးစစ်သင့်သည်။ ထို သွေးစစ်ရာတွင် ပွဲတော်သွားမည့် အားကစားသမားများ ကြိုတင်မသိစေရန်အတွက် ကြိုက်သည့် အချိန်ကို ခေါ်ယူ၍ စစ်ဆေးကြည့်သင့်သည်။ အားကစားသမားများကိုမူ သူတို့ကြိုက်မှ စစ်ဆေးခံပိုင်ခွင့် ရှိသည်။ ယင်းမှာ သူတို့၏ ကိုယ်ပိုင် အခွင့်အရေးဖြစ်သည်။

နွေရာသီတွင် ကျင်းပသော အိုလံပစ် အားကစားပွဲများတွင် အားကစား အစီအစဉ်များကို လျှော့ချသင့်သည်။ သို့ရာတွင် ရစ်သမ်းမစ် ကျွမ်းဘားမှာ အားကစားရုံထဲတွင် အချိန်မရွေး ကျင်းပသင့်သည်။ အမျိုးသားအလံများ အားလုံးကို လွှင့်ထူခွင့်မပေးလျှင် ပိုကောင်းနိုင်သည်။ 'တို့နိုင်ငံက ပထမကွ' ဟု လက်မထောင်ချင်သော လူမျိုးတွေကို ဆာရာယေဗိုသို့ ဝမ်းဝေးတစ်ကက်ဖြင့် ပို့သင့်သည်။ ငါ့လူမျိုးမှ ငါ့လူမျိုးဆိုသော အဓိပ္ပာယ်မရှိသည့် အစွဲကြောင့် ဆာရာယေဗိုတွင် လူတွေ ဘယ်လိုဖြစ်နေကြသည်ကို သူတို့အား ကိုယ်တိုင်ကိုယ်ကျ ကြည့်ခွင့် ပေးသင့်သည်။ နောက်ဆုံးအားဖြင့် ဝတ်စုံများ၊

www.burmeseclassic.com



ဖိနပ်များ၊ နေကာမျက်မှန်များ၊ည ခြေအိတ်များတွင် ရိုက်ထားသည့် တံဆိပ်များကို ဖြုတ်ပစ်သင့်သည်။ အားကစားသမားများအား (စီးပွားရေး ကုမ္ပဏီများအတွက် ကြော်ငြာပေးခြင်း မဟုတ်ဘဲ) သူတို့ကိုယ်တိုင် သူတို့ ကြော်ငြာပါစေ။ ဂုဏ်ပြောင်သော ပါဝင် ယှဉ်ပြိုင်သူများအား လူသား၏ကြိုးပမ်းမှုကို အဆုံးစွန် ရောက်အောင် ဆန့်တန်း အားထုတ်ပါစေ။

ရည်ညွှန်း။ Time, August 17, 1992 မှ Paul A. Witteman
၏ Less Wretched Excess, Please ကို ပြန်ဆိုသည်။

www.burmeseclassic.com

# ကမ္ဘာကြီးသည် နတ်ဥယျာဉ် မဟုတ်

စာကလေးများသည် နှောင့်ယှက် ဖျက်ဆီးတတ်သော သတ္တဝါများ ဖြစ်သည်ဟုဆိုကာ တရုတ်ပြည်၏ခေါင်းဆောင် မော်စီတုန်းသည် တစ်ခါက စာကလေးများ အပေါ်တွင် စစ်ကြေညာခဲ့ဖူးသည်။ သူ၏ ကြေညာချက်ကြောင့် သန်းပေါင်းများစွာသော တရုတ် ပြည်သူများသည် လမ်းမများပေါ်သို့ ထွက်လာခဲ့ကြကာ သံပုံးများ၊ လင်ပန်းများကို တီးကာ စာကလေးများကို ခြောက်ထုတ်ခဲ့ကြဖူးသည်။ တရုတ်လူထုကြီးသည်အားကုန် မောပန်းသွားသည် အထိ စာကလေး များကို တောထုတ်မောင်းနှင် ပစ်ခဲ့ကြသည်။ စာကလေးများ ရန်မှ ကင်းဝေးသွားသည့်အခါတွင် ပက်ကျိများသည် တစ်စခန်း ထလာကြ ကာ ကောက်နှံများကို ဝါးမျို ကိုက်ဖြတ်ပစ်ခဲ့ကြသည်။ သစ်ပင်များပေါ်တွင် တရွရွ တက်လာကြသည်။

www.burmeseclassic.com



လမ်းသွားလမ်းလာတို့ အပေါ်သို့မိုးရွာသည့်နှယ် ကျလာ ကြသည်။ ဤတွင် စာကလေးသုတ်သင်ရေး စစ်ပွဲကို ရပ်ဆိုင်း ပစ်လိုက်ရသည်။

သဘာဝကြီးကို တားဆီးပစ်ရမည်ဟူသော ထိုမဟာအစဉ် အလာအတိုင်း ယခုအာလာစကာ ပြည်နယ်သည်လည်း ဝံပုလွေ များ ကိုသုတ်သင်ရှင်းလင်းပစ်ရန် စစ်ကြေညာလိုက် ပြန်လေပြီ။ ရည်ရွယ် ချက်မှာ ယခုတိုင် ဦးရေ အတော်များနေသေး သော ဒရယ်ကြီးမျိုးနှင့် ဆတ်မျိုတို့ကို ထိန်းသိမ်းရန် ဖြစ်သည်ဟုဆိုသည်။ တောပစ်မုဆိုးနှင့် ကမ္ဘာလှည့်ခရီးသည် များကို ဆွဲဆောင်ရန်လည်း ဖြစ်သည် ဆို၏။ သို့ရာတွင် အကြောင်း မဟုတ်ပါ။ ဝံပုလွေ ဦးရေသည် များသည်ထက် များလာကာ သူတို့အဖို့ မကြာခဏ ဆိုသလို အငတ်ပြဿနာနှင့် ကြုံတွေ့နေကြရသည်။ အာလာစကာ ပြည်နယ်သည် ဝံပုလွေများကို စစ်ကြေညာသည့် အချိန်လောက် မှာပင် တောင်ပိုင်းပြည်နယ် ၄၈ပြည်နယ်တို့တွင်လည်း တိရစ္ဆာန် မျိုးနွယ် ထိန်းသိမ်းရေးသမားများသည် ဝံပုလွေ သုတ်သင်ရေး အတွက် နည်းလမ်းများကို ရှာဖွေနေ ကြသည်။

ယင်းမှာ သဘာဝ လောကကြီးကို လူက မိမိစိတ်တိုင်းကျ ဖြစ်အောင် ပုံသွင်းရန် ကြိုးပမ်းမှု တစ်ရပ်ဟုပင် ဆိုရတော့မည်။ လွန်စွာမောက်မာ၍ လွန်စွာအမြင်တိုသော အာလာစကာပြည်နယ်၏ ဆုံးဖြတ်ချက်သည် ဇီဝဗေဒ၏ အကျိုးအတွက်သာမဟုတ်ပါ။ ကိုယ်ကျိုး စီးပွား သက်သက်အတွက်သာ ဖြစ်ပါသည်။ သတ္တဝါမျိုးနွယ် တစ်ခု ဖြစ်သော ကျွန်ုပ်တို့လူသားများက သဘာဝကြီးနှင့် ကင်းကွာပြီး

www.burmeseclassic.com



သဘာဝကြီးကို ရန်ပြုနေသည်ကို မြင်ရသည်မှာ တော်တော်တော့ စိတ်ဆင်းရဲစရာ ကောင်းပါသည်။ အာလာစကာပြည်နယ်၏ မိုက်မဲမှုမှာ ကမ္ဘာကြီးကို 'နတ်ဥယျာဉ်'အဖြစ်ပြောင်းလိုသော ဆန္ဒဖြစ်သည်။ တစ်နည်းပြောရလျှင် သတ္တဝါမျိုးနွယ်တစ်ခုကို ဦးရေလျော့နည်းအောင် လုပ်ပြီး အခြားမျိုးနွယ်တစ်ခုကို ဦးရေတိုးအောင လုပ်ခြင်းဖြင့် သဘာဝကြီးအား လူတို့၏ ပျော်ရွှင်မှု သက်သက်အတွက် ဖန်တီးရန် ဖြစ်သည်။ ဤသို့သော တိရစ္ဆာန်မြင်မြင်သမျှကို တိုက်ခိုက်နေလျှင် တိရစ္ဆာန်အုပ် ခေါင်းဆောင်များကို သတ်မိပြီး ကျန်ခဲ့သည့် ဝံပုလွေတို့ အကွဲကွဲအပြားပြားဖြစ်နိုင်သည်။ ဝံပုလွေ ပေါက်ကလေးများကို အန္တရာယ်ဖြစ်စေသည်။

ယင်းသို့ သဘာဝကြီး၏ အစဉ်အတိုင်း ဖြစ်ပျက်နေသည့် သဘောကို ပြောင်းပြန်လှန်ပစ်ခြင်း၊ ရှုတ်ချ အထင်သေးခြင်းသည် အသစ်အဆန်းတော့ မဟုတ်ပါ။ သဘာဝကြီးသည် ကိုယ့်ကိုယ်ကိုယ်ကုသ ကာကွယ်နိုင်သော စွမ်းအားရှိသည်ဟူသောအချက် နှင့် အခြားသော သက်ရှိသတ္တဝါများအား လူက ကျွန်ပြုခွင့်ရှိသည် ဆိုသောအချက်တို့ကို များစွာသော အမေရိကန် လူမျိုးများက သံသယ ဖြစ်နေချိန်၊ မေးခွန်းထုတ်နေချိန်တွင် ထိုသို့သဘာဝကြီးကို ပြောင်းပြန် လှန်ပစ်ရန် ကြိုးစားခြင်းကတော့ နည်းနည်းဆန်းနေပါသည်။

ကျွန်ုပ်တို့ လူသားများသည် အလိုလိုက်ခံရ၍ ပျက်စီးနေသော ကလေးငယ်တစ်ယောက်လို သဘာဝကြီးကို ကိုယ့်ဒေသ

အကျိုး၊ ကိုယ်နိုင်ငံရေး အကျိုး၊ စီပွားရေး အကျိုးတို့နှင့် ကိုက်အောင် သဘာဝကြီးသည် ကျွန်ုပ်တို့ လိုချင်တောင့်တနေသော အရာကို ပေးရန် ငြင်းဆိုမည်သာ ဖြစ်သည်။ ကျွန်ုပ်တို့ လိုချင်နေသော အရာမှာ သဘာဝကြီးကိုလူက ပိုင်ဆိုင်သည် ဆိုသည့်အသိစိတ် ဖြစ်သည်။ သဘာဝကြီးသည် သူ့ဘာသာ သီးခြားရပ်တည်၍ နေရသည်ဟု မရှိဘဲ လူ၏ အမျိုးမျိုး ပုံသွင်းခြင်းကိုသာ ခံနေခံရသည်။ သဘာဝကြီးသည် ဖျက်ဆီးပစ်မည်လော၊ ထိန်းသိမ်း ထားမည်လော ဆိုသည့် ငြင်းခုံမှု၏ အကြောင်းအရာ ဖြစ်ခဲ့ရသည်။ တစ်ခါတစ်ရံတွင် သဘာဝကြီးသည် တိုးတက်ဖွံ့ဖြိုးမှုကို ဟန့်တား နေသည့် ချစ်စဖွယ် အတားအဆီးဟု မြင်သူမြင်ကြသည်။ တစ်ခါတစ်ရံ တွင် လည်း သဘာဝကြီးသည် အလှအပတွေ စုဝေးရာဟု စိတ်ကူးယဉ် သူတို့က မြင်ကြသည်။ တစ်ခါတစ်ရံတွင်လည်း သဘာဝကြီးသည် လူ့စိတ်အလို မလိုကသည့်စက်ယန္တရားကြီးဟု တွေးခေါ်ရှင်တို့က လှောင်ပြောင် သရော်ကြသည်။ သို့ရာတွင် သဘာဝကြီး၏ တကယ့်တန်ဖိုးကိုမူ သဘာဝကြီး ပျက်ပြုန်းသွားချိန် အထိ ကျွန်ုပ်တို့ သဘောပေါက် နိုင်ကြမည် မထင်ပါ။

ကျွန်ုတို့သည် သဘာဝကြီးကို ဖြုန်းတီး စားသုံးပစ်ပြီး သည့်နောက်တွင် သဘာဝ၏ဆုံးရှုံးမှုများကို ဖုံးကွယ်ရန်အတွက် အတု များကို ဖန်တီးတတ်ကြပါသေးသည်။ အမေရိကန် တော်တော် များများ သည် ယနေ့ သူတို့တွေ့နေရသည့် လူစိုက်သည့်အစားထိုး တောအုပ် ကလေးများကို တကယ့်တောကြီး မျက်မည်းဟု ထင်နေကြ ပါသည်။ယခင်က သစ်တောကြီးများရှိခဲ့သည့် နေရာတွင် ယခု

www.burmeseclassic.com



သစ်ပင်ပျိုးခင်း များနှင့်ရွယ်တူ မျိုးတူ အမြင့်တူလောက်ရှိသော ခင်တန်းကလေး များကို မြင်ကြရပါသည်။ ချုပ်၍ပြောရလျှင် လူစိုက်ထားသည့် သစ်တောများလောက်ကိုသာမြင်နေကြရပါသည်။ ငါးမျှား သူများသည် မြစ်များ ချောင်းများထဲတွင် ငါးမျှားတံကို ချလိုက်သည့် အခါတွင် နေရင်းဇာတိ မဟုတ်သော ငါးများကိုသာ တွေ့နေ ကြရပါသည်။ ယခုအချိန်၌ အမေရိကန်ချောင်းများထဲတွင် ဌာနေငါးများဖြစ်သည့် လည်ပြတ်ငါးသလောက်ယောက်ဖငါးနှင့် ငါးကြင်းတို့သည် ဆုတ်ခွာစ ပြုကာ ဥရောပ ငါးသလောက်ညိုမျိုးနှင့် သတက် ရောင်စုံငါးမျိုးတို့သာလျှင် ကူးခတ် နေကြလေပြီ။ အမေရိကန် တောများတွင် စိုင်များနှင့်အခြား သော အသင်းအအုပ်နှင့်နေသည့် တောသတ္တဝါများသည် မုဆိုးတွေ လက်မှိုင်ချရလောက်အောင် ပျောက်ကွယ်စ ပြုနေလေပြီ။

အမေရိကန်တို့သည် ထိုမျှသာလျှင် သဘာဝကြီးကို ဖျက်ဆီး နေသည် မဟုတ်သေးပါ။ အရီဇိုးနားပြည်နယ် ကန်များထဲတွင် အပွားမြန်သော တရုတ်ငါးကြင်းများကိုလွှတ်ကြသည်။ ဂေါက်ကွင်း ရေအိုင်များထဲတွင် ပေါက်နေသော ပေါင်းမြက်မရှိအောင်ဆိုကာ အပွားမြန်သော တရုတ်ငါးကြင်းများကိုလွှတ်ပြီး မွေးကြသည်။ သို့ဖြင့် သဘာဝအလှသည် ပျက်စီးသွားခဲ့ရသည်။ အာဖရိက ငါးတစ်မျိုး ဖြစ်သည့် တီလားပီးယားငါးကို တူးမြောင်းတွေထဲသို့ လွှတ်၍ မွေးခဲ့ကြသဖြင့် တူးမြောင်းရေစီးရေလာကို ပိတ်ဆို့ထားသည့် ဒိုက်သရောတို့ကို ရှင်းလင်းနိုင်ခဲ့သည် မှန်ပါ၏။ သို့ရာတွင် ထိုငါးများ သည် ကိုလိုရာဒိုမြစ်ထဲက ငါးသိုင်းကိုစားပစ်ခဲ့ကြသည်။ အမေရိကန်

ပြည်ထောင်စု၊ အနောက်ဘက် ကမ်းခြေမှသည် အရှေ့ဘက်ကမ်းခြေ အထိဥရောပ ဆက်ရက်မျိုးများသည် ကောင်းကင်ကို မှောင်မည်း သွားအောင် အုပ်လိုက်ကြီးစိုးခဲ့ကြသည်။ လွန်ခဲ့သည့် ရာစုနှစ် တစ်ခု လောက်က လူတချို့က ရှိက်စပီးယား၏ပြဇာတ်များကို ဖတ်၍ ထိုငှက် များကို သဘောကျကာ အမေရိကသို့ ယူလာပြီး လွှတ်ခဲ့ကြရာမှ ပေါက်ဖွားလာခဲ့ကြခြင်း ဖြစ်သည်။ ယခုအချိန်တွင်မူ သန်းပေါင်း များစွာသော ဆက်ရက်များသည် အမေရိကန်ကောက်နှံ များကို ဖျက်ဆီးစားသောက်လျက်ရှိကာ ဌာနေငှက်မျိုးဖြစ်သော ငှက်ပြာမျိုး ကို အမျိုးတုံးအောင် လုပ်ခဲ့ကြသည်။ ယခုတစ်ခါတွင်လည်း အမေရိကန် များသည် မျိုးခြားအပင်များကိုယူ၍ စိုက်ခဲ့ကြသဖြင့် ထိုအပင်တွေ ပွားလာနေလေပြီ။ ယင်းတို့အထဲတွင် ကွတ်ဇူ၊ ဟိုက်ဒရီလာ နှင့် ဗေဒါပင်တို့ အပါအဝင်ဖြစ်သည်။

အမေရိကန်တို့သည် သဘာဝကြီးနှင့် ဆော့ကစား လေလေ ကိုယ်မနိုင်သည့်ဇာတ်ကို ကြုံရလေလေ အဖြစ်မျိုးနှင့် တိုးနေကြ ရသည်။ ကူးသန်း သွားလာမှုများနေသော ကမ္ဘာကြီးတွင် 'အာလာ စကာ ပြည်နယ်' သည်ရှေးဟောင်းသံစဉ် တစ်ခုလိုသန့်ရှင်း နေခဲ့ သည်။ ကြော်ငြာကတ်ကလောက်များတွင် သဘာဝကို ပြန်သွားကြ ဆိုသည့် ကြော်ငြာမျိုး၊ 'ဝံပုလွေတို့၏ ကခုန်ခြင်း' နှင့် 'နောက်ဆုံး မိုဟီကန်များ' စသည့် ရုပ်ရှင်များကို မြို့နေလူထုက နှစ်နှစ်ခြိုက်ခြိုက် ကြည့်နေခြင်းတို့ကို ထောက်၍ အမေရိကန်တို့သည် သဘာဝကြီး၏ ဖြူစင် သန့်ရှင်းမှုကို တောင့်တနေကြောင်း ထင်ရှားသည်။ ယခုခေတ် လူငယ်များသည် ရှေးဟောင်းသစ်တောကြီးများ၊ ငါးသလောက်

www.burmeseclassic.com



ယောက်ဖနှင့် ဝံပုလွေ အူသံတို့ကို တွေ့ဖူးမြင်ဖူး ကြားဖူးကြတော့မည် မထင်။ ထိုအရာများအစား ကျယ်လောင်သော သဘာဝထိန်းသိမ်း ရေး ကြွေးကြော်သံများလောက်ကိုသာ ကြားနေရပေတော့မည်။ လေးလံ သောအရပ်မှမိုးရာသီ သစ်တောကြီးများ ထိန်းသိမ်းရေး၊ ရှားပါး တိရစ္ဆာန်မျိုးနွယ်များ ထိန်းသိမ်းရေးစသည့် အသံများကိုသာ ကြားနေ ရပေတော့မည်။ ထိုအသံများကြောင့်သာလျှင် တောရိုင်း၊ တိရစ္ဆာန် တို့သည် ကျန်ရှိနေဦးမည်ဟူသော အသိဖြင့် ဖြေသိမ့် နေရတော့မည်။

သို့ရာတွင် ထိုတိုက်ပွဲ အနိုင်ရ မရ ကိစ္စမှာလူ့အပေါ်တွင် သာ တည်ပါသည်။ သဘာဝကြီးကို ထိန်းသိမ်းသူဖြစ်လာဖို့အတွက် လူသည် သဘာဝကြီး၏အပေါ်တွင် မဟုတ်ဘဲ သဘာဝကြီး၏ အထဲတွင် မိမိ၏နေရာမှန်ကို ပြန်လည်သတ်မှတ်ဖို့ လိုပါသည်။ သဘာဝကြီးကို တည်ဆောက်သည့် ဗိသုကာမဟုတ်ဘဲ သဘာဝကြီး ထဲတွင် မှီတင်းနေထိုင်သူ ဖြစ်ဖို့လိုပါသည်။ သဘာဝကြီးကို ကိုယ့်စိတ်တိုင်းကျ ပြုပြင်ဖန်တီးဖို့ မြှူဆွယ်နေသော စက်မှုသိပ္ပံ ပညာ၏ မြှူဆွယ်မှုကို ကြံ့ကြံ့ခံနိုင်ဖို့ လိုပါသည်။ တစ်ခါက ဝင်ရိုးစွန်း ဝက်ဝံများကို လေယာဉ်ဖြင့် လိုက်လံပစ်ခတ်ခြင်း မပြုရန် တားဆီး ပိတ်ပင်ခဲ့သည့်အာလာစကာပြည်နယ်သည် သဘာဝကြီး၏ ဟန်ချက်ညီညီ တည်ရှိနေမှုကို ဖျက်ဆီးလိုသူတို့၏ အလိုသို့ လိုက်ရန်ပြင်ဆင်နေလေပြီ။ ဤသည်မှာ မကောင်းသော ဇီဝဗေဒ ပညာရပ်တစ်ခုမျှသာ မကပါ။ ဝံပုလွေတို့၏ ကံကြမ္မာအတွက် ဝမ်းနည်းဖွယ် ဖြစ်ပါသည်။ ဝံပုလွေ သည် အရိုင်း၏လှပခန့်ညား

www.burmeseclassic.com



သော သင်္ကေတ ဖြစ်ပါသည်။ ကိုယ်မအုပ်စိုးနိုင်သဖြင့် ဖျက်ဆီး သုတ်သင်ပစ်ရန် ကြိုးစားသော လူ၏ အားထုတ်မှု၏ သားကောင် ဖြစ်ပါသည်။ အချုပ်ပြောရလျှင် ဝံပုလွေသည် ကျွန်တော်တို့နှင့် သဘာဝကြီး၏ ပဋိပက္ခတို့ ပေါင်းရာ ဖြစ်ပါသည်။ အာလာစကာ ကောင်းကင်ယံတွင် ပျံဝဲနေသော ရဟတ် ယာဉ် ပြတင်းပေါက်မှ ရိုင်ဖယ်သေနတ်ပြောင်းများ ပေါ်ထွက်လာကာ အောက်မှကြောက် လန့်နေသော ဝံပုလွေကို ချိန်ရွယ်လိုက်ခြင်းသည် လူက တိရစ္ဆာန် အပေါ်တွင် ကြောက်ဖွယ် တန်ခိုးအားဏာရှိကြောင်း ကို ပြသလိုက် ခြင်းမျှ သာမက (ဟုတ်ကဲ့) လူသည် မသိသား ဆိုးဝါးသည့် သတ္တဝါ ဖြစ်ကြောင်းကိုလည်း ပြသလိုက်ခြင်းပင် ဖြစ်ပါသည်။

ရည်ညွှန်း။ Time, December 28, 1992 မှ Ted Gup ၏ The World is not A Theme Park ကို ပြန်ဆိုသည်။

# နာမည်တစ်လုံး၏ ဝန်ထုပ်ဝန်ပိုး

တစ်ခါတစ်ရံ၌ နာမည်တစ်ခုသည် ရယ်စရာကောင်းသည့် ကံကြမ္မာတစ်ခုဖြစ်သည်။ ဥပမာအားဖြင့် ၁၆၀၉ ခုနှစ်တုန်းက ဦးသီလ ဟုနာမပညတ်ရှိသော လူတစ်ယောက်သည် ဆပ်ဆက်စ်နယ်တွင် နေထိုင်ခဲ့ဖူးသည် မှတ်တမ်းအရ ထိုနှစ်နွေဦးပေါက်၌ သူသည် အခြားသော သူ၏ပျူရီတန် အိမ်နီးချင်းများနှင့်အတူ ဂျူရီခုံသမာဓိအဖွဲ့တွင်ပါဝင်ရသည်။ ထိုအထဲတွင် ဦးသိက္ခာ၊ ဦးသမာဓိ၊ ဦးသာခု၊ ဦးပညာ စသူတို့လည်း ပါဝင်ကြသည်။ သနားစရာ ပုဂ္ဂိုလ်များ ပေတကား။ သူတို့မွေးလာသည့်အခါတွင် သူတို့မိဘများသည် သူတို့ကို ဘာသာရေးဆန်သော တန်ပါကပ် တံဆိပ်များအဖြစ် ပြောင်းလဲပစ်ကြသည်တကား။

နာမည်များသည် ထူးဆန်းသော ဝန်စည်များကို သယ်ဆောင်

www.burmeseclassic.com



လာတတ်ကြသည်။ မလိုတမာ ပြက်ရယ်ပြုစရာများ၊ ခံပြင်းစရာ အရှက်ရမှုကြောင့်ဖြစ်ရသော ထူးဆန်းသည့်ခွန်အားများကို သယ်ဆောင် လာတတ်ကြသည်။ ၁၇ ရာစုနှစ်တုန်းက ရှိခဲ့သော ပျူရီတန်ခေတ်၏ အခြားသော ကလေးငယ်တစ်ဦးမှာ ဦးဝက်ကြီးဆို သည့် အမည် ပညတ် ခံရန် လူဖြစ်လာခဲ့ရသည်။ ဦးဝက်ကြီးသည် သူ့ကိုယ်သူ ထိုနာမည်ဖြင့် တစ်သက်လုံးအမည်တွင်၍ နေထိုင်သွား ခြင်းဖြစ် ဟန်တူသည်။

နာမည်များတွင် ရှုပ်ထွေးပွေလိမ်သော သူတို့ကိုယ်ပိုင် ဇာတ်လမ်းများ ရှိကြသည်။ အိမ်ထောင်ကျသည့် အမျိုးသမီးလည်း ဖြစ်၊ အာဏာရသည့် နေရာသို့လည်းရောက်ပြီဆိုလျှင် (အနည်းဆုံး အမေရိကန် ပြည်ထောင်စုတွင် ဆိုပါတော့။) ထိုပြဿနာသည် တော်တော် အရေးကြီးသည့် ပြဿနာ ဖြစ်လာတော့သည်။ အမည် ကင်ပွန်း တပ်သည့် ထုံးစံသည် အန္တရာယ်များလှသော နိုင်ငံရေးနှင့် ဣတ္ထိယ ဝါဒနယ်ပယ် ထဲသို့ ဝင်ရောက်လာသည့်အခါ၌ ဟီလာရီ ရော့ဒမ် ကလင်တန် ဟူသော တရားဝင် အရှည်ကောက် အမည်သည် အောင်မြင် ရရှိခဲ့သော ရလဒ်များကို ဖော်ညွှန်းနေသကဲ့သို့ ရှိသည်။

'ဟီလာရီ ရော့ဒမ် ကလင်တန်' ဟူသော အမည်၏ သမိုင်း သည် အတ္ထုပ္ပတ္တိတစ်ခုကဲ့သို့ နောက်ကြောင်း ရာဇဝင်ရှိပေသည်။ (အမေရိကန် သမ္မတကြီး) ဘီလ်ကလင်တန်၏ အမည်(ရင်း) မှာ ဝီလီယံ ဂျက်ဖာဆန် ဘလိုက်ဖြစ်သည် ငယ်ရွယ်သည့် အရောင်း ကိုယ်စားလှယ် တစ်ဦးဖြစ်သည့် သူ့ဖခင်၏ အမည်မှာ ဝီလီယံ ဂျက်ဖာဆန် ဘလိုက်(၃) ဖြစ်ပြီး ဘီလ်မမွေးခင်တွင် မော်တော်ကား တိုက်မှုဖြစ်ပြီးကွယ်လွန်သွားခဲ့သည်။ ယခုသိပြီးဖြစ်ကြသည့်အတိုင်း

www.burmeseclassic.com



အသက် ၁၅ နှစ်ရွယ် အနာဂတ် သမ္မတလောင်းသည် သူ့အမည်ကို ဘီလ် ကလင်တန်ဟု တရားဝင်ပြောင်းခဲ့သည်။ ယင်းသို့ ပြောင်းခဲ့ရခြင်းမှာ သူ့မိခင်နှင့်သူ့ပထွေး ရော်ဂျာ ကလင်တန်တို့နှင့်အတူ မိသားစု သွေးစည်းမှုကို ပြသရန်ဖြစ်သည်။ ၁၉၇၅ ခုနှစ်တွင် ဘီလ် ကလင်တန် လက်ထပ်သည့်အခါ၌ သူ့ဇနီး အသစ်စက်စက်သည် ဟီလာရီ ရော့ဒမ် ဟူသော အမည်ကို ဆက်ခံရန်ရွေးချယ်ခဲ့သည်။ သို့ရာတွင် နောင် ငါးနှစ်အကြာ၌ ဘီလ် ကလင်တန်သည် အာကင်ဆောပြည်နယ် ဘုရင်ခံအဖြစ် ပြန်လည်အရွေးခံရန် ယှဉ်ပြိုင်ခဲ့ရာတွင် ရှုံးနိမ့်သွားခဲ့သည်။ ထိုအခါ၌ ထုံးတမ်းစဉ်လာအရ မိသားစု မျိုးရိုးကို ပေါ်ထင် စေရန်အလို့ငှာ ဟီလာရီရော့ဒမ်သည် သူ့ကိုယ်သူ ဟီလာရီ ကလင်တန်ဟူသော အမည်ကို စတင်ခံယူလာခဲ့သည်။ သို့ရာတွင် ကလင်တန်ဟူသော အမည်မှာ ဘီလ်၏ မူရင်းနာမည် မဟုတ်သည့်အလျောက် ဘီလ်၏အမည်ကို အတိအကျ ခံယူခြင်းမျိုးကား မဟုတ်သေးချေ။ ဘီလ်ဟူသောအမည်မှာ တစ်ခါက သူ၏ မွေးနာမည်မှ ထုတ်ပယ်ပစ်ခဲ့ဖူးသည်။ ထို့ကြောင့် ဟီလာရီမှာလည်း နှစ်ကြိမ်ပြန်၍ ပယ်ဖျက်ခဲ့ရဖူးသည်။

နာမည်တစ်ခုသည် တစ်စုံတစ်ရာကို ထုတ်ဖော်ခြင်းသည် ပြုတတ်သည်။ သို့မဟုတ် တစ်စုံတစ်ရာကို ဖုံးကွယ်ခြင်းလည်း ပြုတတ်သည်။ အချို့သော လူ့အဖွဲ့အစည်းများ၌ (ဥပမာ အာရပ်နှင့် တရုတ်လူ့အဖွဲ့အစည်းများ) ရုပ်ရည် ချောမောလှပသည့် ကလေးငယ်များကို ငခွေး၊ မိခွေး ဟုလည်းကောင်း၊ ဖိုးအ၊ ရွှေအ ဟုလည်းကောင်း၊ မောင်ရုပ်ဆိုး၊ မကျည်းတန်ဟု လည်းကောင်းမှည့်ခေါ်တတ်ကြသည်။ သို့ ပြောင်းပြန် မှည့်ခေါ်ခြင်းမှာမကောင်းဆိုးဝါး

www.burmeseclassic.com



မျက်စိတို့ကို ရှောင်ကွင်းရန် ဖြစ်သည်။ အချို့မကောင်းဆိုးဝါး မျက်လုံးတို့ကို ၁၉၉၂ ခု ဒီမိုကရက်တစ် သမ္မတလောင်း အမည်သို့ ပို့ဆောင် ပေးနိုင်ကြောင်းကို ဟီလာရီရော့ဒမ် ကောင်းကောင်း သိသည်။ ထို့ကြောင့် တိတ်ဆိတ်၍ လူမသိ သူမသိ ဖြစ်နေသော အိမ်ရှင်မ ဘဝတွင် သူသည် 'ဟီလာရီ ကလင်တန်' မျှသာဖြစ်ပြီး ဘီလ်အားလေးစား ကြည်ညိုသူများ လုပ်ဖော်ကိုင်ဖက်များကို ခေါင်း ညိတ်ပြခဲ့သည်။ ကမ်းခြေတွင် အန္တရာယ်ရှင်းသွားသည်အထိ သူသည် 'ဟီလာရီ ကလင်တန်' ဟူသော အမည်တွင် တစ်ပိုင်းတစ်စ ပုန်းနေ ခဲ့သည်။ သမ္မတ ကျမ်းကျိန် အခမ်းအနားကျင်းပသည်နှင့် ကြောက် ဖွယ်ကောင်းသော တရားဝင် သုံးလုံးတွဲ အမည်သည် သံချပ်ကာ ကားတန်းကြီး ဝင်ရောက်လာသကဲ့သို့ အကျအနနေရာ ဝင်ယူတော့ သည်။ ဟီလာရီရော့ဒမ် ကလင်တန်တဲ့။

အိမ်ထောင်ရှင် အမျိုးသမီး၏ အမည်ပြဿနာသည် စိတ် ပျက်စရာ ကောင်းသော အရှုပ်အထွေး တစ်ခု ဖြစ်နိုင်သည်။ အမေရိကရှိ အိမ်ထောင်ရှင် အမျိုးသမီးများအတွက် ရွေးချယ်စရာ လေးခုရှိသည်။ ယင်းတို့မှာ (၁) မွေးနာမည် နောက်ဆုံးအလုံးကို ယူမည်လော၊ (၂) ခင်ပွန်းသည် နာမည်၏ နောက်ဆုံးအလုံးကို ယူမည်လော၊ (၃) ဟီလာရီရော့ဒမ် ကလင်တန်ဟု မှည့်သကဲ့သို့ နာမည် သုံးလုံးတွဲကို ယူမည်လော။ ယင်းသို့ သုံးလုံးတွဲ နာမည်မျိုး ကို ၁၉၇၀ ပြည့်နှစ်များ အတွင်းတုန်းက အမေရိကန် အမျိုးသမီး များစွာ ခံ့ယူခဲ့ကြသည်။ မွေးရာနာမည်ရော၊ ကိုယ့်ခင်ပွန်း၏ နာမည်ရော၊ မျိုးရိုး နာမည်ရော သုံးခုစလုံးပါအောင်မှည့်ခဲ့ကြခြင်း မျိုးဖြစ်သည်။

www.burmeseclassic.com



(၄) သို့မဟုတ် သက်မွေးဝမ်းကျောင်းဆိုင်ရာ ကိစ္စများတွင် ကိုယ်ပိုင်နာမည်ကိုသုံးပြီး ကိုယ်ရေးကိုယ်တာကိစ္စများတွင် ခင်ပွန်းသည်၏ နာမည်ကို သုံးမည်လော ဆိုသည့်နည်းလမ်းများဖြစ်သည်။

တချို့လည်း ရှိသေးသည်။ သုံးကြိမ် လက်ထပ်ပြီး သုံးကြိမ် ကွာရှင်းခဲ့သည့် အမျိုးသမီး တစ်ယောက်သည် ကိုယ့်မျိုးရိုး နောက်ဆုံးနာမည် အပါအဝင် နောက်ဆုံးနာမည် လေးမျိုးစလုံးကိုသုံးကာ ရာသီအလိုက် စိတ်အခြေအနေပြောင်းသည့်အလိုက် ထိုနာမည်လေးမျိုးကို အဝတ်အစား လဲသကဲ့သို့ တစ်လှည့်စီ ပြောင်းလဲသုံးသွားကြခြင်းမျိုး ဖြစ်သည်။ အမေရိကတွင် လုပ်ရိုးလုပ်စဉ်မှာ အမျိုးသမီးတစ်ယောက်သည် အသက် ၂၀ နှင့် ၃၀ အကြားတွင် သူ့ခင်ပွန်း၏ နာမည်ဖြင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းတွင် အောင်မြင် နာမည်ကြီးလာခဲ့ပြီး ထိုလူနှင့်ကွာရှင်းကာ နောက်တစ်ယောက် တစ်ဖန် အိမ်ထောင်ပြု (ဆိုပါစို့) ထိုအခါမျိုးတွင် ပထမခင်ပွန်းသည်၏ နာမည်ကို သူ၏ သုံးလုံးတွဲ အမည်ထဲတွင် အလယ်မှ ထည့်ထားတတ်ကြသည်။

နာမည်များသည် ထူးဆန်း၍ ဖျောက်ဖျက်၍မရနိုင်သော စွမ်းအားကို ပိုင်ဆိုင်ကြသည်။ တစ်ခါတစ်ရံတွင် အဖျက်စွမ်းအားရှိသည်။ တစ်ခါတရံ အပြုစွမ်းအားရှိသည်။ တစ်ခါတရံ လှောင်ပြောင်သရော် စွမ်းအားရှိသည်။ နာမည်တစ်ခုသည် အရောင်ဖြာထွက်မှုဖြစ်သည်။ အဝတ်အစားတစ်ခုဖြစ်သည်။ နာမည်များသည် လူ့စရိုက်ကို မည်မျှ ဖော်ကျူးနိုင်ကြောင်းကို ချားလ်ဒ်ဒစ်ကင်းကောင်းကောင်းသိသည်။

သိက္ခာရှိသော လူတစ်ယောက်အတွက် နာမည်ဘယ်နှစ်ခု

www.burmeseclassic.com



လိုပါသနည်း။ သာမန်အားဖြင့် ဆိုရလျှင်မူ ငှက်တွင် အတောင်နှစ်ဖက်လိုသကဲ့သို့ လူတစ်ယောက်တွင်လည်း နာမည်နှစ်လုံးတော့ရှိသင့်သည်။ နာမည် နှစ်လုံးထက်ပိုပြီဆိုလျှင်ကား 'အိုဗာဝိတ်'ဖြစ်နေပြီ။ လူများနှင့် အမည်များကို မှည့်ခေါ်ထားသည့် နာမည်စာလုံး၏ အဓိပ္ပာယ်သည် ပြောင်းလဲတတ်သော သဘောရှိသည်။ အချို့သော ယဉ်ကျေးမှုများတွင် အရွယ်ကိုလိုက်၍ နာမည်အမျိုးမျိုးပြောင်းကြသည်များလည်းရှိသည်။ တရုတ်ထုံးစံတွင် ကျောင်းသားရွယ်သူငယ်ကလေးကို ကျောင်းအမည်သတ်သတ်ပေးထားကြသည်။ မင်္ဂလာဆောင်သည့်အခါနှင့် အလုပ်လျှောက်သည့်အခါတို့တွင် ကျောင်းအမည်ကို အသုံးပြုတတ်ကြသည်။

ဟီလာရီရော့ဒမ် ကလင်တန်သည် အိမ်ဖြူတော်တွင် တန်ခိုးကြီးလာသည်နှင့်အမျှ သူ့အမည်သည် ဆက်လက်ပြောင်းလဲနေနိုင်သေးသည်။ နောင်နှစ်တွင်ဆိုလျှင် 'အိတ်ချ်၊ အာရ်၊ ကလင်တန်' ဟုပြောင်းလဲနိုင်သည်။ ထို့နောက် နှစ်တွင် 'အိတ်ချ်၊ အာရ်၊ (ဘော့) ကလင်တန်' ဟုလည်းပြောင်းလဲနိုင်သေးသည်။

ရည်ညွှန်း။ Time, March 8, 1993 မှ Lance Morrow ၏
The Strange Burden of Name ကို ပြန်ဆိုသည်။

www.burmeseclassic.com

## အကြောက်လွန်ခြင်း၏ သားကောင်များ

၁၉၇၇ခုနှစ်တုန်းက (အမေရိကန်) သမ္မတ ကာတာက 'ကွန်မြူနစ် ဝါဒကို အလွန်အမင်း ကြောက်ရွံ့ခြင်း'ကို ရပ်တန်းက ရပ်ကြရန် အမေရိကန်ပြည်ထောင်စုကို တိုက်တွန်းခဲ့သည်။ ထိုစကားလုံးများသည် သမ္မတ ကာတာကို ပြန်၍ ခြောက်လှန့်နေခဲ့ကာ သူ့အား ' ကမ္ဘာ့ရေးရာ အသိ ခေါင်းပါးသူ' ဟူသောဂုဏ်သတင်းဖြင့် ကျော်စောစေခဲ့သည်။ သူ၏ ထိုမိန့်ခွန်းကို ၁၉၈၃ခုနှစ်တွင် ပြောကြားခဲ့သော သမ္မတ ရော်နယ်ရေဂင်၏ 'မကောင်းဆိုးဝါး အင်ပါယာ' မိန့်ခွန်းနှင့် မတူဟု နှိုင်းယှဉ်ဝေဖန်တတ်ကြသည်။ယုတ္တိဗေဒသဘောအားဖြင့် ကြည့်လျှင်မူ ထိုမိန့်ခွန်းနှစ်ခု၏ အနှစ်သာရသည် တစ်ခုနှင့်တစ်ခု ဆန့်ကျင်ခြင်းမရှိကြပါ။ သမ္မတ ကာတာသည် ကွန်မြူနစ်ဝါဒအား အလွန်အမင်း ရွံ့မုန်းသည်ဟုလည်း ပြောမသွား

www.burmeseclassic.com



ပါ။ 'ကြောက်ရွံ့ခြင်း' ဆိုသည့်စကားလုံးကိုသာ သုံးသွားခဲ့ပါသည်။ ဆိုလိုသည်မှာ နိုင်ငံရေးနှင့်စီးပွားရေးစနစ် တစ်ရပ်အနေဖြင့် ကွန်မြူနစ်ဝါဒကို အလွန်အမင်း အထင်မကြီးနှင့် ဆိုသည့်သဘော ဖြစ်ပါသည်။

ယခုအချိန်တွင်မူ သူ့စကားမှန်ကြောင်းကို သမိုင်းက သက်သေပြခဲ့ပြီး မဟုတ်လော။ ထူးခြားသော ပြောင်းလဲမှုကြီးများ ပေါ်ပေါက်ခဲ့ပြီး ခြောက်နှစ်အကြာ (ဆိုဗီယက်ယူနီယံမှ) ဩဂုတ်လ အာဏာသိမ်းပွဲ နောက်ပိုင်းတွင် ကွန်မြူနစ်ဝါဒီ၏ ထိခိုက်ကွဲရှလွယ်မှု ကိုကြည့်၍ လူတိုင်းလိုလိုပင် အံ့အားသင့်ကြရသည်။ ဝါရှင်တန်တွင် ရောဘတ်ဂိတ်စ်အား စီအိုင်အေ (ဗဟိုထောက်လှမ်းရေးအေဂျင်စီ) ညွှန်ကြားရေးမှူး ခန့်ရေးမခန့်ရေးနှင့် ပတ်သက်၍ ကြားနာစစ်ဆေး သည့်အခါ၌ ထိုသို့ အလွန်အမင်း ကြောက်ရွံ့မှုကို ထုတ်လုပ်ပေးလိုက် သည့် ယန္တရားကြီးကို မြင်တွေ့လာခဲ့ကြသည်။

အထူးသဖြင့် အထက် လွှတ်တော်အမတ် ပက်ထရစ် မွိုင်နီဟမ်သည် စစ်အေးကာလ စီအိုင်အေ၏ အရေးကြီးပုံကို ပုံကြီးချဲ့ ကာ ဆိုဗီယက်တို့၏ ကွန်မြူနစ်စနစ်စမ်းသပ်ထူထောင်မှု သည် အန္တရာယ်ကြီး လှသည်ဟု အကျယ်လောင်ဆုံး ကြွေးကြော်ခဲ့သည်။ 'သမ္မတအားလုံး လိုလိုကပဲ ဆိုဗီယက်ယူနီယံရဲ့တိုးတက်မှုနှုန်းထား ဟာ ကျွန်တော်တို့ထက် အများကြီးသာလွန်သွားပြီလို့ သိထားခဲ့ကြတယ်' ဟု သူကပြောခဲ့သည်။ ဆိုဗီယက်တို့သည် အမေရိကန်ကိုမီနေပြီဟု စီအိုင်အေက အမြဲတမ်း အစီရင်ခံခဲ့သည်။ ၁၉၇၀ပြည့်နှစ်လွန်များ နှောင်းပိုင်းတုန်းက ဆိုဗီယက် စီးပွားရေးသည် အမေရိကန် စီးပွားရေး၏ သုံးပုံနှစ်ပုံရှိနေပြီဟု စီအိုင်အေက အစီရင်ခံခဲ့သည်။

www.burmeseclassic.com



(ယင်းမှာ နောင်တွင် အဓိပ္ပာယ် မရှိကြောင်းကို တွေ့ရသည်။) အင်ဂိုလာ၊ နီကာရာဂွါ စသည့်နေရာများမှကွန်မြူနစ်အစိုးရများ၏ အရေးကြီးပုံကို အကျယ်ချဲ့ အစီရင်ခံပြီးနောက်စီအိုင်အေ သည် ဆိုဗီယက်ယူနီယံ အတွင်းမှ လူမျိုးရေးနှင့်အမျိုးသားရေးချိန်ကိုက်ဗုံး များအကြောင်းကို လုံးဝ ထည့်သွင်းစဉ်းစားခြင်း မပြုဘဲထား ခဲ့သည်။

ရောဘတ်ဂိတ်စ်၏ ကိစ္စကို ကြားနာရာတွင် အထက်လွှတ် တော် အမတ်များသည် လွန်ခဲ့သည့် စီအိုင်အေ၏ ဆောင်ရွက်ချက် များတွင် ရောဘတ်ဂိတ်စ်၏ အခန်းကဏ္ဍနှင့်တကွ ထိုဆောင်ရွက် ချက် များသည် မူရှိသော ယုံကြည်ချက်အရ ဆောင်ရွက်ခြင်းလော၊ သို့မဟုတ် ကိုယ်ရေးကိုယ်တာ ရည်မှန်းချက်ကြောင့် ထိုသို့ဆောင်ရွက် ခြင်းလောဆိုသည်ကို ဆုံးဖြတ်ရန်ကြိုးစားခဲ့သည်။ မည်သို့ဖြစ်စေ စီအိုင်အေသည် ဆိုဗီယက်ကွန်မြူနစ် ဝါဒအားတရိပ်ရိပ်ကြီးထွားနေ သော ခြိမ်းခြောက်မှုတစ်ရပ်အနေဖြင့် အထောက်အထားအမျိုးမျိုး ဖြင့် တင်ပြရန် တစ်ဖက်သတ်ကြိုးစားခဲ့သော အဖွဲ့အစည်းတစ်ခု ဖြစ်ကြောင်းကို တွေ့လာခဲ့ရသည်။ ပုပ်ရဟန်းမင်းကြီးအား လုပ်ကြံရန် ကြိုးပမ်းမှု နောက်ကွယ်တွင် ဆိုဗီယက်တို့ လက်ချက်ပါဝင်နိုင် ကြောင်းဖြင့်လည်း စီအိုင်အေသည် ရည်ရွယ်ချက်ရှိရှိဖြင့်တစ်ဖက် သတ်ကျသော အစီရင်ခံချက်များကို သမာသမတ်ကျသော ထင်မြင် ချက်များ ဖြစ်လေဟန် တင်ပြခဲ့သည်။ ဆိုဗီယက်တို့သည် အီရန်ကို ထိုးဖောက် ရန် ကြိုးစားနေသည်ဟူသော အကြောင်းပြချက်ဖြင့် အယာတိုလာ ခိုမေနီကို လက်နက်ရောင်းရန် ထောက်ခံခဲ့ကြသည်။ ထိုအချက်သည် မှန်ကြောင်းကို ရောဘတ်ဂိတ်စ် ကိုယ်တိုင်ကပင်လျှင်

www.burmeseclassic.com



ယခုဝန်ခံနေ လေပြီ။

ကွန်မြူနစ်ဝါဒ အဘယ်ကြောင့် ကျဆုံးသွားရသနည်း။ ကွန်မြူနစ် ဝါဒ၏အနာဂတ်ကို အကဲဖြတ်ရာတွင် မည်သူမှန်သနည်း၊ မှားသနည်းဆိုသည့်အချက်ကို အမေရိကန် လစ်ဘရယ်များနှင့် ကွန်ဆာဗေးတစ်များကြားတွင် ကာလကြာမြင့်စွာ ငြင်းခုံ နေကြပေလိမ့်ဦးမည်။ စီးပွားရေးစနစ် တစ်ခုအနေဖြင့် ကွန်မြူနစ် ဝါဒသည် မျှော်လင့်စရာမရှိသော စနစ်တစ်ခုဖြစ်သည် ဆိုသည့် အချက်သည် ကွန်မြူနစ်ဝါဒကျဆုံးရသည့် အဓိက အကြောင်းအရင်း ဖြစ်သည်။ အမေရိကန် လစ်ဘရယ်များနှင့် ကွန်ဆာဗေးတစ်များ သည် ထိုအချက်ကိုစိတ်ထဲက ယုံကြည်ကြသော်လည်း ဦးနှောက်ထကမူယုံကြည်ခြင်း မရှိကြချေ။ ကွန်မြူနစ်ဝါဒသည် အောင်မြင်မည် မဟုတ်ဆိုသည့် အချက်ကို သူတို့အားလုံးသိသည့်တိုင် သူတို့သည် ထိုအချက်ကိုမေ့နေကြသည်။ ထိုအမြင် နှစ်ခုအနက် ကွန်ဆာဗေးတစ်များမှာ ပို၍မှား သည်ဟု ကျွန်တော်ထင်ပါသည်။ ဆိုဗီယက်စီးပွားရေးသည် မည်မျှ ချွတ်ခြုံကျဖြစ်နေသည့်တိုင် စစ်အင်အားသည် အတိုင်းအဆမရှိ ကြီးထွားနေဦးမည်ဟု သူတို့ ယူဆနေသောကြောင့် ဖြစ်ပါသည်။

ဒုတိယ အရေးကြီးဆုံး ပြဿနာမှာ အာဏာရှင် စနစ်အောက်တွင် အနှစ် ၇၀ နေခဲ့ကြသည့် ပြည်သူများ၏ ပုဂ္ဂိုလ်လွတ်လပ် မှု စိတ်ဓါတ်ဆိုင်ရာ ပြဿနာဖြစ်ပါသည်။ ထိုကိစ္စတွင် လစ်ဘရယ်နှင့် ကွန်ဆာဗေးတစ် နှစ်ဖက်စလုံးသည် သူတို့မျှော်လင့်မထားသော အဖြစ်ကို တွေ့လိုက်ရသဖြင့် အံ့အားသင့်နေကြသည်။ ကွန်မြူနစ်များသည် မျိုးဆက်သုံးဆက် လုံးလုံး ဆိုဗီယက် လူသား

www.burmeseclassic.com



သစ်ကို ပုံသွင်းရန် ကြိုးပမ်းခဲ့ကြသည်။ ထိုလုပ်ငန်းသည် ထိုမျှလောက် အရာမထင် ဖြစ်လိမ့်မည်ဟု အပြင်မှ လူများအနေဖြင့် သံသယ မဖြစ်ခဲ့ကြပါ။ အခွင့်အရေးအနည်းငယ်ရသည်နှင့် လူထုများသည် သူတို့လိုလား တောင့်တသည့်အရာကို သိရှိကာ ထိုအရာကို တောင်း ဆိုခဲ့ကြသည်ကို တွေ့ရပါသည်။ ရုပ်မြင်သံကြားနှင့် ကွန်ပျူတာ စသည်တို့ လွတ်လပ်ခွင့်ကိုအားပေးလှုံ့ဆော်သော ပစ္စည်း များသည် လူထုကို အသိ အမြင်ဖွင့်ပေးရာတွင် တစ်စိတ်တစ်ပိုင်း အထောက်အကူပြုသည် မှန်သော်လည်း ထိုအရာများ သက်သက် အတွက်ကြောင့်လူထုသည် နိုးကြားလာခြင်း မဟုတ်ပါ။ ဤ တစ်ချက် တွင်မူ လူမှု အင်ဂျင်နီးယား ရင်းခေါ် လူမှုဗိသုကာ တည်ဆောက်မှုကို လျှော့တွက်ခဲ့သည့်အတွက် အမေရိကန်ကွန်ဆာဗေးတစ်များ၏ အမှားဟု ဆိုနိုင်ပါသည်။

ဆိုဗီယက်တို့ကျဆုံးရသည့် တတိယ အကြောင်းရင်းမှာ အမေရိကန်နှင့် အနောက်နိုင်ငံများ၏ ဆယ်စုနှစ်ပေါင်းများစွာကြာ သော ဝန်းရံပိတ်ဆို့မှုကြောင့်ဖြစ်ပါသည်။ ဤအချက်တွင် လစ်ဘရယ် များနှင့် ကွန်ဆာဗေးတစ်များ နှစ်ဦးစလုံး အကဲဖြတ်ပုံ တူကြပါသည်။

သူတို့နှစ်ဦးနှစ်ဖက်ကြား အဓိကကျသည့် အငြင်းပွားစရာ အချက်မှာ ဆိုဗီယက် ကျဆုံးမှုသည် ၁၉၈၀ ပြည့်လွန်နှစ်များက သမ္မတ ရေဂင် ချမှတ်ခဲ့သော စစ်ရှိန် တိုးမြှင့်မှုကြောင့်ဟုတ် မဟုတ် ဆိုသည့်အချက် ဖြစ်ပါသည်။ ယင်း အချက်ကမူ မှန် မမှန် ကံသေ ကံမ ပြောဖို့ တော်တော်ခက်ပါသည်။ အမေရိကန်သည် ထိုလမ်းစဉ်

ကို မလိုက်ဘဲ တခြားလမ်းစဉ်ကို လိုက်ခဲ့လျှင် ယနေ့ ကမ္ဘာကြီးသည် မည်သို့မည်ပုံဖြစ်နေမည် ဆိုသည်ကိုလည်း မည်သူမျှ ပြောနိုင်မည် မဟုတ်ပါ။ သို့ရာတွင် စဉ်းစားစရာ အချက် တချို့တော့ ရှိပါသည်။

ပထမအချက်အားဖြင့် မိမိ၏ ဗျူဟာသည် ဆိုဗီယက် ယူနီယံအား လက်နက်အပြိုင် တပ်ဆင်ပွဲထဲ သွတ်သွင်းပစ်ခြင်းဖြင့် ဆိုဗီယက် ယူနီယံအား တဖြည်းဖြည်းအားနည်းသွားစေကာ ထိုအားနည်းချက်အပေါ်တွင် အမြတ်ထုတ်ယူသော မဟာဗျူဟာဖြစ် သည်ဟု သမ္မတ ရေဂင်က တစ်ခါမျှထုတ်ဖော် ပြောဆိုခြင်း မပြုသော အချက်ဖြစ်ပါသည်။ အမှန်အားဖြင့် ၁၉၈၀ ပြည့်လွန် နှစ်များတုန်းက အမေရိကန်ပြည်ထောင်စုတွင် လက်နက် တပ်ဆင်စုဆောင်းခဲ့ခြင်းမှာ ရုရှတို့ကို အမီလိုက်ရန် အပြင်းအထန် ကြိုးပမ်းမှု တစ်ရပ်အနေဖြင့် လုပ်ခဲ့ခြင်းသာ ဖြစ်ပါသည်။ သို့ဖြင့် သမ္မတရေဂင်သည် သူ့ပေါ်လစီကို မိမိကိုယ်မိမိ ကာကွယ်ရေး ပေါ်လစီအဖြစ် အသွင်ဆောင်ကာ အမေရိကန် လူထုများအား အလွန်အမင်း ရန်လိုသော ကျူးကျော်ရေး ပေါ်လစီထဲသို့ ဆွဲခေါ် သွားခြင်းသာ ဖြစ်သည်။

အကယ်၍ ထိုပေါ်လစီသည် အောင်မြင်ခဲ့သည်ဆိုလျှင် ထိုပေါ်လစီနောက်ကိုလိုက်ရန် မည်သူမျှငြင်းကြမည်မဟုတ်ပါ။ သို့ရာတွင် ထိုပေါ်လစီသည် အောင်မြင်ခဲ့ပါသလော။ အကယ်၍ အဖြစ်အပျက်များသည် တစ်မျိုးတစ်ဖုံဖြစ်သွားခဲ့လျှင် ကွန်မြူနစ်ဝါဒသည် ယနေ့တိုင် လှည့်လည်သောင်းကျန်း နေကြသေး သည်ဆို

www.burmeseclassic.com



လျှင် စီအိုင်အေသည် ဆိုဗီယက်တို့၏ ကြီးထွားတိုးတက်မှုဆိုသည့် အထင်တကြီး ခန့်မှန်းချက်များကို ဆက်လက်ပြုလုပ်နေသေးသည် ဆိုလျှင် ထိုအချက်များသည် ရောဂါ၏ပေါ်လစီ မှန်ကြောင်းကို သက်သေထူနိုင်ပေလိမ့်မည်။ ထိုအချက်ကိုမူ သေချာပေါက် ပြောနိုင်ပါသည်။

ကွန်မြူနစ် အစိုးရ တစ်ခုပြိုလဲသွားစေရန်အတွက် မည်သည့် အတိုင်းအတာအထိ ရန်ပြုဆန့်ကျင် သင့်ပါသနည်း။ ဤ မေးခွန်းကို ဖြေရန် အတွက်မူ ကတ်စထရို၏ ကျူးဘားနိုင်ငံကို ဥပမာအဖြစ် စဉ်းစားသင့်သည် ထင်ပါသည်။ ကျူးဘားနိုင်ငံသည် အမေရိကန်က တစ်လျှောက်လုံး စွဲစွဲမြဲမြဲ ဆန့်ကျင်ခဲ့သော ကွန်မြူနစ်နိုင်ငံ ဖြစ်ပါသည်။ ဆယ်စုနှစ် လေးခုလုံးလုံးအမေရိကန်နှင့် ကုန်သွယ်မှု မရှိ၊ ပြေလည် သင့်မြတ်မှု မရှိ၊ ခေါင်းဆောင်ချင်း တွေ့ဆုံပွဲ မရှိ၊ ဘာမျှ မရှိသည့် နိုင်ငံဖြစ်သည်။ ထိုနိုင်ငံသည် ပြုပြင် ပြောင်းလဲခြင်း ဟူ၍ အလျှင်းမရှိသည့် နောက်ဆုံးကွန်မြူနစ်နိုင်ငံဖြစ်ပါသည်။ ဤသည်မှာ မတော်တဆ တိုက်ဆိုင်မှုဟု ဆိုရတော့မည်လော။

ဆိုပါတော့၊ တစ်နှစ်လျှင် ဆယ်ရာခိုင်နှုန်းလောက် ယိုယွင်း ပျက်စီးနေသည့် ဆိုဗီယက်စနစ်တစ်ခုသည် အမေရိကန်၏တွန်းအား ပယောဂမပါဘဲ သူ့အလိုအလျောက်ပြိုလဲသွား မသွားဆိုသည်ကို စဉ်းစားကြည့်လျှင် ထိုသို့တွန်းအား ပေးရခြင်းသည် အမေရိကန်တို့ အဖို့လည်း လွန်စွာတန်ဖိုးကြီးလှသည်ဆိုသည့် အချက်ကို သတိရ သင့်ပါသည်။ အမေရိကန် ကာကွယ်ရေးစရိတ်သည် ထိပ်ဆုံးမှ

www.burmeseclassic.com



ကျဆင်းလာခဲ့ကာ တဖြည်းဖြည်းဆက်လက်ကျဆင်း နေသည့်တိုင် အမေရိကန်တို့သည် ၁၉၈၀ပြည့်နှစ်လွန် နှစ်များတုန်းက ကုန်ကျခဲ့သည့် စရိတ်များကို နောင်လာမည့် ဆယ်စုနှစ်ပေါင်းများစွာ အထိပေးဆပ်နေရဦးမည် ဖြစ်ပါသည်။ ထိုသို့ လက်နက်တွေ ထုတ်လုပ် တပ်ဆင်သဖြင့် အကျိုးရှိသည်ဆိုလျှင် ကုန်သင့်ကုန်ထိုက်သည့် ပိုက်ဆံ ဖြစ်ပါသည်။ သို့ရာတွင် ကျွန်တော်တို့မှာမူ (ဂျီအီးဂျီလန့်ဆိုသကဲ့သို့) 'အလွန်အမင်းကြောက်ရွံ့ခြင်း၏ သားကောင်' မျှသာ ဖြစ်နေပါလိမ့်မည်။

ရည်ညွှန်း။ Time, November 4, 1991 မှ Michael Kinsley ၏ Just Why Did Communism Fall? ကို ပြန်ဆိုသည်။

www.burmeseclassic.com

## ဝက်ဝံကြီး လာဦးမည်လော

ရုရှပြည်တွင် ဘောရစ်ယယ်လ်ဆင်နှင့်ပြုပြင်ရေး ဝါဒီများက အနိုင်ရလိုက်သည့် အချက်သည် ကောင်းသောအရာ ဖြစ်သည်။ ဤသည်ကို ဘာမျှသံသယဖြစ်ဖွယ်မရှိပါ။ သို့ရာတွင် ထိုသို့အနိုင်ရရန် အတွက် စစ်တပ်၏ ပစ်ခတ်အားကို ယူရခြင်းမှာမူ ကောင်းသော အရာတစ်ခု မဟုတ်ပါ။ မော်စကိုက နိုင်ငံရေး အကွဲအပြဲတွင် လက်နက်ကိုင်အင်အားစုများသည် ပို၍ အမြော် အမြင်ရှိသည့်ဘက်သို့ ရောက်လာကြသည့်အတွက် အနောက်နိုင်ငံ ခေါင်းဆောင်များသည် များစွာစိတ်သက်သာရာ ရသွားကြသည်မှာ မှန်ပါသည်။ သို့ရာတွင် ကရင်မလင်၏ ပေါ်လစီချမှတ်ရေး ကိစ္စများ၌ တန်ခိုးအားဩဇာရှိသည့် နေရာများသို့ ဗိုလ်ချုပ်များရောက်လာ သည် ဆိုသည့်အနှောက်အယှက် ဖြစ်စရာအဖြစ်တော့ ရင်ဆိုင် ရပေ

www.burmeseclassic.com



လိမ့်မည်။ ယခုပင်လျှင် အနေအထားများသည် မာကျော‌စ ပြုလာနေလေပြီ။ ဒီမိုကရေစီနှင့် ပြုပြင်ပြောင်းလဲရေး ဂီတသံချိုချို၏ နောက်ကွယ်တွင် ဆိုဗီယက်သံ ပါသော အကြောင်းအရာများကို ဖော်ပြသည့် ပွဲတင်သံဟောင်းများကို ကြားနေရလေပြီ။ ယခင်ကဲ့သို့ပင် အနောက်နိုင်ငံများ အပေါ်တွင် သက်ာမကင်းဖြစ်မှု၊ လက်နက်လျှော့ပါးရေး ရည်မှန်းချက်များကို ဖော်ဆောင်ရန် ဝန်လေးသည့် ဆုတ်ဆိုင်းမှုစသည့် အရိပ်အယောင် များကို မြင်နေရလေပြီ။

မော်စကိုက စာရင်းရှင်းပွဲ မတိုင်မီကတည်းက ပေါ်ပေါက်လာသော ရုရှစစ်ဖက်ဆိုင်ရာတို့၏ တင်းမာမှုဒဏ်ကို ခံလိုက်ရသည့် ပထမဆုံး သားကောင်မှာ နေတိုး (မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့) တိုးချဲ့ဖွဲ့စည်းရေး ရည်မှန်းချက်ဖြစ်သည်။ ဒုတိယ သားကောင်မှာ စီအက်ဖ်အီး (ခေါ်) ဥရောပရှိ သမားရိုးကျ လက်နက်တိုက် အင်အားစုများဆိုင်ရာ စာချုပ်ဖြစ်ဖွယ်ရှိသည်။ ယင်းစာချုပ်သည် လွန်ခဲ့သည့် ဆယ်စုနှစ်တစ်ခုအတွင်းတွင် လက်နက်လျှော့ပါးရေးနှင့် ပတ်သက်သည့် အရေးကြီးဆုံးသော သဘောတူညီချက်တစ်ခုဖြစ်သည်။ အောက်စဖို့တက္ကသိုလ် ရုရှနှင့်အရှေ့ဥရောပဌာန ညွှန်ကြားရေးမှူးဖြစ်သူ အာချီ ဘရောင်းက '၁၉၉၁ ခုနှစ်၊ ဩဂုတ်လ အာဏာသိမ်းပွဲတုန်းက စစ်တပ်ဟာ သေးငယ်တဲ့အခန်းကပဲ ပါခဲ့တယ်၊ ဒီတစ်ကြိမ်မှာတော့ စစ်တပ်ရဲ့အခန်းဟာ အဓိကကျနေတယ်၊ ဒီတော့ စစ်တပ်ကလည်း သူ့အဖိုးအခကိုတော့ လိုချင်တယ်၊ သဘောကတော့ ရုရှပြည်ကြီးဟာ ကျွန်တော်တို့မျှော်လင့်ထားသလောက် ဒီမိုကရေစီကျမှာ မဟုတ်ဘူးဆိုတဲ့ အချက်ပဲ၊ ရုရှ နိုင်ငံခြားရေး ဝန်ကြီးဌာနရဲ့

www.burmeseclassic.com



အနောက်ဘက်ကိုယိမ်းတဲ့ လစ်ဘရယ်ပေါ်လစီများအပေါ်မှာ ကာကွယ်ရေး ဝန်ကြီးဌာနရဲ့ တင်းမာတဲ့ ပေါ်လစီက အရိပ်ထိုး နေလိမ့် မယ်ဆိုတဲ့ သဘောပဲ' ဟု ပြောခဲ့သည်။

နေတိုးကို တိုးချဲ့ရေးနှင့်ပတ်သက်၍ ယယ်လ်ဆင်က စကားတစ်မျိုး ပြောလာခြင်းမှာ ထိုတင်းမာသော ပေါ်လစီ၏ ပထမဆုံးပေါ်လာသော အရိပ်အယောင်ဖြစ်သည်။ ဩဂုတ်လအတွင်း ဝါဆောသို့လာခဲ့စဉ် နေတိုးတွင် ပိုလန်ပြည်ကို ထည့်သွင်းခြင်းကြောင့် 'ရုရှ၏ အကျိုးစီးပွားကို ဆန့်ကျင်ခြင်း မရှိပါ' ဟု ယယ်လ်ဆင်က ပြောခဲ့သည်။ ယင်းမှာ အရှေ့ဥရောပနိုင်ငံ တော်တော်များများကို နေတိုးအဖွဲ့ထဲသို့ ထည့်သွင်းရန်ပြင်ဆင်ခဲ့ကြသည်။ ပထမတွင် ဗီဆီဂရက် နိုင်ငံများဟု ခေါ်ကြသော ပိုလန်၊ ချက် သမ္မတနိုင်ငံ၊ ဆလိုဗက်ကီးယားနှင့် ဟန်ဂေရီတို့ကို ၁၉၀၀ ပြည့်လွန်နှစ်များ အကုန်လောက်တွင် တင်သွင်းရန်ဖြစ်သည်။ ထို့နောက်တွင် လစ်သူယေးနီးယား၊ လတ်ဗီးယား၊ အက်စတိုးနီးယား စသည့် ဘောလ်တစ် နိုင်ငံများ ပါလာနိုင်သည်။ ရေရှည်တွင် ရုရှပြည်မကြီး အပါအဝင် ယခင် ဆိုဗီယက်ယူနီယံ၏ အစိတ်အပိုင်းများ ပါလာနိုင်သည်။ ဂျာမနီ နိုင်ငံ ကာကွယ်ရေး ဝန်ကြီး ပေါလ်ကာရူးဟေးက လာမည့် ဇန်နဝါရီလတွင်ကျင်းပမည့် နေတိုး ထိပ်သီး ဆွေးနွေးပွဲတွင် နေတိုး စာချုပ်အဖွဲ့ကိုတိုးချဲ့ရေးကိစ္စကို စဉ်းစားရန် စိတ်အားထက်သန်စွာတိုက်တွန်းခဲ့သည်။ 'နေတိုးနဲ့ အီးစီ (ဥရောပ အဖွဲ့) ကို အရှေ့ဘက်ကို ခြေတစ်လှမ်းတိုးသွားတာဟာ ကျွန်တော်တို့ရဲ့ အခြေခံ အမျိုးသား အကျိုးစီးပွား ဖြစ်တယ်' ဟု သူက ပြောခဲ့သည်။

သို့ရာတွင် ယယ်လ်ဆင်၏ မီးစိမ်းသည် ရုတ်တရက် အနီ

www.burmeseclassic.com



ရောင်သို့ပြောင်းသွားသည်။ အရှေ့ဘက်သို့ တိုးချဲ့ရေး ယတ္တိဗေဒ သည်လည်း မှေးမှိန်သွားတော့သည်။ နေတိုး မဟာမိတ်အဖွဲ့ခေါင်း ဆောင်များထံ စက်တင်ဘာလထဲက ပေးခဲ့သည့် စာတစ်စောင်တွင် ယယ်လ်ဆင်က နေတိုးမဟာမိတ်အဖွဲ့ကို အရှေ့ဘက်သို့ တိုးချဲ့ လာခြင်းသည်အခြေအနေကို မတည်မငြိမ်ဖြစ်စေမည်ဖြစ်ကြောင်း။ ထို့ကြောင့် ရှေ့သို့မတိုးသင့်ကြောင်းဖြင့် သတိပေးကာ ထိုသို့ တိုးချဲ့ မည်းအစား နေတိုးနှင့်ရုရှတို့သည် ထိုနယ်မြေထဲရှိနိုင်ငံများ လုံခြုံရေးကို ပူးတွဲအာမခံသင့်သည်ဟု တင်ပြထားသည်။ ယင်းမှာ ယခင် ခေတ်ဆိုး တုန်းက အရှေ့-အနောက် နှစ်ဖက်ကွဲနေသည့် အခြေအနေမျိုးတွင် တင်ပြခဲ့သည့် ဖော်မျူလာနှင့်စိတ်မချမ်းမြေ့ ဖွယ် လာ၍ တူနေသည်။ ပိုလန်တွင် အခြေစိုက်သည့် မဟာဗျူဟာ လေ့လာရေးနိုင်ငံတကာ အင်စတီကျူမှ လက်ထောက်ညွှန်ကြားရေးမှူး မိုက်ကယ်ဒီဝါးက 'ဒီစကားကို ပြောရတာဟာ ရုရှ ဗိုလ်ချုပ်တွေ ရဲ့ ဖိအားကြောင့် ဖြစ်တယ်ဆိုတာ ထင်ရှားတယ်၊ ဗိုလ်ချုပ်တွေက သိပ်ကို စိတ်ဆိုးနေပြီ လေ၊ ဒီတော့ ယယ်လ်ဆင်လည်း ကိုယ့်စကား ကိုပြန်မျိုချ ရတော့တာပေါ့' ဟု ပြောသည်။

ရုရှ စစ်ဘက်မှ ဖိအားပေးနေကြောင်း ထင်ရှားသည့် နောက် အချက်တစ်ချက်မှာ ဥရောပ သမရိုးကျ အင်အားစုများဆိုင်ရာ စာချုပ်ကို ပြင်ဆင်ရန် ကြိုးပမ်းလာခြင်းဖြစ်သည်။ ထိုသို့ ပြင်ဆင် ခြင်းမှာ ရုရှသည် လက်နက်ကြီးများကို တောင်ပိုင်းသို့ ရွှေ့ပြောင်း နေရာချထားနိုင်ရန် ဖြစ်သည်။ ရုရှတို့က သူတို့တောင်ပိုင်းနယ်စပ် ဒေသများသည် ကော့ကေးဆပ်နယ်က ပြည်တွင်းစစ်များကြောင့် ခြိမ်းခြောက်ခံနေရကြောင်းဖြင့် အကြောင်းပြကြသည်။ ယင်းအချက်

www.burmeseclassic.com



မှာ မူလတုန်းက ကြိုတင်သိမြင်နိုင်ခြင်း မရှိသည့် အချက်ပင် ဖြစ်သည်။ အနောက်နိုင်ငံမှ စေ့စပ်ဆွေးနွေးသူများကမူ ထိုသို့ စာချုပ်ကို ပြောင်းလဲ ပြင်ဆင်ရန် ကြိုးပမ်းခြင်းကို ကန့်ကွက်နေကြသည်။ 'ဒီစာချုပ်က ပြည့်စုံနေတဲ့ စာချုပ်တစ်ခုပဲ၊ ရုရှ ဗိုလ်ချုပ်တွေကတော့ ဘယ်တုန်းကမှ မကြိုက်ခဲ့ဘူး၊ ခုတော့ ဒီစာချုပ်ကို ပြင်ဖို့ ယယ်လ်ဆင်ကို ဖိအားပေးနိုင်လောက်အောင် သူတို့ အင်အားကောင်းလာပြီလို့ ယူဆလာကြပြီပေါ့' ဟု အထက်တန်း ဗြိတိသျှ သံတမန် တစ်ဦးက ပြောသည်။

သို့ရာတွင် အနောက်နိုင်ငံ ခေါင်းဆောင်များကမူ စာချုပ် ပြင်ဆင်ရေးကိစ္စတွင် နှစ်ဖက်လက်ခံနိုင်သော စေ့စပ်ရေးမျိုးကို လုပ်ရန် အရိပ်အယောင် ပြနေကြသည်။ နေတိုးအဖွဲ့၏ အတွင်းရေးမှူးချုပ် ဖြစ်သူ မင်းဖရက်ဝေါနားက စာချုပ်ကိုမပြင်နိုင်ကြောင်း၊ သို့ရာတွင် ထိုစာချုပ်ကို ထပ်မံ၍ အဓိပ္ပာယ်ဖွင့်ဆိုနိုင်ကြောင်း' ဖြင့် အသိရခက်စွာ ပြောသည်။

အနောက်နိုင်ငံများဘက်တွင်လည်း နေတိုးအဖွဲ့ တိုးချဲ့ရေးကိစ္စတွင် အနည်းငယ် အင်တင်တင်ဖြစ်နေသည့် အစုများ ရှိသည်။ ပြင်သစ် နိုင်ငံခြားရေးဝန်ကြီး အာလိန်းယာပေးက နေတိုး တိုးချဲ့ရေးသည် 'အချိန်စောသေးသည်' ဟု ဆိုပြီး စောစောပိုင်းက နေတိုး တိုးချဲ့ရေးကို ဆော်သြခဲ့ကြသည့် လစ်ဘရယ်များကလည်း ထိုကိစ္စနှင့်စပ်လျဉ်း၍ ဒုတိယအတွေး ပေါ်နေကြသည်။ ယခင်ဂျာမနီ နိုင်ငံခြားရေး ဝန်ကြီးဟောင်း ဟန်းစ် ဒိုင်းထရစ်ဂင်ရှာက 'နေတိုးအဖွဲ့ကို အရှေ့ဘက်ကို တိုးချဲ့လာမည်ဆိုရင် သေသေချာချာ စဉ်းစားပြီးမှ လုပ်ကြဖို့ အကြံပေးချင်တယ်၊ ရုရှကိုဒီအတိုင်း ချန်ထား

www.burmeseclassic.com



ခဲ့လို့မရဘူး’ ဟု ပြောခဲ့သည်။ နေတိုးကို မြန်မြန်တိုးချဲ့လိုသူများမှာ မိမိတို့ လုံခြုံရေးအတွက် စိုးရိမ် နေကြသော အကာအကွယ်မဲ့သည့် အလယ် ဥရောပ နိုင်ငံများ ဖြစ်သည်။ ယယ်လ်ဆင်ကစကားတစ်မျိုး ပင်ပြော လာသည့်အခါ၌ ဝါဆော၊ ပရတ်နှင့် ဘူဒါပတ်စ်တို့တွင် စိုးရိမ်တကြီး ဖြစ်လာ ခဲ့ကြသည်။ ပိုလန် နိုင်ငံခြားရေးဝန်ကြီး ကရိဇီစတွိုင်းတော့ စကူဘီဇူးစကီးက ‘ပိုလန်ကတော့ နေတိုးထဲကို ရောက်အောင်ကြိုးစားရမှာပဲ၊ အရှေ့နဲ့အနောက်ကြား ယောင်ဝါးဝါး နယ်ထဲမှာပိုလန်ကို အရောက်မခံနိုင်ဘူး’ ဟု ပြောသွားခဲ့သည်။

သို့ရာတွင် မမြင်နိုင်သော အနာဂတ် ကာလအထိ ထိုနိုင်ငံများသည် ယောင်ဝါးဝါး နယ်မြေထဲတွင် နေကြလိမ့်ဦးမည်ထင်သည်။ တိုးချဲ့ရေးကို ရှေ့နေလိုက်နေသည့် နေတိုး အတွင်းရေးမှူးချုပ် ဝေါ်နာသည်ပင်လျှင် တိုးချဲ့ရေးလုပ်ငန်းစဉ်သည် နှေးကွေးလိမ့်မည် ဟု ဝန်ခံထားသည်။ လောလောဆယ်တွင် ‘အလယ် ဥရောပ ဒီမိကရေစီနိုင်ငံသစ်များကို နေတိုးအဖွဲ့ထဲသို့ သွတ်သွင်း ရေးအတွက် ခိုင်မာသည့် အလားအလာ’ များလောက်ကိုသာ ပြောနေသည်။ လွန်ခဲ့သည့် လထဲက ဝါရှင်တန်တွင် ပြောသည့် မိန့်ခွန်းတစ်ခု၌ ‘(နေတိုးကို) တိုးချဲ့ ရေးကိစ္စဟာ ရှည်လျားတဲ့ ခရီးလမ်းဖြစ်တယ်၊ ဖြည်းညင်းစွာ၊ ဂရုစိုက်စွာ၊ ပျော့ပျောင်းစွာ လုပ်ဖို့ လိုတယ်’ ဟု ပြောခဲ့သည်။ ထိုမိန့်ခွန်းထဲမှာပင် ဝေါ်နာက နေတိုးအဖွဲ့နှင့် ရောမ လက်နက်နိုင်ငံ တော်ကြီးကို ထူးထူးဆန်းဆန်း နှိုင်းယှဉ်ပြသွားကာ ယင်းတို့အသီးသီးသည် မိမိတို့ အဖွဲ့ဝင် နိုင်ငံများ အတွက် လုံခြုံမှု အာမခံချက်’ ကို ပေးသည်ဟု ပြောဆိုသွားခဲ့သည်။ ထိုအချက်သည် မှန်ကောင်း မှန်ပါလိမ့်မည်။ သို့ရာတွင် ရောမတွင် လက်နက် နိုင်ငံ

www.burmeseclassic.com



တော်ကြီး၏ ပြဿနာမှာ ရောမအင်ပါယာသည် မိမိ၏အဝန်းအဝိုင်းတွင် လာရောက် စုဝေးနေကြသော လူမျိုးစုများ နှင့် လူမျိုးများအတွက် ခြိမ်းခြောက်မှုကြီးတစ်ခု ဖြစ်နေခြင်းပင် ဖြစ်သည်။ ရောမလက်နက် နိုင်ငံတော်ကောင်းစား စဉ် ကာလကဲ့သို့ နေတိုးသည် မိမိနှင့်အားချင်း တူနေသော ရန်သူတစ်ယောက်ကို ရင်ဆိုင်နေရခြင်း မဟုတ်ပါ။ အကယ်၍ နေတိုး မဟာမိတ် အဖွဲ့ကို တိုးချဲ့ခဲ့သည် ဆိုလျှင် ယခုတစ်ဖန် ပြန်၍ တန်ခိုးဩဇာ ကြီးလာသော ဗိုလ်ချုပ်များ အပါအဝင်ရုရှပြည်ကြီးပါ အဖွဲ့ထဲပါလာအောင် တိုးချဲ့ရပါလိမ့်မည်။ ထိုသို့ ပါလာအောင် တိုးချဲ့ခြင်း မပြုနိုင်ခဲ့လျှင် သူတို့ကို ရန်သူများအဖြစ် ချန်ထားသကဲ့သို့ ဖြစ်နေပေလိမ့်မည်။ သို့ဆိုလျှင် ရန်သူတို့ ပြုလေ့ရှိသော ရန်သတ္တုရုပြုမှုမျိုးကို ဖိတ်ခေါ် သကဲ့သို့ ရှိလိမ့်မည်။

ရည်ညွှန်း။ Time, October 18, 1993 မှ James O.Jackson ၏ In Europe, Could the Bear Be Back? ကို ပြန်ဆိုသည်။

## ခေတ်သစ်သူဌေးပေါက်စများ
## နှင့်
## အိမ်ဖော်ပြဿနာ

ယခုနှစ်ဆန်းပိုင်းက ဖြစ်ပျက်ခဲ့သည် ဇိုးဘဲယတ်၏ အဖြစ်အပျက်သည် အိမ်ဖော်ပြဿနာနှင့် ပတ်သက်၍ အမေရိကန်ပြည်ထောင်စုကြီးတွင် ကြီးစွာသော စိတ်မချမ်းမြေ့မှုများကို ပေါ်ပေါက်စေခဲ့သည်။ အမေရိကန်လူမျိုးတို့တွင် ထိုအလုပ်မျိုးကို လုပ်ကိုင်သူများကို ခေါ်ဝေါ်ရန်အတွက် စိတ်တိုင်းကျ ဝေါဟာရပင် မရှိခဲ့သေး။ နာနီဟုခေါ်မည်လော။ ဟုတ်ပါပြီ။ ထိုစကားလုံးသည် သတင်းစာထဲတွင် ခေါင်းစဉ်တပ်ဖိုပဆိုလျှင် တိုတိုနှင့်ထိမိပါသည်။ သို့ရာတွင် စကားလုံးသည် နေ့စဉ်စကားအဖြစ် ရှေးဆန်နေလေပြီ။ ကလေးစောင့်ရှောက်ရေး အလုပ်သမားဟု ခေါ်မည်လော။ ထိုစကားလုံး

www.burmeseclassic.com



မှာလည်း ဆေးရုံဆန်လွန်းနေသည်။ မလျှော်သည် ဆိုသည့်စကား ရှိသေးသည်။ အလျှော်သည် ဆိုလျှင်လည်း မဟန်သေး။ သို့ဆိုလျှင် အဖော်ဟု ခေါ်လျှင်ကော။ အကူဟုခေါ်လျှင်ကော။

၁၉၆၀ ပြည့်လွန် တန်ဖိုးအကြွင်းအကျန်များသည် ၁၉၉၀ ပြည့်လွန် တူစွာစည်းစိမ်တို့ကို ပွတ်တိုက်နေသည့် အချိန်၌ခေတ်သစ် သူဌေးပေါက်စများ (ကျွန်တော်တို့သည် ဂုဏ်ထူးဆောင် ခေတ်သစ် သူဌေးပေါက်စများပင် မဟုတ်လော။) အဖို့ ထိုပြဿနာသည် ကိုးရိုးကားရားနိုင်သည့် ပြဿနာတစ်ခု ဖြစ်နေပါသည်။ အိမ်မှ ရှောင်ပြေးလျှင်လည်း ထိုပြဿနာကို ရှောင်၍ မလွတ်ပါ။ အထူး သဖြင့် ဟိုတယ်များသည် ကျွန်တော်တို့ကို ရယ်စရာကောင်းအောင် လုပ်သကဲ့သို့ ရှိပါသည်။ ရှူဘီယန် ကျေးကျွန်များကဲ့သို့ ဝတ်စား ထားသည့် တံခါးစောင့်များသည် ကျွန်တော်တို့ကိုယ်တိုင် နိုင်နိုင် နင်းနင်း သယ်နိုင်ပါလျက် ကိုယ့်လက်ဆွဲ သေတ္တာကို တစ်ယောက် ယောက်က အတင်းဝင်သယ်ပေးသည့်ကိစ္စများ ရှိနေသည့်အတွက် ဟိုတယ်များသို့ရောက်လျှင် ကျွန်တော်တို့တစ်တွေ ခွကျနေတတ်ပါ သည်။ သူကကိုယ့်သေတ္တာကို သယ်ပေးသွားစဉ် သူ့နောက်ကို လိုက်သွား၍ သူနှင့်စကားမရှိ စကားရှာပြောရင်း ကိုယ်ပိုက်ဆံ အိတ်ထဲတွင် သူ့ကိုပေးဖို့ အကြွေမှုပါရဲ့လားဟု ပူပန်ရသည် မှာလည်း အမောပင်ဖြစ်ပါသည်။

အမှန်ကတော့ ထိုအရာများသည် မလိုအပ်ပါ။

ကိုယ့်ထက် အသက်ကြီးသူတစ်ယောက်က ကျွန်တော့်ကို 'ဟုတ်ပါ ခင်ဗျာ၊ မှန်ပါ ခင်ဗျာ' ဖြင့် ပြောလျှင် ကျွန်တော်မနေတတ် မထိုင်တတ် ဖြစ်နေပါသည်။

www.burmeseclassic.com



ဤသို့ မနေတတ် မထိုင်တတ်ဖြစ်ခြင်း၊ ရှက်ကိုး ရှက်ကန်း ဖြစ်ခြင်းသည် ကျန်းမာသန့်ရှင်းသော လက္ခဏာတစ်ခု ဖြစ်ပါသည်။ ယင်းသို့ ဖြစ်ရခြင်းသည် ပစ္စည်းဥစ္စာရှိခြင်းက (လူအချင်းချင်း တန်းတူ ရည်တူ ဆက်ဆံသော) ဒီမိုကရေစီကို ပေးရသည့်တန်ဖိုး ဖြစ်ပါသည်။ အမေရိကန်များသည် နိုင်ငံရေးတန်းတူညီမျှမှုကို လက်ခံပြီး ငွေကြေး ဥစ္စာ မညီမျှမှုကို (အနည်းဆုံး) အသိအမှတ် ပြုထားပြီး ဖြစ်သည်။ သို့ရာတွင် လူမှုဆက်ဆံရေး ကွာဟချက်ကြီး အတွက်မူ မရေမရာ၊ မသက်မသာ ဖြစ်နေကြပါသည်။ အမေရိကန် လူမျိုးများ ယနေ့တောင့်တသောအရာ၊ တောင့်တသင့်သော အရာမှာ ပစ္စည်းဥစ္စာ မညီမျှမှုထဲတွင် လူမှုရေး ညီမျှမှု တတ်နိုင်သမျှ ရှိရေးဖြစ်သည်။ ပိုက်ဆံ သည် အရာဝတ္ထုများ ကို ဝယ်ယူနိုင်သည် မှန်သော်လည်း လူများကိုမူ ဝယ်ယူနိုင်ခြင်း မရှိပါ။ ဤတွင် 'အိမ်ဖော်ပြဿနာ' တက်လာခြင်း ဖြစ်ပါသည်။ ထိုပြဿနာအတွက် အဖြေမရှိပါ။ သို့ရာတွင် ထိုပြဿနာဖြေရှင်းရေးအတွက် အကြံဉာဏ် အနည်းငယ်တော့ ပေးချင်ပါသည်။

ပထမအချက်အနေဖြင့် မေးခွန်းတစ်ခုကို မေးကြည့်ပါ။ အိမ်စေသည် တကယ်ပင် လိုအပ်ပါသလော။ သို့မဟုတ် တစ်ယောက် ယောက်အပေါ်တွင် အရှင်သခင် လုပ်ချင်သော အခွင့်အရေးမျိုးကို လိုချင်သောကြောင့်လော။ အိမ်စေဆိုသော အရာသည် ဘောဂဗေဒ ပါရဂူများ ပြောလေ့ရှိသော 'အဆင့်အတန်းပြ ကုန်ပစ္စည်း' ဖြစ်ပါ သည်။ သဘောမှာ အိမ်စေဟူသည် လူတိုင်းမထားနိုင်သည့် ပစ္စည်း ဖြစ်သည်ဆိုသည့် သဘော ဖြစ်ပါသည်။လူ့အဖွဲ့အစည်းတစ်ခုသည် မည်မျှ ချမ်းသာ ကြွယ်ဝသည် ဆိုစေ၊ လူတိုင်း လူတိုင်း အိမ်စေထား

www.burmeseclassic.com



နိုင်လောက် အောင်တော့ ဘယ်အခါမှ ကြွယ်ဝနိုင်မည် မဟုတ်ပါ။ ကိုယ်က သခင်ဖြစ်နေချိန်တွင် တစ်ယောက်ယောက်ကမူ အိမ်စေ ဖြစ်နေရပါလိမ့်မည်။ အိမ်စေများ တန်ဖိုးရှိသည်ဆိုခြင်းမှာ သူတို့ အဆင့်အတန်း နိမ့်ကျသောကြောင့် တန်ဖိုးရှိခြင်း မဟုတ်။သူတို့ လုပ်သော အလုပ်ကြောင့် တန်ဖိုး ရှိနေခြင်း ဖြစ်ပါသည်။ သို့ရာတွင် ပျော်ပွဲစားရုံ ရေအိမ်ဝတွင် ရပ်ကာ သင့်ကို လက်သုတ်ပဝါ ကမ်းလှမ်းသည့် အဖြစ်မျိုးမှာ တခြားကိစ္စ ဖြစ်ပါသည်။

တန်းတူညီမျှရေး အခြေခံဖြင့် ကြည့်ပြီး လူတိုင်း လူတိုင်း သည် လူ့ဌားမထားဘဲ ညစ်ပတ်သော အလုပ်များကို ကိုယ်တိုင် လုပ်ရမည်ဟု ပြောသည်မှာ လွယ်ပါသည်။ ယခုခေတ် တွင် အိမ်ရှင်မ ကိုယ်တိုင် အလုပ်ထွက်လုပ်ရသည့် အိမ်ထောင် တွေများပြီး အိမ်တွင် အိမ်ရှင်မ တစ်ချိန်လုံးရှိနေသည့် အိမ်ထောင် ဟူ၍ မရှိသလောက် ရှားပါးလေရာ ထိုသို့ လူငှားမထားဘဲ ကိုယ့်အလုပ်ကို ကိုယ်လုပ်ရမည် ဆိုသည့် ကိစ္စတွင် မဖြစ်နိုင်သော ကိစ္စဖြစ်ပါသည်။ လူတိုင်း ကိုယ့်အလုပ်ကို လူ့ဌားမထားဘဲ လုပ်ရမည်ဆိုလျှင် ယနေ့ခေတ်စားနေသော လွတ်လပ်သော ဈေးကွက်၏အခြေခံမူ သဘောကိုလည်း လျစ်လျူရှုရာရောက် ပါသည်။ လူများ အလုပ်လုပ်ကြခြင်းမှာ ပိုက်ဆံလိုချင်သော ကြောင့်ဖြစ်ပါသည်။ တန်းတူညီမျှရေး ရှိအောင်ဆိုပြီး သူတို့ကို အလုပ် လုပ်ခွင့်၊ သူများအိမ်တွင် အိမ်စေလုပ်ခွင့် မပေးဟုဆိုလျှင် ယင်းမှာ သူတို့ကို ထောက်ညှာခြင်း မပြုရာရောက်ပါသည်။

သို့ရာတွင် ထိုသို့ဆိုလျှင် ဒုတိယအကြံပေးချက်တစ်ခုကို စဉ်းစားသင့်ပါသည်။ အိမ်တွင် ခိုင်းသည့် အိမ်စေများအပေါ်တွင်

www.burmeseclassic.com



မြေရှင်ပဒေသရာဇ်စနစ် မကျင့်သုံးဘဲ အရင်းရှင်စနစ် ကျင်သုံးသင့်ပါသည်။ သူတို့နှစ်ဦးကြားတွင် သခင်နှင့်အစေအပါး ဆက်ဆံရေးထက် (ဝန်ဆောင်မှုကို) ဝယ်သူနှင့်ရောင်းသူတို့၏ ဆက်ဆံရေးမျိုးကို ထားသင့်ပါသည်။ ကိုယ့်အဝတ်အစားကို ချွတ်ပြီး ပင်မင်းဆိုင်သို့သွား အလျှော်ခိုင်းသည့်ကိစ္စမျိုးတွင် ဘာမျှရှက်ကြောက်အားနာစရာ မရှိပါ။ အကယ်၍သာ အိမ်တွင်း ဝန်ဆောင်မှုလုပ်ငန်းများအား (အလုပ်သမားများကိုယ်တိုင်ဖွဲ့စည်းထားသည့်သမဝါယမအသင်းများ စသည့်) စီးပွားရေး လုပ်ငန်းဌာနကြီးများကရှာဖွေပေးကာ (မီးဖို ချောင်စားပွဲတွင် ငွေမပေးဘဲ လစဉ် ဘီလ်ရှင်းတမ်းများ ပေးပို့ခြင်း စသည့်) စီးပွားရေးလုပ်ငန်း သဘောဆောင်သည့် စနစ်များနှင့် ပြုလုပ် လာခဲ့ကြမည်ဆိုလျှင် ထိုအစီအစဉ်သည် နှစ်ဦးနှစ်ဖက်စလုံးအတွက် ပို၍ ဂုဏ်ရှိလာ နိုင်ပါသည်။ ယင်းတို့အား အခြားသော စီးပွားရေး လုပ်ငန်းဌာနများတွင် လုပ်သည့်နည်းတူ စိတ်ချခိုင်လုံသော လူမှုဖူလုံရေး စနစ်စသည်တို့ ပြုလုပ်ပေးလျှင် အိမ်တွင်းမှု အလုပ်သမားများအတွက် လည်း အကျိုးကျေးဇူး ရှိလာနိုင်ပါသည်။

တတိယအချက်။ စစ်တပ်မှလွဲလျှင် မည်သည့်အရွယ်ရောက်သူမဆို အခြား အရွယ်ရောက်သူ တစ်ဦးထံမှ မှန်ပါတယ် ခင်ဗျာ၊ မှန်ပါတယ် မမ စသည့်အသုံးအနှုန်းတို့ကို မမျှော်လင့်အပ်ပါ။ အသက် အရွယ် ကွာခြားမှုကြောင့် လေးစားသမှု အနေဖြင့် ပြောဆိုခေါ်ဝေါ် ခြင်းမျိုးကိုသာ ခြွင်းချက်အဖြစ် ထားသင့်ပါသည်။ မကြာခင်က အမေရိကန် ပျော်ပွဲစားရုံများတွင် လူငယ်စားပွဲထိုးများက သူတို့အား သူတို့၏ ပထမအမည်များဖြင့် ရင်းရင်း နှီးနှီး

ခေါ်စေချင်သည့်သဘောများကို ပြလာခဲ့ကြပါသည်။ ('ဟိုင်း ကျွန်တော့်နာမည် ဘယ်သူပါ' ဟု သူတို့က ပြောတတ်ကြပါသည်။) ထိုကိစ္စကို တရားမျှတစွာ လျောင်ပြောင် ဝေဖန်ခဲ့ကြပါသည်။ သို့ရာတွင် ထိုကိစ္စ၌ နှစ်ဦးနှစ်ဖက် လက်ခံ နိုင်သော နည်းလမ်း ရှိပါသည်။ စားပွဲထိုးများသည် ပျော်ပွဲစားရုံသို့ လာမည့် ဧည့်သည်များ၏ မိတ်ဆွေသူငယ်ချင်းအဖြစ် မမှတ်ယူသင့်ပါ။ သို့ရာတွင် တစ်ပြိုင်နက်တည်းတွင် သူတို့သည် ဧည့်သည်များ၏ ဘဏ္ဍာစိုးအဖြစ်လည်း မရောက်သင့်ပါ။ အားလုံးလက်ခံနိုင်သော အခေါ်အဝေါ် တစ်ခုတော့ ရှိဖို့ကောင်းပါသည်။ 'ရဲဘော်' ဆိုသော အခေါ်အဝေါ်တော့ မဟုတ်ပါ။ ထိုကိစ္စနှင့် ပတ်သက်၍ အကြံပေးနိုင် ကြပါသည်။

စတုတ္ထအချက်။ တူညီဝတ်စုံများကို ဖယ်ရှားပစ်ဖို့ကောင်းပါသည်။ သို့မဟုတ်လျှင်လည်း တူညီဝတ်စုံများကို အသစ်ပြန်လည်ပြင်ဆင်ဖို့ ကောင်းပါသည်။ ဟိုတယ်များတွင် တံခါးစောင့်များ လိုကောင်း လိုပါလိမ့်မည်။ (ဘာကြောင့်လိုသည်ဆိုသည်ကိုမူ ကျွန်တော် မပြောတတ်ပါ။) သို့ရာတွင် ရယ်စရာကောင်းသည့် တူညီဝတ်စုံများထက် သာမန် ကုတ်အင်္ကျီနှင့် လည်စည်းတို့ကို ဝတ်ဆင်လျှင်ကော မဖြစ်တော့ပြီလော။ မှန်ပါသည်။ ရေအိမ်ကို သန့်ရှင်းဆေးကြောမည့်သူသည် ကုတ်အင်္ကျီတွေ၊ လည်စည်းတွေ ဝတ်ထား၍ မဖြစ်ပါ။ ဟိုတယ်နှင့် အိမ်များ၌ 'အပေါ်ထပ်နှင့် အောက်ထပ်' ဇာတ်ကားထဲက သန့်ရှင်းရေးသမားတွေ ဝတ်ထားသလိုဝတ်စားထားဖို့မလိုပါ။ ကိုယ့်အိမ်က ရေအိမ်ကို ဆေးကြောလျှင် ကိုယ်ကိုယ်တိုင်လည်း ထိုသို့ ဝတ်စားထားသည် မဟုတ်ပါ။ သပ်သပ်ရပ်ရပ် ဝတ်စားထားလျှင် လုံလောက်ပါပြီ။ တူညီဝတ်စုံတွေ ဝတ်မှ

www.burmeseclassic.com



သန့်ရှင်းသပ်ရပ်မည် မဟုတ်ပါ။ တူညီဝတ်စုံသည် အဆင့်အတန်းပြ အမှတ်အသားလည်း မဟုတ်ပါ။

ပဥ္စမအချက်။ အပိုသဒ္ဓါကြေးပေးသည့်စနစ် (တစ်ပေးသည့်စနစ်) ကိုဖျက်သိမ်းသင့်ပါသည်။ ကျွန်တော့် ဆောင်းပါးခ ရရေး၊ မရရေးသည် ကျွန်တော်ဆောင်းပါး သွား ပေးသည့်အချိန်တွင် မဂ္ဂဇင်း အယ်ဒီတာမင်း စိတ်လက်ကြည်သူ ရွှင်ပြနေချိန် ဟုတ်မဟုတ်နှင့် ဘာမျှမဆိုင်ပါ။ အလားတူပင် စားပွဲထိုးသည့် အလုပ်သည်လည်း ထို သဘောပင်ဖြစ်ပါသည်။ မည်သည့် လုပ်ငန်းတွင်ဖြစ်စေအလုပ် ကောင်းစွာလုပ်သည့်အတွက် မက်လုံးအနေဖြင့် ပေးနိုင်သည့်နည်းလမ်းတွေ များစွာ ရှိပါသည်။ လူတစ်ယောက်၏စိတ်လက်ကြည်သာ ရွှင်ပြခြင်း ရှိမရှိအပေါ်တွင် မှီခိုနေရသည့် ဆုကြေး၊ သဒ္ဓါကြေး ဆိုသည်မှာ အဓိပ္ပာယ်မရှိပါ။ သဒ္ဓါကြေးပေးလိုက်ခြင်းကြောင့် နှစ်ဦး နှစ်ဖက် အလဲအလှယ် လုပ်သော စီးပွားရေး လုပ်ငန်းသည် မြေရှင် ပဒေသရာဇ် ဆန်သော၊ သခင်နှင့်ကျေးကျွန်ဆန်သော ဆက်ဆံရေးမျိုးသို့ ရောက်သွားပါသည်။ အမေရိကန်ပြည်ထောင်စု ပန်းတိုင်သည် ထိုအဖြစ်နှင့် ပြောင်းပြန်ဖြစ်သင့်ပါသည်။ သဒ္ဓါကြေး ပေးမည့် အစား စံနှုန်းမီ ဝန်ဆောင်ခကို အစားထိုးရေးကိစ္စတွင် အမေရိကန် ပြည်ထောင်စုသည် ဥရောပထက် အများကြီး နောက်ကျ ကျန်ရစ်နေ ခဲ့ပါသည်။

ဆဋ္ဌမအချက်။ စက်မှုနည်းပညာ တိုးတက်မှုကို ဟန့် တားခြင်း မပြုသင့်ပါ။ အဝတ်လျှော်စက်များသည် သန်းပေါင်း များစွာသော အိမ်တွင်းမှု အလုပ်သမားများကို ဖယ်ရှား ပစ်လိုက်ပါသည်။ ယင်းကို လူမိုက်တို့ကသာလျှင် ကန့်ကွက်ပါလိမ့်မည်။ စက်များကြောင့်

www.burmeseclassic.com



ပင်ပန်း သည့်အလုပ်များ ပျောက်သွားလေလေ ကောင်းလေလေ ဖြစ်ပါသည်။ ကုန်ပဒေသာဈေးကြီးများတွင် ကာလအတန်ကြာက လုပ်ခဲ့သလို တစ်နေ့တွင် ဟိုတယ်များတွင် လည်း တံခါးကို အလို အလျောက်ဖွင့်ပေး ပိတ်ပေးသော စက်များကို တပ်ဆင်လာကြမည် ဖြစ်ပါသည်။

သို့တိုင် သင်သည်အိမ်ဖော်ထားရသည့်အတွက် ရှက်ကိုး ရှက်ကန်း ဖြစ်နေသေးသည်ဆိုလျှင် သူတို့ကို ပို၍ လခကောင်း ကောင်း ပေးလိုက်ပါလေ။ ယင်းမှာလည်း ပြဿနာဖြေရှင်းရေး နည်းလမ်းတစ်ခု ဖြစ်ပါသည်။

ရည်ညွှန်း။ Time, July 5, 1993 မှ Michael Kinsley ၏ Yuppies and the servant Problem ကို ပြန်ဆိုသည်။

## လူဝကြီးများအရေး ချက်ချင်းပေး

ကိုယ်အလေးချိန်တိုးနေသည့် ပြဿနာနှင့်ပတ်သက်၍ အမေရိကန်တို့ ဘာလုပ်ရမည်နည်း။ ကိုယ်အလေးချိန်စောင့်ကြည့်ရေးအဖွဲ့သို့ ဝင်နိုင်ကြပါသည်။ ရုပ်မြင်သံကြားမှ ထုတ်လွှင့်သည့် အစီ အစဉ်တို့ကို ကြည့်၍ ဝေဒနာကို သက်သာအောင် လုပ်နိုင်ကြပါသည်။ ထိုမျှမက အခုဆိုလျှင် ပြဿနာရှင်တို့တွင် အခွင့်အရေးများပို၍ ရရှိလာနေသဖြင့် အန်ကယ်ဆမ် (နိုင်ငံတော်အစိုးရ) ကို ဖုန်းဆက်၍ တိုင်တန်းနိုင်ပါသည်။ ထိုသို့လုပ်သဖြင့် နေ့ချင်းညချင်း ကိုယ်အလေး ချိန်တော့ ထိုးကျသွားမည် မဟုတ်ပါ။ နေ့ချင်းညချင်းလည်း စိတ်တိုင်း ကျတော့ဖြစ် သွားမည်မဟုတ်ပါ။ သို့ရာတွင် ထိုသို့လုပ်ခြင်းဖြင့် ငွေထုပ် တစ်ထုပ်နှင့် ကိုယ်လိုချင်တဲ့ အလုပ်ကိုတော့ ရနိုင်ပါသည်။

ဤသို့ဖြစ်ရခြင်းမှာ တရားရုံးတော်များနှင့် တန်းတူအလုပ်ရရှိမှု အခွင့်အရေးကော်မရှင်တို့၏ ကျေးဇူးကြောင့်ဖြစ်ပါသည်။ ယင်းမှာ ထိုတရားရုံးများနှင့် ကော်မရှင်က ၁၉၇၃ ခုနှစ်ပြန်လည်နေရာချထားရေး ဥပဒေနှင့်ကိုယ်လက်မသန်စွမ်းသူများ ဥပဒေအရပေးထားသော အကာအကွယ်များကို အဝလွန်သူများလည်း ခံစားပိုင်ခွင့်ရှိသည်ဟု ဆုံးဖြတ်ခဲ့သောကြောင့် ဖြစ်သည်။ လွန်ခဲ့သည့်အပတ်ထဲတုန်းက ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စီရင်ချက်တစ်ရပ်ကို ချမှတ်ခဲ့သည်။ ထိုစီရင်ချက်အရ ရိုဒ်အိုင်လင်းပြည်နယ်အစိုးရသည် ၁၄၅ ကီလိုဂရမ် အမျိုးသမီးတစ်ယောက်ကို အလုပ်သမ အဖြစ် ငှားရမ်းခြင်းမပြုသဖြင့် ၎င်းအားနစ်နာကြေးငွေ ဒေါ်လာ တစ်သိန်းပေးစေဟု အမိန့်ချလိုက်သည်။ ထို့ပြင် ထိုအမျိုးသမီးကိုလည်း စိတ်ကုသရေးဌာနတစ်ခုတွင် အလုပ်သမတစ်ဦးအဖြစ် ခန့်အပ်ရမည် ဟုလည်း အမိန့်ချလိုက်သေးသည်။ တန်းတူ အလုပ်ရရှိမှု အခွင့်အရေး ကော်မရှင် အကြံပေး တင်ပြချက်၌ 'အဝလွန်ခြင်းသည် တစ်စုံတစ်ခု သော အခြေအနေ၌ကိုယ်လက်မသန်စွမ်းသည့် သဘောသို့ သက်ရောက်ကောင်း သက်ရောက်နိုင်သည်။ သို့ရာတွင် ထိုအခြေအနေတစ် ရပ်သည် မရည်ရွယ်ဘဲနှင့် ပေါ်သောအခြေအနေ (သို့မဟုတ်) ပြောင်းလဲမရသည့်အခြေအနေမျိုးဖြစ်ရန်ကား မလိုအပ်ချေ' ဟု မှတ်ချက် ချထားသည်။

အဝလွန်ခြင်းကို ပြဿနာတစ်ရပ်အဖြစ် ရေးကြီးခွင်ကျယ်လုပ်လာသူမှာ အမေရိကန် အစိုးရတစ်ခုတည်းသာ ရှိလိမ့်မည်ထင်ပါသည်။ ချုပ်ရိုးပြဲတော့မတတ် ပြဿနာတွေ ဘောင်းလန်နေသည့် နိုင်ငံရေးအဆောက်အအုံတစ်ခုတွင် နစ်နာချက်ရှိသော

www.burmeseclassic.com



နောက်ထပ် အစုတစ်ခုကို ဖန်တီးပေးလိုက်ခြင်းသည် မည်သို့သော အဓိပ္ပာယ် ဆောင်ကြောင်းကို မစဉ်းစားကြတော့ပြီလော။ စျေးဆိုင်များတွင် ကိုယ်လက်မသန်စွမ်းသူဆိုသည့် နေရာတွင် ရပ်နေဖို့အတွက် လူတစ်ယောက်အဖို့ ဘယ်မျှဝရမည်နည်းဟု သို့မဟုတ် လေယာဉ်ပေါ်တွင် အထူးထိုင်ခုံကိုရအောင် လူတစ်ယောက်အဖို့ မည်မျှဝရမည်နည်းဟု တရားဥပဒေဖြင့် ဆုံးဖြတ်ရလောက်အောင် ရှေ့တန်း ရောက်သည့် တိုင်းပြည်မျိုးသည်လည်း ရှိပါ၏လော။

နယူးယောက်မြို့ရှိ ကူးပါးယူနီယန်မှ နိုင်ငံရေး သိပ္ပံပါမောက္ခတစ်ဦးဖြစ်သူ ဖရက်ဆီက 'လောကမှာ အမှားတိုင်းအတွက် လိုက်ပြင်ပေးနိုင်တဲ့ တရားဥပဒေရယ်လို့ ဘယ်နှယ့်လုပ်ရှိနိုင်မလဲ၊ ဒါကတော့ နည်းနည်းလွန်လွန်းပြီဗျာ၊ တစိတ်ရှိ ရုံးတက်တရားစွဲမယ်ဆိုတာမျိုး ဖြစ်နေပြီ' ဟု ပြောခဲ့သည်။

အသေးစားမမျှတမှုကလေးများကို အကြီးစားမမျှတမှုကြီးများထဲသို့ ရောထွေးပစ်ခြင်းသည် လူ့အဖွဲ့အစည်းရှိ အရေးကြီးဆုံးသော ရင်းမြစ်များကို ဖြုန်းတီးပစ်သည်နှင့် တူမှပါသည်။ ထိုရင်းမြစ်များသည် တမင်ဖန်တီးယူရသည့်အရာများ ဖြစ်ပါသည်။ လူပုဂ္ဂိုလ်များအား တစ်ဦးနှင့်တစ်ဦးခွဲခြားခြင်းမပြုရန် တားမြစ်ထားခြင်းမှာ သူတို့အား ဥပဒေနှင့်အပြစ်ပေးနိုင်ရန် တားမြစ်ခြင်းမဟုတ်ပါ။ ဥပဒေထဲတွင် အာမခံထားသည့် တန်ဖိုးများ ကို လေးစားရိုသေကြရန် ဖြစ်ပါသည်။ သံသယဖြစ်ဖွယ်ကောင်းသော အခြေအနေများထဲတွင် ခပ်ကြောင်ကြောင်၊ ခပ်ဆန်းဆန်း တောင်းဆိုချက်တွေကို တင်ပြကာ (ဥပဒေ၏ အဆုံးအဖြတ်ကို

လာရောက် တောင်းဆိုနေကြပါက) လူထုသည် (တရားဥပဒေကို) လျှောင်ပြောင်လာမည်ဖြစ်ပါသည်။ အများပြည်သူတို့ကို ကာကွယ်စောင့်ရှောက်ရေး ကိစ္စသည်လည်း အန္တရာယ်ရှိ လာနိုင်ပါသည်။

တရားစွဲဆိုခွင့်ရှိအောင် လူဆန်လောက်သည့် မည်သည့်အတိုင်းအတာအထိ ဝဖြိုးရမည်နည်း ဆိုသည့်ကိစ္စကို သတ်မှတ်ရန်မှာလည်း အလွန်ကျယ်ဝန်းပါသည်။ အကြမ်းဖျင်းပြောရလျှင်ဝသည်ဟုဆိုခြင်းမှာ ကိုယ့်အရပ်မောင်းတွင်ရှိသည့် ကိုယ်အလေးချိန်ထက်နှစ်ဆရှိရမည်ဟုဆိုလျှင် အသင့်တော်ဆုံး ဖြစ်လိမ့်မည် ထင်ပါသည်။ ယင်းမှာလည်း တရားသေ သတ်မှတ်၍ မရသေးပါ။) နည်းအမျိုးမျိုးဖြင့် ကိုယ်အလေးချိန်ကို လျှော့၍မရသည့် အခြေအနေမျိုးလည်း ရှိရဦးမည်ဖြစ်ပါသည်။ နေ့စဉ်ဘဝတွင် အဓိကလုပ်ရမည့်လုပ်ငန်းများကို ကာလကြာရှည်စွာ မလုပ်နိုင်အောင် ဝဖြိုးသူများလည်းဖြစ်သင့်ပါသည်။

ထို့နောက် ရည်ရွယ်ချက်ကို ပြောချင်ပါသည်။ အလုပ်လျှောက်သူတစ်ဦး၏ ဝဖြိုးမှုသည် ချွတ်ယွင်းသော မီတာ ဘိုလစ်ဇင်းကြောင့်ဖြစ်လျှင် သို့မဟုတ် စိတ်ဓါတ်ဆိုင်ရာ ပြဿနာကြောင့်ဖြစ်လျှင်ထိုအလုပ်လျှောက်သူကို ကျန်းမာရေးအစားအသောက် ဆိုင်တစ်ဆိုင် က ငြင်းပယ်ခြင်းပြုသင့်ကြောင်း အလုပ်လျှောက်သူတွင်ပုဂ္ဂိုလ် ဆိုင်ရာ ချွတ်ယွင်းချက်ရှိမှသာ အလုပ်လျှောက်သူကို ငြင်းပယ်နိုင်ကြောင်းဖြင့် စက်တင်ဘာလထဲတုန်းက ကာလီဖိုးနီးယား တရားလွှတ်တော်ချုပ်က ဆုံးဖြတ်ခဲ့ပါသည်။ လိင် ဆက်ဆံမှု အတိုင်ပင်ခံများ၏ရုံးခန်းအနီးတွင်ကပ်လျက် အဝလွန်သူများ၏အတိုင်ပင်ခံများရုံးခန်းများ၊ လူဝကြီးများ၏ ကိစ္စကျွမ်းကျင်သူများ၏ ရုံးခန်းများ

www.burmeseclassic.com



ပေါ်ပေါက်လာလျှင် မည်သို့ရှိမည်နည်း။

အသားရောင် ခွဲခြားခြင်းစသည့် ကြီးမားသော မတရားမှု ကြီးများကို ကုသပေးရုံသာမက အားကြီးသူကအားနည်းသူကိုအနိုင် မကျင့်ရ၊ ရုပ်လှသူက ရုပ်ဆိုးသူကို မစော်ကားရ၊ ပိန်သူက ဝသူကို အနိုင်မကျင့်ရ စသည့် ကျင့်ဝတ်မျိုးရှိသည့် စိတ်ရှည်သောလူ့အဖွဲ့ အစည်းတစ်ခုကို ထူထောင်ရေးသည် ကောင်းမွန်သည့် ရည်ရွယ်ချက်ဖြစ်ပါသည်။ သို့ရာတွင် ရင်းမြစ်များသည်လည်း ကောင်း၊ လူထု၏ ကရုဏာတရားသည်လည်းကောင်း အကန့်အသတ် မရှိ တည်နေသည်မဟုတ်ပါ။ ဝသူအား ခွဲခြားဆက်ဆံခြင်းကို သွက်ချာပါဒလိုက်သူအား ခွဲခြားဆက်ဆံခြင်းကဲ့သို့ တစ်တန်းတည်း ထား၍ ဆန့်ကျင်နေကြခြင်းမှာ အမေရိကန်ပြည်ထောင်စုရှိ သက်ဆိုင်ရာ အထူးစိတ်ဝင်စားသူ အစုများ၏ ကြိုးပမ်းအားထုတ်မှု အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ သူတို့သည် ကုထုံးများအားလုံး တူညီအောင် ရောဂါဝေဒနာအားလုံးကို တူညီစေလိုသူများသာ ဖြစ်ကြပါသည်။

ထိုအရာများအားလုံးနှင့် (အခြားအရာများစွာတို့)သည် မှားနေပါသည်။ ယင်းတို့ကို အမှန်သို့ရောက်အောင် လုပ်သင့် ပါသည်။ သို့ရာတွင် အကန့်အသတ်ရှိသည့် ကမ္ဘာလောကကြီးတွင် အချို့သောအမှန်များသည် ပို၍မြင့်မြတ်နေကာ အချို့သောအမှား များသည် အမှတ်ကိုချိုးဖောက်ခြင်းကြောင့် ပေါ်ပေါက်လာကြသည် မဟုတ်ပါ။

ကော်လိုရာဒိုတက္ကသိုလ်မှ ဉပဒေပါမေက္ခ ရောဘတ် နာဂဲ့က 'အခွင့်အရေးတောင်းဆိုမှုတွေဟာ ကစားစရာရထားတဲ့

www.burmeseclassic.com



ကလေးတွေနဲ့တူနေတယ်၊ ကစားစရာတွေကို ရလို့ သိပ်ပျော် သိပ်ကျေနပ် နေကြပြီး နောက်ထပ်တစ်ခုပြီးတစ်ခုလိုချင်နေကြ တော့တာပဲ။ ဘယ်လိုအကျိုးသက်ရောက်မှုတွေ ပေါ်လာမယ် ဆိုတာကို သူတို့ မစဉ်းစားမိကြတော့ဘူး’ ဟုသတိပေးခဲ့ပါသည်။ ဥပမာအားဖြင့် အမေရိကန် တွင် ယခု ခေတ်စားနေသော ‘ကြည့်ပျော် ရှုပျော်ဝါဒ’ကိုပင် စဉ်းစားကြည့်ပါ။ ယင်းမှာ ရုပ်ဆိုးသူထက် ရုပ်ချောသူကို ဦးစားပေးသည့် ဝါဒဖြစ်ပါသည်။ ယခု ထိုပြဿနာသည် အခွင့်အရေးဆိုင်ရာ တရားဥပဒေနယ်ပယ် ထဲသို့ ရောက်လာပြီ။ အမေရိကန်ပြည်သူ့လွတ်လပ်ခွင့်များသမဂ္ဂမှ အဒမ်ကိုတင်က ‘ဟားဗက် တက္ကသိုလ်ဥပဒေ စာစော်’တွင် ရေးသားရာ၌ ကျွန်ုပ်တို့၏ အဖွဲ့အစည်းတွင် ရုပ်ချောသူများကို ဦးစားပေးသည့်အလေ့သည် မည်မျှ ခေတ်စားလာသည်ကို လူများသဘောမပေါက်ကြသေးချေ။ ကျောင်းဆရာ အလုပ်မှာပင် လျှင် ကလေးများကို စွဲဆောင်နိုင်သည့် ရုပ်ရည်ရူပကာရှိသူများမှာ အဆင့်ကောင်းကောင်း ရနေကြသည်’ ဟုဆိုခဲ့သည်။

ထို့နောက် သူက

‘ကြမ်းတမ်းခက်ထန်သော ဘဝကို ဖြတ်သန်းခဲ့သူများ အားတရားဥပဒေက ကုသပေးခြင်းကို မှားသည်ဟုမဆိုနိုင်။ ကျွန်ုပ်တို့သည် မည်သည့်ကိစ္စကို ဦးစားပေး၍ စတင်လုပ်ဆောင် မည်ဆိုသည်ကိုမူ နောင်တွင် စဉ်းစားနိုင်ပေသည်’ဟုရေးခဲ့သည်။

မည်သည့်အရာကဆိုးသည်ဟုသတ်မှတ်နိုင်ရန် နည်းလမ်း တစ်ခုတော့ရှိဖို့ကောင်းပါသည်။ ထိုသို့ မလုပ်နိုင်လျှင် တကယ် နစ်နာသူ၊ တကယ်ကြိုတင် သတ်မှတ်ခံရသူ၊ တကယ်အခွင့်အရေး

www.burmeseclassic.com



ဆုံးရှုံးသူတို့ကို အကာအကွယ် ပေးနိုင်မည် မဟုတ်ပါ။ နောက်တစ်နည်းတော့ ရှိပါသေးသည်။ ယင်းမှာ ယခု အမေရိကန်ပြည်ထောင်စုတွင် ပေါ်ပေါက်နေသည့်ခေတ်စားနေသော သဘောထားသည် ထိုအတိုင်း ဆက်လက်ရှိနေပါစေ။ နှစ်ပေါင်း များစွာ ဥပဒေပြုခြင်း၊တရားစီရင်ခြင်းတို့ ပြီးသည့်နောက်တွင်ဘုရားသခင်၏ သားသမီးများအားလုံး တို့သည် နစ်နာကြပါစေ။ သို့ဖြင့် သူတို့အားလုံးသည် ကာကွယ်စောင့်ရှောက်မှု လိုလားကြကာ နောက်တစ်ဖန်ပြန်၍ တန်းတူညီမျှ ဖြစ်လာ ကြပါလိမ့်မည်။

ရည်ညွှန်း။ Time , December 6 , 1993 မှ Matgaret Carlson ၏ And Now, Obesily Rights ကို ပြန်ဆိုသည်။

www.burmeseclassic.com

# သင်တို့ထက်မြတ်တယ်

အမေရိကန်အိုလံပစ်ကော်မတီသည် ကျင့်ဝတ်ဆိုင်ရာ ဖောက်ဖျက်မှုများနှင့်ပတ်သက်ပြီး (စကိတ်အလှစီးချန်ပီယံ)တိုညာ ဟားဒင်ကို ပုလိပ်စစ်သလို မေးခွန်းတွေ တစ်ခုပြီးတစ်ခု မေးမြန်းစစ်ဆေးချင်နေပါသည်။ ကျင့်ဝတ်ဆိုင်ရာ ဖောက်ဖျက်မှုဆိုသည့်အထဲတွင် 'အိုလံပစ်အားကစားပွဲများ၏ အစဉ်အလာသည် ခမ်းနားစွာ ရှေးဆန်ပါသည်။ မှန်ပါသည်။ မိမိ၏ပြိုင်ဘက် နန်စီကာရီဝန်အား နှောင့်ယှက်ဖျက်ဆီးရန် အကြံကို နောက်မှ ထုတ်ဖော်ပြောဆိုခြင်း ပြုသဖြင့် ဟားဒင်းတွင်အပြစ်ရှိကောင်းရှိနိုင်ပါသည်။ဟားဒင်းသည် လုပ်ကြံဖျက်ဆီးသူများ၏ 'ပွဲပြီးမှ အသိပေးခံရသူ' တစ်ဦး အဖြစ်မျိုး

www.burmeseclassic.com



ထက် ပိုသည်ဆိုလျှင် သူရရှိသည့် ရွှေတံဆိပ်များကို ပြန်၍ သိမ်းသင့်ပါသည်။ သို့ရာတွင် ဟားဒင်းသည် အတိက်က ရခဲ့ဖူးသော အခြားသူများအားလုံးထက် အိုလံပစ်ပွဲတော်၏ ဂုဏ်သိက္ခာကို အစွန်းအထင်းဖြစ်စေခဲ့သည်ဆိုသည့် တစ်ဖက်သတ်ကျသည့် အတွေးအထင်ကမူ ဒဏ္ဍာရီဆန်လွန်းလှပါသည်။ ထိုသို့ပြောရမည်ဆိုလျှင် ထိုနေ့ညနေက ဒက်ထရွိုက်မြို့တွင် ဟားဒင်း၏ ကိုယ်ရံတော်တစ်သိုက် လုပ်ခဲ့သည့် အလုပ်မျိုး (ပြိုင်ဘက်ဖြစ်သည့် နန်စီကာရီဂန်ကို ဒဏ်ရာရအောင် လုပ်ခဲ့သည့်အဖြစ်မျိုး) သည် ရှေးအစဉ်အလာက တည်ရှိခဲ့သော ထုံးတမ်းစဉ်လာကြီးတစ်ခုအတိုင်း လုပ်ခြင်းမျိုးသာ ဖြစ်သည်ဟုပင် ပြောနိုင်ပါသည်။ အိုလံပစ်ပွဲတော်များ၏ ဆောင်ပုဒ်မှာ (Citius, Altius, Fortius) မြန်-မြင့်-သန် ဖြစ်ပါသည်။ (ပို၍မြန်ရမည်၊ ပို၍မြင့်ရမည်၊ ပို၍သန်ရမည်ဆိုသည့်သဘော ဖြစ်သည်။) ပို၍ကောင်းရမည် ဆိုသည့်စကားလုံးကို စာမျက်နှာ ၁၁၉မျက်နှာရှိ အိုလံပစ် ပဋိညာဉ် စာတမ်းတွင် တစ်နေရာမှ မတွေ့ပါ။

ဟာမာ ပလန့် ဇာဘိုး၏ အဖြစ်အပျက်ကို ကြည့်ပါ။ သူသည် ၁၉၂၄ခုနှစ် အိုလံပစ် ဩစတြေးယားမှ စကိတ်အလှစီးမယ် ဖြစ်ပါသည်။ ၁၉၂၈ခုနှစ် အိုလံပစ်ပွဲတော်သို့ သူပြန်လာသည့်အခါတွင် ရယ်စရာကောင်းသည့် အဖြစ်အပျက်တစ်ခု ဖြစ်လာခဲ့ပါသည်။ သူ ချန်ပီယံဘွဲ့ရသည်ကို မနာလိုဖြစ်သူတစ်ဦးက သူစကိတ်စီးသည့် ဖိနပ်ရှည်ထဲသို့ ခဲသွားထည့် ထားခဲ့ပါသည်။ ရည်ရွယ်ချက်မှာ ကောက်ကျစ်သလောက် ရှင်းလင်းပါသည်။ ယင်းမှာ သူ့အားပြိုင်ပွဲကျင်းပနေစဉ် ရေခဲပြင်ပေါ်တွင် လဲကျသွားစေရန် ဖြစ်ပါသည်။ ပလန့်ဇာဘိုးသည် ထိုလုပ်ကြံမှုကို ပြိုင်ပွဲမစမီတွင် တွေ့ရှိသွား

www.burmeseclassic.com



ခဲ့ပါသည်။ သူ့အား လုပ်ကြံသူသည် ပြိုင်ဘက်ဖြစ်နိုင်သည်ဟု တစ်လျှောက်လုံး ယုံကြည်သွားခဲ့ပါသည်။ သို့ရာတွင် သက်သေ မပြနိုင်ပါ။ သမိုင်းနှင့် ဟောလီဝုဒ် ရုပ်ရှင်လောကက ပြသခဲ့သည့် အတိုင်း ဟင်နီသည် ရွှေတံဆိပ်ကို ရရှိသွားခဲ့ပါသည်။ နောင်တွင် သူ့ဇာတိဖြစ်သည့် နော်ဝေးနိုင်ငံမှ ပြောင်းရွှေ့လာခဲ့ကာ အမေရိကန်ပြည်ထောင်စု၏ အချစ်တော် တစ်ဦးဖြစ်လာခဲ့ပါသည်။

၁၉၇၆ခုနှစ်ကလည်း အလားတူ ရည်ရွယ်ချက်မျိုးဖြင့် ပြုလုပ်ခဲ့သည့် အဖြစ်အပျက်တစ်ခုဖြစ်ခဲ့ပါသေးသည်။အမေရိကန် အားကစားမယ်တစ်ဦးဖြစ်သည့် ဒေါ်ရသီဟားမီးလ်သည် ဩစတြီးယား နိုင်ငံ အင်းစ်ဘရက်မြို့အနီး လမ်းကလေးပေါ်တွင် လမ်း လျှောက်နေပါသည်။ ထိုစဉ် သူ၏ပြိုင်ဘက် အားကစားမယ်ကိုလေ့ ကျင့်ပေးနေသည့် ဆရာတစ်ဦး မော်တော်ကားမောင်းလာသည် ကို မြင်နေရပါသည်။ ကားဆရာသည် ဟားမီးလ်ကိုမြင်သည်နှင့်လီဘာ ကိုအတင်းနင်းကာ သူ့ကိုလိုက်တိုက်သဖြင့် ခုန်ပျံကျော်လွှားပြေးခဲ့ ရသည် ဟု ဟားမီးလ်က ပြောပါသည်။

ထိုသို့သော အတွင်းမှ လျှို့ဝှက် ဖျက်ဆီးမှုအပြင် များစွာ သော အိုလံပစ်အားကစားသမားများသည် ( ယင်းတို့အထဲတွင် အမေရိကန်လူမျိုးတွေလည်း ပါပါသည်။ ) ရာဇဝတ်ပြစ်မှု မကင်းသော အပြုအမူများကို ပြုလုပ်ခဲ့ကြဖူးသည်။ ဘော်ဘီနိုက်ကို အမှတ်ရကြ ပါသေးသလော။ ပျူတိုရီကို နိုင်ငံသားများကမူ သူ့ကို ဘယ်တော့မှ မေ့ကြလိမ့်မည် မထင်ပါ။ ၁၉၇၉ ခုနှစ်တုန်းက ဆန်ဂျူအန်မြို့တွင် ကျင်းပသည့် အမေရိက တိုက်လုံးဆိုင်ရာ အားကစားပွဲတော်တွင် အမေရိကန် ဘတ်စကက်ဘောအသင်းကို

www.burmeseclassic.com



သင်တန်းပေးနေစဉ် ဘော်ဘီနိုက်သည် တာဝန်ကိုထမ်းဆောင်နေသည့် ရဲအမှုထမ်း တစ်ယောက်ကို ထိုးနှက်ခဲ့ပါသည်။ ပျူတိုရီကိုကျွန်းမှ လူထုကို စော်ကားခဲ့ပါသည်။ ('ဒီကောင်တွေ ဘာနားလည်လို့လဲ၊ ငှက်ပျောပင်စိုက်ဖို့ပဲ နားလည်မှာပေါ့' ဟု သိမ်းကျုံး၍ပြောခဲ့ပါသည်) ထိုသို့ စော်ကားပြီး ဒေါသထွက်နေသော ပျူတိုရီကိုနိုင်ငံသားများနှင့် ဖမ်းဝရမ်းတို့ကို ရှောင်ကွင်းထွက်ပြေးသွားခဲ့ပါသည်။ သို့ရာတွင် ၁၉၈၄ ခု အိုလံပစ်အားကစားပွဲများတွင် အမေရိကန် ဘတ်စကက်ဘော အသင်းအား သင်တန်းပေးခွင့် ရုပ်သိမ်းခြင်း မခံရပါ။ မိမိတိုင်းပြည်ကို ကိုယ်စားပြု၍ရခဲ့သော ရွှေတံဆိပ်ကိုလည်း ပြန်အပ်ရန် မည်သူကမျှ မတောင်းဆိုခဲ့ပါ။

အောက်လမ်းနည်းများဖြင့် နှောက်ယှက်ဖျက်ဆီးသည့် အမျိုးအစားထဲတွင် လိင်ပြောင်း၍ ဟန်ဆောင်မှုနှင့် ဗီဒီယိုတိပ်ခွေ များရအောင် သူလျှိုလုပ်သည့်နည်းများလည်း ပါပါသည်။ ၁၉၆၀ ပြည့်လွန်နှစ်များအတွင်းက ရုရှအားကစားမယ်ညီအစ်မနှစ်ဦးဖြစ်သည့် တာမာရာနှင့်အိုင်ရီနာတို့သည် (ယင်းတို့နှစ်ယောက် အနက် တစ်ယောက်မှာ ကိုယ်အလေးချိန် ၁၂၇ကီလိုရှိသည်) သံပြားပစ် အပါအဝင် အားကစားပွဲများ၌ ရွှေတံဆိပ်ငါးခုနှင့်ငွေတံဆိပ်တစ်ခု ရခဲ့ကြပါသည်။ သို့ရာတွင် လိင်ခွဲခြားရေး စမ်းသပ်မှုစနစ် စတင် လုပ်သည့်အခါတွင်မူ သူတို့ ညီအမနှစ်ယောက်သည် ပြိုင်ပွဲများသို့ဝင်ရောက် ယှဉ်ပြိုင်ခြင်း အပြုတော့သည့်အတွက် အားကစားဝါသနာ အိုးများနှင့် အကဲခတ်သူများက တအံ့တသြဖြစ်ခဲ့ကြရပါသည်။ အခြားနာမည်ကျော် အမျိုးသမီး

www.burmeseclassic.com



အားကစားမယ်တစ်ဦးမှာလည်း နောင်တွင် 'မောင်မစ္စက' ဖြစ်နေကြောင်း တွေ့လာရပါသည်။ ၁၉၈၀ ပြည့်နှစ် သူ ကွယ်လွန်သည့်အခါ၌ ၁၉၃၂ အိုလံပစ်ပွဲတော်တုန်းက ပိုလန်ပြည် အတွက် ရွှေတံဆိပ် ဆွတ်ခူးခဲ့သော အားကစားမယ် စတယ်လာဝါရှ် သည် အင်္ဂါအစုံအလင်နှင့် ယောကျ်ားကြီးဖြစ်နေကြောင်းကို တွေ့ခဲ့ရပါသည်။ သူလျှိုလုပ်ငန်းနှင့်ပတ်သက်သည့် အဖြစ်တွေလည်း ရှိပါသေးသည်။ ၁၃၇၀ ပြည့်လွန်နှစ်များနှင့် ၁၉၈၀ ပြည့်လွန်နှစ်များ တုန်းက အရှေ့ဂျာမနီမှ အားကစားသမားများသည် နိုင်ငံတော်လုံခြုံရေး ယန္တရားကြီးအတွက် အလုပ်လုပ် ပေးခဲ့ကြသည်။ အာကစား သမား ဘော့ဆလက်ဒါးစတီဗင်ဂရွမ်းက မိမိ၏လှုပ်ရှားမှုများကိုစောင့်ကြည့်သတင်းပို့ရန်အတွက် အားကစားသမား၁၇ဦးကို တာဝန်ပေးထာကြောင်း၊ ယင်းတို့ထဲတွင် မိမိနှင့်အတူ တစ်သင်းတည်း ကစားသူတစ်ဦးလည်း ပါဝင်ကြောင်းကို တွေ့လာရသည်ဟု ပြောခဲ့ဖူးသည်။

'ကျွန်တော်ရဲ့ အားကစားသမားဘဝကို သူတို့ဖျက်ဆီးပစ်ခဲ့တာပဲဗျာ။' ဟု သူကပြောသည်။

ဂရွမ်းသည် အရှေ့ဂျာမနီ၏ အပြင်ဘက် တစ်နေရာတွင် နေချင်မိသဖြင့် ဘောလုံးအသင်းမှ ထုတ်ပစ်ခြင်းခံခဲ့ရပါသည်။

နိုင်ငံတကာ အိုလံပစ်ကော်မတီခေါင်းဆောင်များက သူတို့သည် ဟားဒင်းပြဿနာနှင့် ပတ်သတ်၍ ဝင်ရောက်စွက်ဖက်မည် မဟုတ်ကြောင်းဖြင့် ကြေညာခဲ့ကြသည်။ အမြော်အမြင်ရှိသော ခြေလှမ်းတစ်လှမ်း ဖြစ်ပါ၏။ သူတို့ နေထိုင်သော အိမ်သည် ကျောက်ခဲပြီးသည့် အိမ်မဟုတ်ပါ။ နိုင်ငံတကာ အိုလံပစ်ကော်မတီ

www.burmeseclassic.com



ဥက္ကဋ္ဌ အန်တိုနီယိုဆမာရန်းသည် တိုညာဟားဒင်းအား အကြမ်းပတမ်း လမ်းစဉ်လိုက်သည်ဟု မစွပ်စွဲသင့်ဆုံး လူတစ်ယောက်ဖြစ်ပါသည်။ အကြောင်းမူ သူသည် သူ့ဇာတိ စပိန်ပြည်တွင် ဖက်ဆစ်ဖရန်ကိုကြီးစိုးခဲ့စဉ်က အကြမ်းပတမ်း လမ်းစဉ်ကို အားတက်တရောထောက်ခံခဲ့သူဖြစ်ပါသည်။ မကြာသေးမီ အတောအတွင်းကလည်း အီတလီပြည်မှ ပရီမိုနီဘီယိုလိုကို ဆမာရန်းဦးဆောင်သည့် ကြီးမြတ်သော အိုလံပစ်ကော်မတီသို့ ထည့်သွင်းခဲ့ပါသည်။ ပရီမိုသည် ၁၉၈၇ခု အိုလံပစ်ပွဲတော်များ အတွင်းက သူ့အီတလီမှ အားကစားသမားတစ်ဦး ရွှေတံဆိပ်ရအောင် အလျားခုန် စည်းမျဉ်းများကို တစ်မျိုးတစ်ဖုံ ပြင်ခဲ့သည်ဟု အစွပ်စွဲခံဖူးသူဖြစ်ပါသည်။ ပရီမိုကငြင်းသော်လည်း သူ၏ငြင်းဆိုချက်ကို မည်သူကမှမယုံကြပါ။

သို့ရာတွင် မြင်းကျောပေါ်ကို ရောက်အောင်လုပ်သည့်နည်း (အိုလံပစ် ကော်မတီဝင်ဖြစ်ရခြင်း) သည်ကြီးကျယ်သော အိုလံပစ်အဖြစ်အပျက်ကြီးတစ်ခု ဖြစ်လာနေသည့်အန္တရယ် ရှိနေပါသည်။ လေးနှစ်တစ်ခါ တစ်ခါတိုင်း လူထုနှင့်သတင်းစာများသည် အားကစားသမားတို့၏ မောက်မာဝင့်ကြွားသော ပညာသည်ဝါဒ ကိုကြည့်၍ တအံ့တဩဖြစ်နေခဲ့ကြရပါသည်။ ဤသို့ဖြစ်ရသည်မှာ မကောင်းပါ။ အလားတူပင် ဟားဒင်းအတွက် စုတ်တသပ်သပ် ဖြစ်ရသည်မှာလည်း မကောင်းပါ။ သူ့တွင် အပြစ်ရှိသည်ဆိုလျှင်သူသည်ဥယျာဉ်ပွဲတွင် ပထမဆုံးသားကောင် မဟုတ်ပါ။

ဘရွှန်ပီယာဒီ ကိုဘာလင်းက 'အိုလံပစ်အားကစားပွဲတော်မှာ အရေးကြီးတာက အနိုင်ရဖို့ အဟုတ်ဘူး၊ ပါဝင်ယှဉ်ပြိုင်ဖို့သာဖြစ်တယ်၊ အဓိကအကျဆုံး အရာဟာလည်း အောင်နိုင်ဖို့မဟုတ်ဘဲ

www.burmeseclassic.com



ကောင်းစွာ တိုက်ခိုက်တတ်ဖို့ ဖြစ်တယ်’ ဟု အိုလံပစ်အားကစားပွဲတော်၏ အခြေခံမူများကို ပြောခဲ့ဖူးပါသည်။

ထိုသို့ ပြောဆိုပြီးသည့်နောက် အိုလံပစ်ပွဲတော်များသည် ရှည်ဝေးကွေ့ကောက်သော ခရီးကို ဖြတ်သန်းခဲ့ပါသည်။ အိုလံပစ်ပွဲတော်များတွင် ထိုပန်းတိုင်၊ ထိုရည်ရွယ်ချက်ကို အရောက်သွားခဲ့သည့် အားကစားသမား အများအပြားလည်း ရှိခဲ့ပါသည်။ ယခုလည်း ရှိနေပါသေးသည်။ သို့ရာတွင် အိုလံပစ်ပွဲတော်၏ ရည်ရွယ်ချက်နှင့်ဆန့်ကျင်၍လုပ်နေကြသော အားကစားသမားများ မရှိတော့ ဟူ၍ကား ဟန်မဆောင်သင့်ပါ။

ရည်ညွှန်း။ Time, February 21, 1994 - Paul A ၏Witteman or Olyer Than Thou ကိုပြန်ဆိုသည်။

www.burmeseclassic.com

## ဆူပါဇောတိကများသည် တစ်မူတူးကြသည်

သင့်အဖို့တော့ လိုချင်မှလိုပေလိမ့်မည်။သို့ရာတွင် လီယိုနာ ဟင်စလေက သန်းကြွယ်သူဌေးဖြစ်သူ သူ့ခင်ပွန်း ပိုင်ဆိုင်သည့် အဆောက်အအုံ ပုံသဏ္ဍာန်လုပ်ထားသည့် ဒေါ်လာ ၄၅,၀၀၀ တန် ငွေနာရီတစ်လုံး ဘာကြောင့်လိုချင်သည် ဆိုသည်ကိုမူ သင်နားလည် နိုင်လိမ့် ထင်ပါသည်။ထို့ထက်ပို၍ နားမလည်နိုင်စရာကောင်း သည့်အချက်မှာ ထိုနာရီကိုရရန် အဘယ်ကြောင့် ဥပဒေကို ချိုးဖောက်ရသနည်း ဆိုသည့်အချက် ဖြစ်ပါသည်။ အစိုးရက ဟင်စလေဇနီးမောင်နှံတို့သည် အမျိုးအမျိုးသော ကိုယ်ပိုင်ပစ္စည်း အသုံးအဆောင်များ ကို စီးပွါးရေးလုပ်ငန်းတွင် ကုန်ကျသော ငွေများအဖြစ် မှားယွင်းစွာ ပြကာအမြတ်ခွန်ဒေါ်လာလေးသန်းကို လိမ်လည်ရှောင်လွှဲခဲ့သည် ဟု စွဲချက်တင်သည်။ ဤတွင်သူ့ရှေ့နေက ထိုမျှကျိကျိတက်ချမ်းသာသူများသည် ဘာမဟုတ်သည့် ငွေကလေး

www.burmeseclassic.com



အတွက် ထောင်တန်း အကျခံ၍ လုပ်ပါမည်လောဟုစောဒက တက်သည်။

မှန်ပါသည်။ မစ္စက်ဟင်စလေသည် အများပြည်သူ၏ အကျိုးအတွက် ထိုနာရီစင်ကြီးကို တည်ဆောက်ခြင်းဖြစ်ကောင်း ဖြစ်နိုင်ပါသည်။ မည်သို့ဖြစ်စေ သူ့လုပ်ရပ်သည် အများပြည်သူကို ရွှင်မြူးစေပါသည်။ လူချမ်းသာများအား အသရေပျက်စေသော ဟိုးလေးတကျော် ဖြစ်မှု ယဇ်ပလ္လင်တွင် တင်၍ ယဇ်ပူဇော်သည့် အလေ့သည် အမေရိကန် တရားဥပဒေ၏ ထုံးတမ်းစဉ်လာကြီး တစ်ခုဖြစ်နေပါပြီ။ သမ္မတရေဂင်ခေတ်တွင် ဟင်စလေဇနီးမောင်နှံ တို့သည် နာမည်ကျော် လူချမ်းသာတို့ထဲတွင် စာနာမှုအနည်းဆုံး ဟုစာရင်းသွင်းခံနေရပါပြီ။ ဟင်စလေသည် မြေပိုင်ရှင်ကြီးတစ်ဦး ဖြစ်ပါသည်။ အခြားသော အိမ်ရာတိုက်တာများအပြင် သူ့တွင် တိုက်ခန်းစုံပေါင်း ၅၀,၀၀၀ရှိပါသည်။ သူ့ဇနီးသည် ဟိုတယ် ကွင်းဆက်တို့၏ ကိုယ့်ကိုကိုယ် ကြေညာထားသော 'ဘုရင်မ' ဖြစ်ပါသည်။ ဟင်စလေဇနီးမောင်နှံ တို့တွင် စွဲကပ်နေသော ရောဂါမှာ 'လောဘ' ဖြစ်သည်ဟု ခွဲခြား စိတ်ဖြာပြပါသည်။

သို့ရာတွင် စာရိတ္တအားဖြင့်လည်းကောင်း ၊ လက်တွေ့ အားဖြင့် လည်းကောင်း ထိုရောဂါကို အကြောင်းပြရုံဖြင့် မလုံ လောက်သေးပါ။ လောဘဆိုသည်မှာ ကျွန်တော်တို့အားလုံးတွင် လည်းရှိကြသည်သာ ဖြစ်ပါသည်။ ကျွန်တော်တို့၏ စီးပွားရေးစနစ် တွင်လည်းလောဘရှိရုံမျှဖြင့် ဘာမျှအပြစ်ဆိုဖွယ်ရာ မရှိပါ။ အရင်းရှင်စနစ်သည် တစ်ဦးချင်း၏ လောဘသဘောကို လူ့အဖွဲ့ အစည်းကြီးတစ်ရပ်လုံးကို ကောင်းကျိုးဖြစ်စေသည့် ကုန်ထုတ်

www.burmeseclassic.com



လုပ်မှုဆောင်ရွက်ချက်အဖြစ် ပြောင်းပေးခဲ့သည့် သာဓကတွေ အများကြီးရှိခဲ့ပါသည်။ ဤသည်ကို စာရင်းဇယားအမျိုးမျိုး၊ သင်္ချာ ဗေဒဆိုင်ရာ ဖော်မြူလာအမျိုးမျိုးဖြင့်ပြနိုင်ပါသည်။ ကျွန်တော် တို့အား လောဘစိတ်ကို ဖြစ်ပေါ်အောင် လှုံ့ဆော်ပေးသည့်အင်အား စုများမှာ ဟင်စလေတို့ဇနီးမောင်နှံတို့ကို ခြွင်းချက်ထားသင့်ပါသည်။ သူတို့ ဇနီးမောင်နှံတွင် ခန့်မှန်းခြေအားဖြင့် ဒေါ်လာသန်း ၁၄၀၀ခန့် ရှိပါသည်။ သူတို့မှာ အသက် ၆၇နှစ်နှင့်၇၉နှစ်ရှိပြီး သားသမီးမရှိကြပါ။ သူတို့သည် အလှူအတန်းရက်ရောကြပါသည်။ သို့ရာတွင် အရမ်းကာရော တော့မဟုတ်ကြပါ။ ဟင်စလေ ဇနီးမောင်နှံတို့သည် အခြားသော ဆူပါဇောတိကများထက်အလုပ်ကို ကြိုးစားကြသော်လည်း သူတို့ရသောပိုက်ဆံကို သုံးဖြုန်းရန် အခြားနည်းလမ်း မရှိကြပါ။ သို့ဖြစ်လျှင် နောက်ထပ် ပိုက်ဆံ စုဆောင်းမိရန် အစိုးရကို အဘယ်ကြောင့် လိမ်လည်ခြင်း ပြုရပါသနည်း။

အမှန်အားဖြင့် ဆူပါဇောတိက ဇနီးမောင်နှံနှစ်ဦးတို့အား ဥပဒေကို ချိုးဖောက်ရန် မည်သည့်အရာက တိုက်တွန်းစေ့ဆော် သနည်းဆိုသည့် ပြဿနာသည် ၎င်းတို့အား (ဥပဒေတွင်းမှဖြစ်စေ၊ ဥပဒေပမှဖြစ်စေ) စည်းစိမ်ဥစ္စာ ရှာဖွေ စုဆောင်းရန် မည်သည့် အရာကမှ တိုက်တွန်းစေ့ဆော်သနည်းဆိုသည့် ပြဿနာလောက်ပင် စိတ်ဝင်စားစရာ မကောင်းလှပါ။ လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း တုန်းက အမေရိကန်တွင် ဘောဂဗေဒအယူအဆတစ်ခု ကြီးစိုး ခဲ့ပါသည်။ ယင်းမှာ ချမ်းသာသူများအား ကြီးလေးသော အခွန် အကောက်များ စည်းကြပ်ခြင်းမပြုပဲ လျှော့ချပစ်ရမည် ဆိုသည့်

www.burmeseclassic.com



အယူအဆဖြစ်ပြီး ယင်းကို 'စုဆောင်းရေး ဘောဂဗေဒ' ဟု ခေါ်ခဲ့ကြပါသည်။ လူများကို ဥစ္စာပစ္စည်း စုဆောင်းရှာဖွေရန် မက်လုံးပေးသည့် သဘောဖြစ်ပါသည်။ စုဆောင်းရေးဗေဒပညာရှင်တို့သည် အရင်းရှင်စနစ်ကြီး၏ ရောဂါတို့ကို ကုသပေးနေသော အနှိပ်သည်များဖြစ်ကြပါသည်။ ၎င်းတို့က မက်လုံးပေးစနစ်ကို သုံးခြင်းကြောင့် စီးပွားရေးဘဝတွင် ကြီးစွာသော အပြောင်းအလဲကြီးများကို ဖြစ်ပေါ်စေလိမ့်မည်ဟု ယုံကြည် ကြပါသည်။ ထိုသဘောတရားသည် နေ့ဖို့ညစာ ရှာစားရသည့် အများစုကြီးအတွက် အသုံးဝင်ကောင်းဝင်ပါလိမ့်မည်။ သို့ရာတွင် စီးပွားရေးဘဝတွင် ထိပ်ဆုံးမှနေပြီး ကျိကျိတက်ချမ်းသာ နေကြသည့် ဆူပါဇောတိကများအဖို့မူ ထိုသို့သော မက်လုံး(ဝင်ငွေခွန် ဖြတ်တောက်မှု)ကလေးများသည် ဘာမျှ ပြောပလောက်မည် မဟုတ်ပါ။ ထိုသဘောတရားသည် သူတို့အတွက် မည်သို့ အသုံးဝင်နိုင်ပါမည်နည်း။

လူချမ်းသာများ စိတ်နေစိတ်ထား အကြောင်းကို ရေးထားသည့် ဂန္ထဝင် စာအုပ်တစ်အုပ်ရှိပါသည်။ ယင်းမှာ သောစတိန်းဗက်ဘလင်း၏ 'ဇိမ်ခံလူတန်းစား၏ သဘောတရား' (၁၈၉၉) ဖြစ်ပါသည်။ 'ကြွားလုံးထုတ်စားသုံးခြင်း' ဆိုသည့် ဝေါဟာရကို တီထွင်ခဲ့သည့် ဗက်ဘလင်းက လူချမ်းသာများသည် စားသုံးရန် စီးပွားရှာကြခြင်း မဟုတ်ဘဲ ထိုအရာနှင့် ပြောင်းပြန်လုပ် နေကြကြောင်း၊ သူတို့ ဘယ်မျှ ချမ်းသာကြောင်းကို ကြွားလုံးထုတ်ရန်အတွက် စားသုံးပြနေခြင်း ဖြစ်ကြောင်းဖြင့် ပြောခဲ့ဖူးပါသည်။

ဗက်ဘလင်းက 'စည်းစိမ်ဥစ္စာရှိခြင်းသည် ဂုဏ်ရှိ၏။

မတော်မတရားခွဲခြားမှု ဖြစ်၏။ ပစ္စည်းများကို စားသုံးခြင်း၊ ပစ္စည်း ဥစ္စာကြွယ်ဝရန် ရှိသမျှသောနည်းလမ်းတို့ဖြင့် စုဆောင်းခြင်း တို့အတွက် မှန်ကန်သော အကြောင်းပြချက်ဟူ၍ မရှိနိုင်၊ အထူးသဖြင့် ပစ္စည်းဥစ္စာ ကျိကျိတက်ချမ်းသာ အောင် လုပ်ရန် လက်လုံးပေး ရသည်ဆိုသည့် အကြောင်းပြချက် မျိုးကားသာ၍ပင် မရှိနိုင်ချေ' ဟု ရေးခဲ့ပါသည်။ လူချမ်းသာများသည် အလုပ်မလုပ်ဘဲ နေခြင်းဖြင့် လည်း သူတို့ဘယ်မျှ ချမ်းသာကြောင်း၊ သူတို့တွင် စည်းစိမ်ဥစ္စာ မည်မျှရှိကြောင်းကို အများသိအောင် ပြတတ်ကြသည် ဟု ဗက်ဘလင်းက ရေးခဲ့ပြီး ယင်းသို့ နေထိုင်ခြင်းကို 'ကြွားလုံးထုတ်၍ အအားနေခြင်း' ဟု ခေါ်ခဲ့သည်။ သူက ဆက်လက်၍ လူ့အဖွဲ့ အစည်းတိုင်း၌ အထက်တန်း စားတို့သည် စက်မှုလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်များမှ ရှောင်ကွင်းနေတတ်ကြပြီး ယင်းသို့ ရှောင်ကွင်း ခြင်း သည် မိမိတို့က အခြားသူများထက် အထက်တန်းကျကြောင်းကို စီးပွားရေး သဘောအားဖြင့် ပြသလိုက်ခြင်း ဖြစ်သည်' ဟု ရေးခဲ့သည်။

သို့ရာတွင် ဗက်ဘလင်း၏ အယူအဆကို ခေတ်နှင့်အညီ ဖြစ်အောင် နည်းနည်းတော့ပြင်ဖို့ လိုပါသည်။ မိမိတို့ စားသုံးနိုင်သည် ထက် ဥစ္စာပစ္စည်းများကို စုဆောင်းမိပါလျက် ယခုတိုင် ဆက်လက်၍ စီးပွားရှာ အလုပ်လုပ်နေသူများကို မည်သို့ ပြောမည်နည်း။ ဆူပါ ဇောတိကများစွာတို့သည် (ယင်းတို့အထဲတွင် တစ်ဦးတည်းပိုင် ဒေါ်လာသန်း ၈,၇၀၀ ရှိပြီး အမေရိကန် ပြည်ထောင်စုတွင် အချမ်းသာဆုံးဖြစ်သည့် ဆမ်ဝေါလ်တန်လည်း ပါသည်။) ရိုးရိုး ကုပ်ကုပ် နေထိုင်ခြင်းကိုဂုဏ်ယူကာ သူတို့၏ အမွေစား အမွေခံ

www.burmeseclassic.com



များကိုလည်း သူတို့လိုပင် ရိုးရိုးကုပ်ကုပ် နေစေချင်ကြသည်။ သူတို့တွင် နောက်ထပ်ပိုက်ဆံသုံးစရာ မလိုတော့ပြီ။ အချို့မှာ စီးပွားရေးလုပ်ငန်းတွေ ရှိနေပြီး ထိုစီးပွားရေး လုပ်ငန်းများကို သာသနာပြုတို့၏ စိတ်အားထက်သန်မှုမျိုးဖြင့် အား သွန်ကြိုးပမ်း လုပ်နေကြသည်။ သို့ရာတွင် ထိုသာသနာပြုသူတို့၏ စိတ်အား ထက်သန်မှုကို အိုးအိမ်တိုက်တာ ရောင်းဝယ်သည့်လုပ် ငန်းများ၊ လက်ဝါးကြီးအုပ် အရောင်းအဝယ်လုပ်ငန်းကြီးများသို့ ယူဆောင် လာသင့်ပါသလော။ အချို့ ထိုသို့ဆက်လက်၍ အားကြိုးမာန်တက် စီးပွားရှာနေကြခြင်းမှာ အကျင့်ပါနေသောကြောင့် ဖြစ်သည် ဟုလည်းကောင်း၊ တခြားလုပ်စရာမရှိ ဖြစ်နေသောကြောင့်ဟု လည်းကောင်း အကြောင်းပြကောင်း ပြကြပါလိမ့်မည်။ အများအား ဖြင့်မူ အကြောင်းပြရန်ခြင်းဆိုကြမည် ဖြစ်သည်။ သို့ဖြစ်လျှင် ဘာကြောင့်ဆက်၍ အလုပ်လုပ်နေကြပါ သနည်း။

ဗက်ဘလင်းသည် ကူးသန်းရောင်းဝယ်ခြင်းလုပ်ငန်းအား ကိုကွယ်ဆည်းကပ်မှုကို ကြိုတင်မမြင်ခဲ့ပါ။ ကူးသန်းရောင်းဝယ်ခြင်း လုပ်ငန်းကို ကိုးကွယ်ဆည်းကပ်မှုသည် အားအားယားယားနေခြင်း ထက် အလုပ်လုပ်ခြင်းကို ခုံမင်စေပါသည်။ သင်၏ ကုဋေကုဋာချီ သော စည်းစိမ်ဥစ္စာတို့ကို အများမြင်အောင်ပြသရန် နည်းလမ်းမှာ အကျိုးမဲ့ အချည်းအနှီး ဖြုန်းတီးပစ်ရန် မဟုတ်ဘဲ ကုဋေကြွယ် လုပ်ငန်းရှင် သူဌေးတစ်ဦးပမာ နေပြရန်ဖြစ်ပါသည်။ ရှိသမျှ စည်းစိမ်ဥစ္စာတို့ကို သုံးစွဲသူတစ်ဦးအနေဖြင့်ပင် ဟိုတယ်အင်ပါယာ ကြီး၏ ဧကရီဘုရင်မ အဖြစ် လီယိုနာဟင်စလေသည် ယနေ့ အများသူငါ ပြောဆိုနေကြ သော နာရီကြီးကို တည်ဆောက်ခြင်း

www.burmeseclassic.com



ဖြင့် သူမ၏ စည်းစိမ်ဥစ္စာတို့ကို ကျော်ကြားမှုအဖြစ် ကျွမ်းကျင်စွာ ပုံသဏ္ဍာန်ပြောင်းလိုက်ခြင်းသာ ဖြစ်ပါသည်။ ယင်းမှာလည်း သူမ၏အလုပ်ဖြစ်ပါသည်။

ထိုမျှမကသေးပါ။ ဖော်ကျွန်းမဂ္ဂဇင်း၊ ဖော့ဘစ်မဂ္ဂဇင်း စသည့် ယနေ့ ထုတ်ဝေလျက်ရှိသော မဂ္ဂဇင်းများတွင် ပါသည့် ကမ္ဘာကျော် ဆူပါဇောတိကတို့၏ စာရင်းတို့ကြောင့်လည်း သာမန်ကြွားလုံးထုတ်သော စားသုံးမှုထက် ကျော်လွန်အောင် စည်းစိမ်ဥစ္စာတို့ကို ထုတ်ဖော်ပြသချင်စိတ်တွေ ဖြစ်ပေါ်လာရခြင်း ဖြစ်ပါသည်။ များစွာသော လူချမ်းသာများသည် ထိုစာရင်းများကို ပြုစုသူများအား အနည်းငယ် ငြင်းဆန်ပြီးနောက် မိမိတို့တွင်ရှိသမျှသော ပစ္စည်း အသေးစိတ်စာရင်းတို့ကို ဝမ်းမြောက်ဝမ်းသာပေးကြသည်ကို တွေ့လျှင် သောစတိန်း ဗက်ဘလင်းသည် များစွာအံ့အားသင့်နေမည် ဖြစ်ပါသည်။ ဖော်ကျွန်းမဂ္ဂဇင်း၏ အလိုအရဆိုလျှင် ဟယ်ရီ ဟင်စလေသည် ကမ္ဘာ့လူချမ်းသာစာရင်းတွင် နံပါတ် ၆၅မှ လိုက် ပါသည်။ ဟိုက ဒေါ်လာလေးသန်း၊ သည်က ဒေါ်လာလေးသန်း ချွေတာ၍ စုပေါင်းလိုက်လျှင် နံပါတ် ၆၅မှ ၆၄သို့ ရောက်မလာဟု မည်သူပြောနိုင်ပါသနည်း။

သို့ရာတွင် ထိုသို့ အပြိုင်အဆိုင် ချမ်းသာအောင်လုပ်နေကြခြင်းသည် အခြားဘာရည်ရွယ်ချက်ကြောင့်မျှ မဟုတ်ဘဲ ချမ်းသာချင်၍ လုပ်နေခြင်းသက်သက် ဖြစ်လျှင် ကျွန်တော်တို့ အတွက် အကြောင်းမဟုတ်ပါ။ စိတ်ညစ်စရာလည်း မလိုပါ။ သူတို့၏ ထုတ်လုပ်ရေးစွမ်းအားများသည် မြင့်တက်လာသော ဝင်ငွေခွန်နှုန်း

www.burmeseclassic.com



များကြောင့် လျော့နည်းသွားမည်သာဖြစ်ပါသည်။ တစ်နည်း ရှိပါသေးသည်။ ကုမ္ပဏီကြွယ် သူဌေးတိုင်း၏ စည်းစိမ် ဥစ္စာတို့ကို နေ့ချင်းညချင်းတစ်ဝက်စီ အခွန်ကောက်လိုက်လျှင် လည်းသူတို့၏ အမှတ်စဉ်သည် နဂိုအတိုင်းသာ ရှိနေမည် ဖြစ်ပါသည်။ ထိုအခါတွင်လည်း သူတို့တွင် ပိုက်ဆံတွေလိုသည်ထက် အများကြီး ပိုနေကြဦးမည် ဖြစ်ပါသည်။

လူအများသတိမပြုမိလိုက်သည့် သမ္မတရေဂင် လက်ထက် ဝင်ငွေခွန် လျှော့ချမှုမှာ ၁၉၈၁ခုနှစ်က မြေယာ တိုက်တာခွန်များ အပေါ်တွင် အကြီးအကျယ် အခွန်လျော့ခဲ့သည့် ကိစ္စ ဖြစ်ပါသည်။ ဆူပါဇောတိကတို့ လောဘဇောကို လှုံ့ဆော်ရာတွင် ထိုနည်းသည် မှားယွင်းသည့်နည်းဖြစ်သည်ဟု ဗက်ဘလင်းက ပြောကောင်းပြောပါ လိမ့်မည်။ ထိုအစား ဖြစ်သင့်သည်မှာ လူချမ်းသာ တစ်ယောက် ကွယ်လွန်လျှင် (ဥပမာ သန်း တစ်ရာအထက်ချမ်းသာမှု) အစိုးရက သူ့ပစ္စည်းစာရင်းကို စစ်ဆေးသင့်ပါသည်။ ထို့နောက် ' မတော် မတရားခွဲခြားမှု'ကို အောက်မေ့သတိရသောအားဖြင့် ဝတ်ပြုအခမ်း အနား လုပ်ကာ အထူးသတင်းစာ ကွန်ဖရင့်တစ်ခု ပြုလုပ်သင့် ပါသည်။ ထိုသတင်းစာ ကွန်ဖရင့်တွင် ကွယ်လွန်သူ၏ လူချမ်းသာ အမှတ်စဉ်အဆင့်ကို ကြေညာပေးသင့်ပါသည်။ ထို့နောက် အစိုးရသည် လိပ်ပြာသန့်သန့်ဖြင့် ဝတ်ပြုအခမ်းအနား ဆောင် ရွက်ခအဖြစ် ထိုသူ၏စည်းစိမ်ဥစ္စာ အများစုကို သိမ်းယူသင့် ပါကြောင်း။

ရည်ညွှန်း။ Time , May 23 , 1988 မှ Micheal Kinsleyg ၏ The Super Are Different ကို ပြန်ဆိုသည်။

# ဟောတီကိစ္စ သူတို့အမြင်

ဂျိမ်းစ်ဘောကာနှင့် ဒစ်ရှေနီတို့သာဆိုလျှင် ဟောတီကိစ္စကို မည်သို့ ကိုင်တွယ်ကြမည်နည်း။ ၁၉၉၆ခု၊ သမ္မတရွေးကောက်ပွဲများတွင် ရီပတ်ဘလီကန် သမ္မတလောင်းများအဖြစ် အရွေးခံရဖွယ်ရှိသူများအနက်မှ အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဟောင်း ဂျိမ်းစ်ဘေကာနှင့် ကာကွယ်ရေးဝန်ကြီးဟောင်း ဒစ်ရှေနီတို့သည် နိုင်ငံခြားရေးရာနှင့် ပတ်သက်၍ ပြောဆိုနိုင်သော အရည်အချင်းအရှိဆုံးပုဂ္ဂိုလ် များဖြစ်သည်။ သူတို့နှစ်ဦးစလုံးသည် သမ္မတဘီလ်ကလင်တန် ဆင်နွဲရင် အဆင်သင့်ဖြစ်နေဟန်ရှိသည့် ဝင်ရောက်တိုက်ခိုက်မှုကို ရှောင်လွှဲကြမည်သာ ဖြစ်သည်။ ဘေကာနှင့် ရှေနီတို့၏ သဘောထားအချုပ်မှာ ရိုးရိုးကလေးသာဖြစ်သည်။ ဟောတီကျွန်းမှ ဖြုတ်ချခံရသည့် သမ္မတ ဂျင်းဘာထရန်

အာရစ္စတိုကို ပြန်တင်ရေးအတွက် အမေရိကန်တစ်ယောက်တလေ၏ အသက်ကိုမျှ ဆုံးရှုံးမခံသင့် ဟူ၍ ဖြစ်သည်။ သို့တိုင်အောင် သူတို့နှစ်ယောက်၏ သဘောထားမှာလည်း ကွဲပြားနေသေးသည်။ သူတို့နှစ်ယောက်စလုံးကပင် ဟေတီကိစ္စတွင် ဝင်မစွက်ပဲနေမည်။ သို့ရာတွင် ရှေနီကလည်း ဟေတီနှင့် ခပ်ဝေးဝေးမှာနေမည်။

နှေးကွေးထုံထိုင်းသော်လည်း စဉ်းစားဉာဏ်သွားသည့်ရှေနီ သည် (ထို့ကြောင့်ပင် ဘေကာသည် ရှေနီနှင့်နှိုင်းယှဉ်လိုက်သည့် အခါ၌ ဘေကာက အရှိန်အဝါကြီးနေခြင်း ဖြစ်သည်။) ဟေတီ ပြဿနာနှင့်စတင်ကြုံတွေ့စဉ် သူမအောင်မြင်စွာ တင်ပြခဲ့သည့် သဘောထားများကို ပြန်ပြောပြသည်။

'ကျွန်တော်တို့ဟာ ဟေတီပြဿနာကို မေ့ထားလိုက်ဖို့ ကောင်းတယ်၊ ဒါကို ဘုရှ်အစိုးရ လက်ထက်တုန်းကလည်း ကျွန်တော် ပြောခဲ့ပါတယ်၊ ခုလည်း ကျွန်တော် ပြောတယ်၊ ဟေတီဟာ အရှုပ် အထွေးပုံကြီးတစ်ခုပဲ၊ ဒါက တော်တော်ဆိုးတယ်၊ ကျွန်တော်တို့ အမှားပဲ၊ စီးပွားရေး ပိတ်ဆို့မှုတွေဟာ ဆင်းရဲသားတွေကိုပဲ သွားထိခိုက်တယ်၊ ဟေတီလူမျိုးတွေ အမေရိကန်ပြည်ထောင်စုကို ဝင်ပြေးလာကြတာကို ကျွန်တော်တို့လက်မခံဘူး၊ ဒီပေါ်လစီဟာ မှန်ပါတယ်လို့ ကျွန်တော်ထင်တယ်၊ ဒီတော့ စီးပွားရေး ပိတ်ဆို့မှု လုပ်လိုက်တဲ့အခါမှာ သွားပြီးခံရတာက လူထုတွေဖြစ်နေတယ်၊ တကယ်တော့ လူထုတွေမခံသင့်ဘူး၊ ကျွန်တော်တို့ဟာ စီးပွားရေး ပိတ်ဆို့မှုကို ရုပ်သိမ်းပြီး မြောက်ကိုရီးယား နျူကလီးယား အစီအစဉ်လို အရေးကြီးတဲ့ကိစ္စတွေကို စဉ်းစားသင့်တယ်' ဟု ရှေနီကပြောသည်။

ဘေကာသည်လည်း နိုင်ငံခြားရေးဝန်ကြီး ဖြစ်စဉ်က သူတင်ပြခဲ့သည့် ပေါ်လစီကို ပြန်၍ ပဲ့တင်ထပ်သည်။

'ဟေတီက ထွက်ပြေးလာတဲ့ ပြည်ပြေး ဒုက္ခသည်တွေကို ပြန်ပို့ရမယ်၊ စီးပွားရေး ပိတ်ဆို့မှုကို တင်းတင်းကျပ်ကျပ် လုပ်ရမယ်၊ ဟေတီနဲ့ဒိုမီနီကန်နိုင်ငံ နယ်စပ်တွေကို ထိထိရောက်ရောက် ပိတ်ဆို့ပစ်ရမယ်'ဟု ဘေကာကပြောသည်။

ဘေကာက စီးပွားရေးပိတ်ဆို့မှုလုပ်သည့်အတွက် ဆင်းရဲသားလူထုတွေ ထိခိုက်နစ်နာသည် မှန်သော်လည်း 'စီးပွားရေးပိတ်ဆို့မှုတွေကို တကယ်ထိထိရောက်ရောက် လုပ်မှသာ အကျိုးရှိနိုင်လိမ့်မယ်' ဟု ပြောသည်။

စီးပွားရေးပိတ်ဆို့မှုနှင့် ပတ်သက်၍ ဤသို့သဘောထားကွဲနေခြင်းသည် အတောင်ပေါက်ခါစ ဒီမိုကရေစီနိုင်ငံများအပေါ်တွင် အမေရိကန် ထောက်ခံမှုနှင့် ပတ်သက်၍ သဘောထားကွဲနေကြောင်းကို ပြသနေသည်။ ရှေနီနှင့်ဘေကာနှစ်ဦးစလုံးတို့က အာရစ္စတီသည် 'လက်ဝဲသမားတစ်ဦး' ဟုယူဆကြသည်။ သို့ရာတွင် ဘေကာကမူ ပြည်ပြေးခေါင်းဆောင်၏ နိုင်ငံရေး အယူအဆသည် အရေးမကြီးဟု သဘောထားသည်။ အာရစ္စတီသည် ကျွန်ုပ်တို့လိုချင်သောဒီမိုကရေစီ ခေါင်းဆောင်မျိုး မဟုတ်သည့်အတွက် ဟေတီကို လက်ရှောင်သင့်သည်ဟု ယူဆသော ရှေနီတို့ အယူအဆသည် မှားယွင်းကြောင်းဖြင့် ဘေကာယူဆသည်။

'ဒီမိုကရေစီတွေကို ထောက်ခံရမယ်ဆိုတဲ့ သဘောထားဟာ ကျွန်တော်တို့နိုင်ငံခြားရေး ပေါ်လစီရဲ့ဒေါက်တိုင်ကြီးဖြစ်တယ်၊ ဖြစ်လည်းဖြစ်သင့်တယ်၊ ဒီအတိုင်းမှန်ရင် ဘယ်ဒီမိုကရေစီက

www.burmeseclassic.com



သစ်သီးယို ထိုးဖို့ကောင်းသလဲ မကောင်းဘူးဆိုတာကို ကြည့်နေလို့ မရဘူး၊ ကိုယ်မကြိုက်တာကို ဖယ်ပြီး ကိုယ်ကြိုက်တာကို ယူစားရမှာပဲ စပျစ်သီးခြောက်ကို ကြိုက်ရင် ယူစားပေ့ါ၊ ပန်းသီးကို မကြိုက်ရင် ဖယ်စားပေ့ါ'

အာရစ္စတိကို ဟေတီတွင်ပြုန်၍ အာဏာအပ်ခြင်းကြောင့် အခြားသော ကာရစ်ဘီယန်နိုင်ငံများသည် ပို၍ ဒီမိုကရေစီ ကျလာလိမ့်မည်ဟု ဘေကာရော၊ ရှေနီပါ မယုံကြည်ကြပါ။ အချက်ပြသင်္ကေတများ ပို့နေခြင်းသည် နိုင်ငံခြားရေးကိစ္စများတွင် အထူးအရေးကြီးသည်ဟု နှစ်ဦးစလုံးက လက်မခံကြပါ။ အချက်ပြသင်္ကေတများပို့နေခြင်းသည် 'ပြောင်းပြန်မက်လုံးပေး စနစ်' သဘောလောက်သာ ရှိသည်ကို သူတို့ယူဆကြပါသည်။

'ဆက်ဒမ်ကို ကူဝိတ်က မောင်းထုတ်လိုက်တဲ့အတွက် ဘော့စနီးယားမှာ ဆာ့ဘ်တွေ ကျူးကျော်နေတာ၊ အာရစ္စတီတို့ ဖြုတ်ချပြီး အာဏာသိမ်းတာတို့ တားဆီးနိုင်တယ်လို့ ကျွန်တော် ဘယ်တုန်းကမှ မယုံခဲ့ဘူး' ဟု ရှေနီက ပြောသည်။ ထိုအယူအဆကိုမူ ဘေကာကလည်း လက်ခံသည်။

'သမ္မတကလင်တန် လုပ်နေသလို အင်အားကိုသုံးမယ်လို့ ကျယ်ကျယ်လောင်လောင် ပြောနေပြီး နောက်က အလုပ်ပါ မလာရင် ဘာမှထိရောက်မှာ မဟုတ်ဘူး၊ ကိုယ်မှာရှိတဲ့ အားနည်းချက်ကို ဒီလိုသာ ထုတ်ပြနေရင် လူဆိုးတွေကို အတင့်ရဲအောင် လုပ်ပေးနေသလို ဖြစ်နေမှာပဲ၊ ဒါပေမဲ့ ပင်လယ်ကွေ့စစ်ပွဲမှာလို တကယ် အရေးကြီးတဲ့ အကျိုးစီးပွားအတွက် ဝင်ရပ်ပြရတာဟာလည်း ဟန်တားတဲ့အကျိုး သက်ရောက်မှုများကို ဘယ်တုန်းကမှ

www.burmeseclassic.com



မရခဲ့ဖူးဘူး၊ စစ်အေးကာလ အတွင်းတုန်းကတောင် မရခဲ့ဘူး’ ဟု ရှေနီကပြောသည်။

ကမ္ဘာတွင်ဖြစ်ပေါ်နေသည့် ပြဿနာများကို တစ်ခုချင်း တစ်ခုချင်းကောက်ကိုင်နေပြန်လျှင်လည်း အဆုံးသတ်နိုင်ဖွယ် မရှိတော့ကြောင်း၊ ယခုအချိန်တွင် ကွန်မြူနစ်ဝါဒမရှိတော့သည့် အတွက် မိမိတို့တွင် ကမ္ဘာလုံးဆိုင်ရာ ရန်သူဟူ၍ မရှိတော့ကြောင်း၊ ထိုစဉ်တုန်းကမူ ကမ္ဘာလုံးဆိုင်ရာ ရန်သူရှိခဲ့သဖြင့် ဘာကိစ္စပဲ လုပ်လုပ် အကြောင်းပြ၍ရကြောင်း၊ ယနေ့ ကမ္ဘာသည် ပြောင်းလဲ ခြားနားသွား ပြီဖြစ်ကြောင်း၊ သို့ရာတွင် ပို၍ရှုပ်ထွေး ပိုအန္တရယ်များလာသော ကမ္ဘာတော့မဟုတ်ကြောင်းဖြင့် ဘေကာ ကပြောသည်။

ဘေကာနှင့်ရှေနီတို့သည် တစ်ဖက်သတ်မြင်တတ်သူများ မဟုတ်။ ပြဿနာပေါ်လာလျှင် ကလင်တန်ထက် ပိုမိုကျွမ်းကျင်စွာ ကိုင်တွယ်နိုင်ကြောင်းကိုသာ ပြောလိုကြခြင်း ဖြစ်သည်။ ဟေတီက လူဆိုးများကို တိုက်ခိုက်လိုစိတ်ကို လှုံ့ဆော်ပေးနေသည့် နောက်ကွယ် မှ စေ့ဆော်မှုများကို သူတို့ မနှစ်သက်ခြင်းဖြစ်သည်။

ရှေနီက ‘သမ္မတ ကလင်တန်ဟာ ပြည်တွင်းကိစ္စတွေမှာ အရှိန်အဝါလိုချင်နေတာနဲ့ ဒီကိစ္စကို ကိုင်နေတာ၊ လစ်ဘရယ်တွေက သူကို နောက်ကတွန်းအားပေးနေတယ်၊ သူမှာလက်ရုံးတောင့်တယ်ဆိုတာ ကို ပြချင်လို့ လုပ်နေတာလည်းပါတယ်’ ဟုပြောသည်။

ဘေကာက

‘ပိုဆိုးတာက ခုကိစ္စကဆိုမာလီယာမှာ ဝင်တဲ့ကိစ္စနဲ့ တူနေတယ်၊ ခုကိစ္စဟာ အလာဟဿ ဝင်စွက်မှုတစ်ခုအလွယ်တကူ

www.burmeseclassic.com



ဖြစ်သွားနိုင်တယ်၊ ကုလသမဂ္ဂ လုံခြုံရေးကောင်စီက စိတ်ချ လုံခြုံသော အခြေအနေတစ်ရပ် တည်ထောင်ပြီးဖြစ်သည်လို့ မကြေညာမခြင်း၊ ဟေတီမှာ အမေရိကန်ရှိနေမယ့် ပုံမျိုး ဖြစ်နေတယ်၊ ကိုယ့်ဘက်မှာ ကုလသမဂ္ဂရှိ နေတာကတော့ ကောင်းပါတယ်၊ ကျွန်တော်တို့ဟာ ကိုလိုနီ ကောင်းဘွိုင်တွေ ဖြစ်တယ်ဆိုတာလည်း ပြပြီးသား ရောက်တယ်၊ နောက်ပြီး အရင်တုန်းက ဆိုဗီယက်ယူနီယံထဲ ပါခဲ့တဲ့ တိုင်းပြည်တွေမှာ ရှုရှ ဝင်ရှုပ်ဖို့လည်း ခက်သွားအောင်လုပ်နိုင်တယ်၊ ဒါပေမယ့် တည်ငြိမ်မှုရှိ မရှိ ကိုဆုံးဖြတ်ဖို့ ကုလသမဂ္ဂကို လုံးဝလွှဲထား ရတာကတော့ ရယ်စရာကောင်းလှတယ်' ဟုပြောသည်။

ရှေနီနှင့် ဘေကာတို့ အားစာနာစိတ်ကင်းသော နိုင်ငံရေး သမားများအဖြစ် ပြောဖို့လွယ်ပါတယ်။ ကုလသမဂ္ဂ အတွင်း ရေးမှူးချုပ် ဘူထရိုစ့်ဂါလီက 'ဥပေက္ခာပြုနေခြင်း၊ လက်ပိုက် ကြည့်နေခြင်း၊ သည် လူ့အသိဉာဏ်တရားပေါ်တွင် ကျူးလွန်သည့် ရာဇဝတ်မှုကြီး ဖြစ်သည်' ဟု လည်းရည်ရွယ်၍ ပြောသွားခဲ့ ပါသည်။

ရှေနီနှင့်ဘေကာတို့၏ အမြင်များကို နားလည်သဘော ပေါက်သည့် ပညာရှင်တို့ကမူ သူတို့၏ အမြင်များကို ဆဋ္ဌမမြောက် အမေရိကန် သမ္မတကြီး ဂျွန်ကွင်စီ အဒမ်၏ အမြင်များနှင့် နှိုင်းယှဉ်ပြောဆိုသွားခဲ့ကြသည်။ သမ္မတ အဒမ်ကို ထိုစဉ်က အမေရိကန် ပြည်ထောင်စုသည် နိုင်ငံတကာတို့၏ လွတ်လပ်မှုနှင့် လွတ်လပ်ရေးကို လိုလားသူ ဖြစ်သည်မှန်သော်လည်း မိမိ၏လွတ်လပ်မှုကို ထိန်းသိမ်းရန်သည် အဓိက ဖြစ်ကြောင်းဖြင့်

ပြောသည့်အခါတွင် နိုင်ငံရေးခေါင်းဆောင် ဟင်နရီကလေးက သမ္မတအဒမ်သည် အထီးတည်းဝါဒသမားဟု တံဆိပ်ခတ်ခဲ့ပါသည်။

သို့တိုင် 'အကျိုးစီးပွားအားလုံးတို့သည် တူညီကြမည်မဟုတ်' ဟု ဘေကာပြောခဲ့သည့် စကားသည် မှန်ပါသည်။ စစ်သည် ကျင့်ဝတ်စာရိတ္တဆိုင်ရာအရ မဟုတ်ဘဲ အမေရိကန်၏ အကျိုးစီးပွားအတွက် မှန်ကန်သော လမ်းဟု ရွေးချယ် ထားခဲ့သည် ဆိုလျှင် သမ္မတကလင်တန်က သူ့ဂုဏ်သိက္ခာကို ထိန်းသိမ်းရန်အတွက် သူ့စကားများကို အလုပ်နှင့် အကောင်အထည်ဖော်ရန် မည်မျှလိုအပ်သည်ဆိုစေ ဟေတီကို ဝင်ရောက်တိုက်ခိုက်ခြင်းသည် မှတ်ကျောက်နှင့် ကိုက်ညီခြင်း ရှိမည်မဟုတ်ပါ။

ရှေ့နီနှင့် ဘေကာတို့သည် ထိုသဘောကို ပြောနေကြခြင်း ဖြစ်ပါသည်။

ရည်ညွှန်း။ Time, September 19, 1994 မှ Micheal Hramer ၏The Case Against Invading Haiti ကိုပြန်ဆိုသည်။

www.burmeseclassic.com

## တိုင်းပြည်ဟောင်းများ သေဆုံးခြင်း
## တိုင်းပြည်သစ်များ မွေးဖွားခြင်း

အရေးကြီးသည့် အချက်အလက်တွင်မူ ၂၀ရာစုနှစ်သည် စက်ဝိုင်းတစ်ပတ်လည်သွားခဲ့လေပြီ။ လူမျိုးစုများသည် အမျိုးသား နိုင်ငံတော်များအဖြစ် နောက်ထပ်တစ်ကြိမ် အခိုင်အမာ ရပ်တည်လာကြ ပြန်လေပြီ။ ပြည်နယ်များသည် သူတို့ကိုယ်သူတို့ တိုင်းပြည်များ အဖြစ်ကြေညာ နေကြပြန်လေပြီ။ ဘောလတစ် နိုက်ဖေးရှင်း ဟုခေါ်သည့် ဘော်လကန် တိုင်းပြည်များ ထူထောင်ရေးသည် ခေတ်စားလာပြန်လေပြီ။ ယခုတစ်ခေါက် ဘော်လကန်နိုင်ငံများ ထူထောင်ရေးမှာ ဘော်လကန်ဒေသ တစ်ခုတည်းတွင် မဟုတ်တော့ပါ။

ဘိုးဘေးစဉ်လာဝါဒသို့ တိမ်းညွှတ်မှုများသည် စစ်အေး

www.burmeseclassic.com



တိုက်ပွဲတွင် ဆိုဗီယက် အရှုံးပေးမှု၏ တိုက်ရိုက်ရလဒ်ဖြစ်သည်။ ကွန်မြူနစ်ဝါဒ၏ အနှစ်သာရသည် ခိုင်မာတောင့်တင်းသော ဗဟိုဌာနတစ်ခုရှိရေးဖြစ်သည်။ ထိုနေရာမှ နေ၍ အမိန့်များနှင့် စစ်တပ်များ လာခြင်းဖြစ်သည်။ တစ်ဦးတည်းသော အုပ်စိုးသူသည်သူ့နယ်ပယ် ရှိအဝေးဆုံးသော ထောင့်ကြိုထောင့်ကြားမှ လူတစ်ယောက်ကို ခြိမ်းခြောက်နိုင်သည်။ ပြစ်ဒဏ်ပေးနိုင်သည်။ 'ကျွန်တော်တို့မှာ သမ္မတ နိုင်ငံခြောက်ခုရှိတယ်၊ လူမျိုးစု ငါးစုရှိတယ်၊ ဘာသာစကား လေးမျိုးရှိတယ်၊ ဘာသာရေးသုံးမျိုး ရှိတယ်၊ အက္ခရာ နှစ်မျိုးရှိတယ်၊ ပြီးတော့ တီတိုး တစ်ယောက် ရှိတယ်' ဟု ယူဂိုဆလပ် လူမျိုးများက ပြောလေ့ ရှိကြသည်။

ယခု တီတိုးမရှိတော့ပြီ။ အရာအားလုံး ပြိုကွဲသွားကြပြီ။ ဗဟိုသည် ချုပ်ကိုင်မထားနိုင်တော့ပြီ။

အာဏာရှင်စနစ်သည် တော်တော် သေခဲသည်။ သူနှင့်အတူ အပြစ်ကင်းမဲ့သူများကို ယူဆောင်သွားတတ်သည်။ သို့ရာတွင် ဘောလတစ်ဒေသတွင်ပြုလုပ်သည့် ဆိုဗီယက်တို့၏ ထိုးစစ်မှာ သွေးရူး သွေးတန်းလုပ်ခြင်းဖြစ်သည်။ နောက်ဆုံး ထွက်သက် ဖြစ်သည်။ အလားတူပင် ကွယ်လွန်လေ ပြီးသော မည်သူကမျှ တမ်းတ ပူဆွေးခြင်း မရှိသော ဝါဆောစာချုပ်၊ မဟာမိတ်တပ်ဖွဲ့ကလည်း မိမိ စာချုပ်ဝင် နိုင်ငံများအား ကျူးကျော်ခြင်းမှ အပ အခြားဘာမျှမလုပ်သည့် သမိုင်းတွင် တစ်ခုတည်းသော စစ်မဟာမိတ်အဖွဲ့ ဖြစ်မည်ထင်သည်။ ယူဂိုဆလပ် တပ်မတော်သည်လည်း တိုက်ပွဲတွေကိုတော့ တိုက်ပါသည်။ သို့ရာတွင် အချင်းချင်း တိုက်သည့်ပြည်တွင်း

စစ်ပွဲသာ ဖြစ်ပါသည်။ ဆလိုဗေးနီးယားအား ပြည်ထောင်စု အစိုးရက အနိုင်ကျင့် နေခြင်းကို ကြည့်လျှင် အိုမင်းဟောင်းနွမ်း နေသော အုပ်စိုးမှုများကို ကျားကန်ထိန်းသိမ်းပေးနိုင်သော အရာသည် ခြောက်လှန့်ခြင်းနှင့် အင်အားသုံးခြင်းသာဖြစ်သည် ဆိုသည့်အချက်ကို သတိပေးသကဲ့သို့ ရှိသည်။

ထိုဖရိုဖရဲ ဖြစ်မှုကို ထိန်းသိမ်းစောင့်ရှောက်သူတို့မှာ နိုင်ငံခြားမှ ရှုတ်ချပြစ်တင်မှု၊ ဖိအားနှင့် ချုပ်တည်းစောင့်စည်းမှုတို့ကို ထိုမျှလောက် တစ်ခါမှ မခံခဲ့ကြရ။ မစ်ခေး ဂေါ်ဘာချော့ သည် အနောက်နိုင်ငံများထံမှ ထောက်ခံမှုနှင့် အကူအညီကို လိုချင်သည် လိုအပ်သည်။ ဘောလတစ်လူမျိုးများအား ခြိမ်းခြောက်နှောင့်ယှက် နေသည့် သူ၏ ဦးထုပ်နက် ကွန်မင်ဒိုများကို ပြန်ရုပ်သိမ်းရန် သူ့မိတ်ဆွေများဖြစ်သည့် ဂျော့၊ ဟဲလမွတ်နှင့် ဖရန်ဆွာတို့က တိုက်တွန်းသည့်အခါတွင် ဂေါ်ဘာချော့သည် နားထောင်သည်။နာခံ သည်ဟုပင် ပြောနိုင်သည်။ (ဦးထုပ်နက်တပ်များက သူ့ကို နာခံခြင်း ရှိ မရှိမှာ တစ်ကိစ္စ ဖြစ်ပါသည်။)

တီတိုးမှာ အရှေ့နှင့်အနောက်ကြား နိုင်ငံရေး ကစားရာ တွင် ကျွမ်းကျင်မှုရှိသဖြင့် ပြည်တွင်းတွင်ရှိသည့် ဆူပူသူ လက်အောက်ခံများကို နှိပ်ကွက်ရာတွင် လွတ်လပ်ခွင့်ရသွားခဲ့သည်။ ယခုမူ အရှေ့သည် ကစားဝိုင်းတွင် မရှိတော့ပြီ။ သူ့ကို ဆက်ဆံသူများသည် ဘွန်းနှင့် ဘရပ်ဆယ်မှ ဆူပူကန့်ကွက်သံများကို ဂရုစိုက်ရပေလိမ့်မည်။ အခြားကြောင့်မဟုတ်။ ထိုနေရာ များမှာ ပိုက်ဆံရမည့် နေရာများဖြစ်သောကြောင့်ပင်။ မော်စကို ကဲ့သို့ပင် ဘဲဂရိတ်သည်လည်း ဘဏ္ဍာရေး အကူအညီ အပြင်းအထန်

www.burmeseclassic.com



လိုနေသည်။

ထိုဒေသရှိ လူများအဖို့ မည်မျှ မနှစ်သက်သည် ဖြစ်စေ၊ မည်မျှအတုအယောင် ဖြစ်နေသည်ဖြစ်စေ၊ နယ်နမိတ်များသည် ကာလရှည်ကြာစွာကတည်းကတည်ရှိနေခဲ့သော အရာများဖြစ်သည်။ ဆိုဗီယက်နှင့် အမေရိကန်တို့၏ နှစ်လေးဆယ်ကြာ ရင်ဆိုင်မှုသည် ထို ကြာရှည်စွာကတည်းက တည်ရှိခဲ့သော နယ်နမိတ်များကို ခိုင်မာအောင်လုပ်ပေးသလို ဖြစ်နေသည်။ ထိုဒေသတွင် မြေပုံပြန်ဆွဲရန် ကြိုးပမ်းမှုဟူသမျှသည် မဟာ အင်အားကြီးနိုင်ငံတို့၏ကြားဝင် စွက်ဖက်မှုကို ဖိတ်ခေါ်လာနိုင်သည်။ ဤမှ မဟာအင်အားကြီး နိုင်ငံချင်းထိပ်တိုက် တွေ့လာ နိုင်သည်။ ထိုအဖြစ်ကို မည်သူမျှ မလိုလားကြ။

တတိယ ကမ္ဘာအာဏာရှင် စနစ်များသည် မိမိတို့၏နယ်နိမိတ်များကို ဆက်လက်ထိန်းသိမ်းထားရန် နှင့် ခွဲထွက်ရေးတို့ကို တားဆီးရန်အတွက် ပထမ ကမ္ဘာ သို့မဟုတ် ဒုတိယကမ္ဘာမှအားပေးထောက်ခံသူများ ရှိနေသည်။ ကရင်မလင်က အီသီယို ပီးယားကို ဆက်လက်၍ လက်နက်တပ်ဆင်ပေးနေသမျှ မင်ဂျစ်စတူး ဟေလီမာရီယန်သည် အီရီထရီးယားကို ဆက်လက်ဆုပ်ကိုင်ထားပြီး အဒစ်ဘာဘာက သူ့ရာထူးတွင် တည်မြဲနေဦးမည်သာ ဖြစ်သည်။

ယခုမူ လူထုတွေအဖို့ လက်စားချေရန် သူတို့၏ မျှော်မှန်းချက်များကို အကောင်အထည်ဖော်ရန်နှင့် သူတို့ အလံများကို လွှင့်တင်ရန် ပို၍လွယ်ကူသွားလေပြီ။ စစ်အေးခေတ် ကာလတွင် သန္ဓေတည်လာခဲ့သည့် (သမ္မတ)ဂျော့ဘုရှ်၏ ပကတိ စိတ်သည် တစ်ခါတစ်ရံတွင် ခေတ်မမီတော့ဘဲ ဖြစ်နေသကဲ့သို့ရှိသည်။သူသည်

www.burmeseclassic.com



ပိုနေမြဲ ကျားနေမြဲအခြေအနေကို ထောက်ခံချင် ထောက်ခံတတ်သည်။ သူသည် ဆက်ဒမ်ဟူစိန်ကိုနိုင်အောင်တိုက်ခဲ့သော်လည်း အီရတ်နိုင်ငံ၏ သမ္မတအဖြစ် ဆက်လက်တည်ရှိခွင့် ပေးခဲ့သည်။ ဘုရှ်သည် သူမသိသေးသော ကာ့ဒ်နှင့် ရှီယာသူပုန်တို့ အီရတ်တွင် အာဏာသိမ်းမည်ထက် သူ သိပြီးသားဖြစ်သည့် နတ်ဆိုးကို ရွေးချယ်ခဲ့သည်။ ဆိုဗီယက်ယူနီယံ နှင့်ယူဂိုဆလားဗီးယားတို့မှ မူးဝေသွားလောက်သော အဖြစ်အပျက်များကို တုံ့ပြန်ရာတွင် လူမျိုးပေါင်းစုံ ကွန်မြူနစ်နိုင်ငံသစ်များသည် ရက်စက်ကြမ်းကြုတ်၍ ကျဆုံးသွားသော အယူဝါဒတစ်ခု၏ အကြွင်းအကျန်များ ဖြစ်ကြောင်း၊ ထို့ကြောင့် သူတို့ဘိုးဘေးများလို ယခင်ပုံသဏ္ဍာန်များအတိုင်း ဆက်လက်မတည်ရှိတော့ကြောင်း ကို ကောင်းစွာ သဘောပေါက်ဟန်မတူ။ ဘောလတစ်လူမျိုးများနှင့် ဆလိုဗင်းလူမျိုးများသည် လူမျိုးစုစိတ်ဓာတ် သက်သက်ထက် မျှော်မှန်းကြသည်။ သူတို့သည် စနစ်ကြီးနှင့် အပြီးအပိုင် လမ်းခွဲလိုကြသည်။ ရုရှများနှင့် ဆာ့ဘ်လူမျိုးများသည်လည်း ထိုနည်းအတိုင်းပင် ဖြစ်သည်။

ဘုရှ်သည် နယ်မြေ အချုပ်အခြာ တည်တံ့ရေးကိုသာ အသားပေးလိုပုံ ရသည်။ ထိုအရာသာလျှင် အဆုံးစွန်သော အကောင်း၊ အဆုံးစွန်သော တည်ငြိမ်မှုဟု ထင်နေပုံရသည်။ ဒေသပဋိပက္ခများကြောင့် ကမ္ဘာစစ်ပွဲကြီးတစ်ရပ်အဖြစ်သို့ ပျံ့နှံ့သွားမည့် အချိန်မျိုးဆိုလျှင်မူ ထိုသို့သော သဘောထားသည် အမေရိကန် ပေါ်လစီ၏ ကျောရိုးကြီး ဖြစ်သင့်သည်မှာ မှန်ပါသည်။ သို့ရာတွင် ထိုအန္တရာယ်သည် လွန်မြောက်သွားခဲ့ပြီ။

www.burmeseclassic.com



အခြားပြဿနာများကျန်သေးသည်မှာ မှန်သည်။ 'လူတစ်မျိုးတွင် ပျက်စီးခြင်းများရှိသည်'ဟု အဒမ်စမစ်ကပြောခဲ့ဖူးသည်။ ကမ္ဘာ့ပုံစံသစ်ကြီးထဲတွင်လည်း ပုံစံမကျမှုတွေများစွာရှိနေပေလိမ့်ဦးမည်။ အမျိုးသားရေးဝါဒ ပြဿနာသည် ညှင်းပန်းမှုမဟုတ်ဘဲ စီမံခန့်ခွဲမှုဖြစ်သည်။ နှိပ်ကွပ်ခြင်းတော့ လုံးဝမရှိအပ်ပါ။

ယခုအချိန်ထိမူ အနောက်ဥရောပ အစိုးရများသည် ထိုစိန်ခေါ်မှုကို ရင်ဆိုင်ရန် ရှေ့တန်းမှ ရောက်နေကြသည်။ 'သဲကန္တာရ မုန်တိုင်း' စစ်ဆင်ရေး ပြီးနောက်၌ ပြင်သစ်နှင့်ဗြိတိန်ခေါင်းဆောင် တို့က ကာ့ဒ်လူမျိုးစုများအတွက် (အီရတ်တွင်) ဘေးမဲ့ရိပ်မြုံများ တည်ထောင်ပေးရန် တွန်းအားပေးခဲ့ကြသည်။ မော်စကိုမှလွတ်အောင် ဘက်ပေါင်းစုံမှ ကြိုးပမ်းနေသော ယူကရိန်းအဖို့ ပါရီနှင့် ရောမသည် ဝါရှင်တန်ထက် အထောက်အပံ့ပေးနေသည်။ ယူဂိုဆလပ် အကျပ်အတည်းကို ပြေငြိမ်းအောင် ကြိုးစားရာ၌ ဥရောပနိုင်ငံများသည် ဝင်ရောက်စွက်ဖက်၍ နူရာဝဲစွဲလဲရာ သူခိုးထောင် လုပ်ခဲ့ကြသည်။ သို့ရာတွင် ဆလိုဗင်းလူမျိုးတို့၏ ပြဿနာတွင်မူ သူတို့သည် အမေရိကန် တို့ထက် အားတက်သရောရှိသည်ကို တွေ့ရသည်။ ပထဝီအရ နီးစပ်ခြင်းကြောင့် မျှသာမကပါ။ ဥရောပတိုက်ကြီး ပြုပြင်ပြောင်းလဲရေးကိစ္စနှင့်လည်း ပတ်သက်နေသောကြောင့်ဖြစ်သည်။

တိုင်းပြည်ဟောင်းများ သေဆုံးခြင်းနှင့် တိုင်းပြည်သစ်များ မွေးဖွားခြင်းတို့သည် ပူးပေါင်းမှုရှိသော နိုင်ငံတကာအခြေအနေများအောက်တွင် ဖြစ်ပေါ်ခဲ့လျှင် ပို၍ငြိမ်းချမ်းသာယာစွာဖြစ်နိုင်ပေလိမ့်မည်။ ထိုအခြေအနေတွင် စီးပွားရေးစနစ်များသည် အရင်းရှင်

www.burmeseclassic.com



ဆန်ရလိမ့်မည်။ ကုန်သွယ်မှုသည် လွတ်လပ်ရလိမ့်မည်။ အချုပ်အခြာ အာဏာပိုင်ဆိုင်မှုသည် အချို့သောအတိုင်းအတာအထိ စုပေါင်း သဘောဆောင်ရလိမ့်မည်။ ထိုသို့သော အခြေအနေမျိုးတွင်သာလျှင် တိုင်းပြည်ဟောင်းများသည် ငြိမ်းချမ်းစွာသေဆုံးပြီး တိုင်းပြည်သစ် များသည် ငြိမ်းချမ်းစွာ မွေးဖွားနိုင်ပေလိမ့်မည်။ အရေးကြီးဆုံး အနေဖြင့် မော်စကို နှင့်ဘဲဂရိတ်မှ အရှင်သခင်များအဖို့လည်း ထိုသူတို့တစ်တွေ ထိုသို့ခွဲထွက်သွားကြ သည်ကို စိုးရိမ်ကြောင့် ကြဖွယ်ရာ များစွာရှိတော့မည် မဟုတ်။

ထိုပြဿနာများကို အကောင်းဆုံးဖြေရှင်းပေးခဲ့သူအမေရိကန် သမ္မတ တစ်ဦးပင်ဖြစ်သည်။ 'ကမ္ဘာပေါ်မှာ အင်အားချိန်ခွင်လျှာ ညှိတာမျိုးမရှိအပ်ဘူး၊ အင်အားပေါင်းစည်းညီညွတ်တာရှိရမယ်' ဟုသမ္မတ ဝုဒ်ရိုးဝီလ်ဆန်က ၁၉၁၇ခုနှစ်က ပြောခဲ့ပါသည်။ နောက် တစ်နှစ်အကြာ အချက် ၁၄ချက် လုပ်ငန်းစဉ်တွင် ' နိုင်ငံကြီးငယ် မဟူ နိုင်ငံရေးလွတ်လပ်ခွင့်ကို အာမခံရမည်၊ ထိုအခြေအနေမျိုးသည် လူမျိုးပေါင်းစုံတို့ အထွေထွေအသင်းကြီးထဲတွင်သာ ဖြစ်နိုင်သည်' ဟု ပြောခဲ့ပါသည်။ ထိုစကားများဖြင့် ရာစုနှစ်အစက ဖော်ပြခဲ့ပြီး ဖြစ်သည့်အလျောက် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ထက် ရှေ့ဆောင်ရှေ့ရွက် ပြုလုပ်ပေးရေး သည် လာမည့် ဆယ်စုနှစ်များတွင် အမေရိကန်၏ လိုက်နာရမည့် မှန်ကန်သော ပေါ်လစီဖြစ်သည်။

ရည်ညွှန်း။ Time, July 15, 1991 မှ ပြန်ဆိုသည်။

# မုသားရှာစက်

မကြာသေးမီတုန်းက ကျွန်တော်သည် မုသားရှာစက် ကိရိယာများနှင့် ပတ်သက်သည့် မဂ္ဂဇင်းဝတ္ထုများကို ဖတ်ဖြစ်ခဲ့ပါသည်။ ဤတွင် ကျွန်တော်လိုက်လံရှာဖွေနေသည့် သတင်းကောင်း တစ်ခုကို သွားတွေ့ပါသည်။ သူ့စာကို ဖတ်ပြီး ကျွန်တော်နားလည်သည့်အတိုင်း ပြောရလျှင် မည်မျှလောက် သေးငယ်သည့်မုသားပင် ဖြစ်စေ မုသားစကားပြောတော့ မည်ဆိုသည်နှင့် လူ၏ ဦးနှောက်ထဲမှ နက်ရှိုင်းသော တစ်နေရာတွင် မီးခိုးပြအချက် ပေးသလို အထိတ်တလန့် အချက်ပေးမှု တစ်ခုခု ပေါ်ပေါက်လာတတ်ပါသည်။ ဦးနှောက်ထဲတွင် ထိုသို့ အထိတ်တလန့် ဖြစ်မှုမရှိဘဲ မည်မျှသေးငယ်သော မုသားကိုဖြစ်စေ ပြောဆို၍ မရဟုဆိုပါသည်။ ထိုသို့ ဦးနှောက်ထဲတွင် ထိုသို့ အထိတ်တလန့်ဖြစ်သွားသည်နှင့် အာရုံကြောတုံ့ပြန်မှုများဖြစ်စေ သို့မဟုတ် ဇျူရိုဟိုမုန်းများဖြစ်စေ သို့မဟုတ် နှစ်ခုစလုံးဖြစ်စေ ပေါ်ပေါက်လာတတ်သည်ဟု

www.burmeseclassic.com



ဆိုပါသည်။ ထိုသို့သော တုံ့ပြန်မှုမျိုးကို 'မုသားရှာစက်' ဖြင့် မှတ်တမ်းတင်လိုက်သည့်အခါတွင် အရေပြား၊နှလုံးခုန်နှုန်း၊ အသက်ရှူသံ စသည်တို့၏ လျှပ်စစ်စီးကြောင်းထဲတွင် ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို တွေ့ရသည်ဟုဆိုပါသည်။ ဤတုံ့ပြန်မှုများမှာ စိတ်ပင်ပန်းတင်းကျပ်လာလျှင် ဦးနှောက်က ပြုလုပ်လေ့ရှိသည့်တုံ့ပြန်မှုများနှင့်အတူတူပင် ဖြစ်သည်ဟုဆိုပါသည်။

သို့ဖြစ်လျှင် မုသားပြောခြင်းသည် စိတ်ပင်ပန်းစေသော အရာ ဖြစ်ပါသည်။ ကာကွယ်မှုအတွက် ပြောသည်ဖြစ်စေ၊ သက်သာမှုအတွက် ပြောသည်ဖြစ်စေ၊ အမြတ်အစွန်း ရလိုမှုအတွက် ပြောသည် ဖြစ်စေ၊ ထိုသို့မှ မဟုတ်သေးလျှင် ပျော်ရွှင်မှုသက်သက်အတွက်ပင် ဖြစ်စေ၊ မုသားပြောခြင်းသည် စိတ်ကို တင်းကျပ်စေပါသည်။ မုသားပြောခြင်းသည် အလွန် သောကဖြစ်စေသော စိတ်တင်းကျပ်မှုတစ်ခုဖြစ်ပြီး ထိုသောကကြောင့် ဇဟိုအာရုံကြောဖွဲ့စည်းမှု စနစ်ကြီးမှ အချက်ပြ လက္ခဏာများသည် တစ်ခုပြီးတစ်ခု ထွက်လာခဲ့ကာ မိမိခန္ဓာကိုယ်တွင် တစ်ခုခု မှားနေပြီဆိုသည်ကို သတိပေး နေကြပါသည်။ စိတ်ပညာ သက်သက်အမြင်ဖြင့် ပြောရလျှင်မူ မုသားပြောခြင်းသည်သဘာဝမကျသော လုပ်ဆောင်မှုတစ်ခု ဖြစ်ပါသည်။

ထိုအချက်ကို ဖတ်လိုက်သည့်အခါတွင် ကျွန်တော်သည် အလွန်ကောင်းသည့် သတင်းတစ်ခုဟု ယူဆလိုက်ပါသည်။ ဤသည်ကို ထောက်၍ ကျွန်တော်တို့ လူသားသည် လိုအပ်ချက်အရ စာရိတ္တ ရှိသော မျိုးနွယ်တစ်ခု ဖြစ်ကြောင်း ထင်ရှားစေပါသည်။ အနည်းဆုံး ကျွန်တော်တို့သည် တစ်ယောက်အပေါ်

www.burmeseclassic.com



တွင် တစ်ယောက်မှန်ကန် မှုရှိရန် ဇီဝဗေဒ ဆိုင် ရာနည်းအရ ဖွဲ့စည်းထားသည်ဟု ကျွန်တော် နားလည်ပါသည်။ သတိပြုရန်မှာ မုသားစကားပြောခြင်းသည် ကိုယ်ခန္ဓာကို နာကျင်စေခြင်းမရှိပါ။ သင်သည် မုသားစကားများကို နှစ်ပေါင်းများစွာ နေ့ရောညပါ ပြောနိုင်ပါသည်။ သို့ပြောသည့်တိုင် ခန္ဓာကိုယ်ကို တစ်စုံတစ်ခု ပျက်စီးထိခိုက်မည် မဟုတ်ပါ။ သို့ရာတွင် ထိုသို့ မုသားများကို ပြောနေခြင်းဖြင့် ထိုသို့ကြိမ်ဖန်များစွာ အကျင့်ပါနေသော မုသားများ ကိုပြောနေခြင်းသည် ကျွန်တော်တို့၏ ချွေးအိတ်များ၊ ကျောက်ကပ် အနီးမှ အကျိတ်များကို တဖြည်းဖြည်း ပျက်စီး စေသည်ဟု မုသား ရှာစက်က အကြောင်းကြားနိုင်ပါသည်။ ထိုမျှမက အခြားသော အစိတ်အပိုင်းများလည်းပါကောင်းပါနိုင် ပါသေးသည်။ မုသားစကား ပြောခြင်းသည် မကြာခဏ ခေါင်းကိုက်ခြင်း၊ ခါးဆစ်နာခြင်း၊ ကျော အောင့်ခြင်း စသည့် သာမန်ဖြစ်လေ့ဖြစ်ထရှိသော ရောဂါများ၏ အကြောင်းအရင်း ဟုတ်မဟုတ်ကို ကျွန်တော်တို့ လေ့လာစူးစမ်း ကြည့်သင့်ပါသည်။

လူသည် ပင်ကိုအားဖြင့် အမှန်တရားကို ပြောချင် ပါသည်။ ယင်းမှာ မျိုးရိုးဗီဇထဲတွင် ပါလာသည့် ဇီဝဗေဒ ဆိုင်ရာ လက္ခဏာ ချက် တစ်ခုဖြစ်ဟန် တူပါသည်။ အတောင်သည် ငှက်၏ မူလပစ္စည်း ဖြစ်သကဲ့သို့လည်းကောင်း၊ အကြေးခွံသည် ငါး၏ မူလ ပစ္စည်းဖြစ် သကဲ့သို့လည်းကောင်း၊ အမှန်ကို ပြောလိုစိတ်သည် လူ၏ မူလ ပစ္စည်း ဖြစ်ဖွယ် ရှိပါသည်။ ထိုသို့အမှန်ကို ပြောလိုသည့် စိတ်တည်းဟူသော မူလပစ္စည်းကြောင့် ကျွန်တော်တို့ နေချင်သော ဘဝမျိုးကို အနီးစပ်ဆုံး ကျွန်တော်တို့ နေနေရခြင်း ဖြစ်ဟန်

တူပါသည်။

တစ်နည်း ပြောရဦးမည်ဆိုလျှင် ကျွန်တော်တို့သည် ကျွန်တော်တို့၏ ယဉ်ကျေးမှုထုံးတမ်းစည်းကမ်းအရ ကလေးဘဝကတည်းက အမှန်ကို ချစ်မြတ်နိုးတတ်ရန် နားလည်သင်ကြားခဲ့ကြ ရပါသည်။ ထိုအတိုင်း မှန်လျှင် တစ်ခါတစ်ရံတွင် ထိုထုံးတမ်းစည်းကမ်းများ မရှိသော လူ့အဖွဲ့အစည်းမျိုးကို တွေ့ကောင်းတွေ့ပါလိမ့်မည်။ ထိုသို့ လိမ်လည်နေသော အစုသည် အောင်မြင်နေသည်ဟုလည်း ကျွန်တော် မထင်ပါ။

ဇီဝဗေဒသဘောဖြင့် ပြောရလျှင် ကျွန်တော်တို့ အချင်းချင်း တတ်နိုင်သမျှ လိမ်လည်ခြင်း မပြုဘဲ ထိန်းသိမ်း ချုပ်တည်းရမည် အကြောင်းတွေ အများကြီးရှိပါသည်။

ကျွန်တော်တို့သည် ပေါင်းသင်း ဆက်ဆံရေး မျိုးနွယ်တစ်ခု ဖြစ်ပါသည်။ အခြားသော ပေါင်းသင်းဆက်ဆံရေး အင်းဆက်ပိုးမွှားတို့ထက် တစ်ဦးကိုတစ်ဦး အပြန်အလှန် မှီခိုနေကြရပါသည်။ ကျွန်တော်တို့သည် ပျား တစ်ကောင် ထက်ပို၍ အထီးကျန်ဖြစ်သော ဘဝမျိုးကို မနေနိုင်ပါ။ မျိုးနွယ် တစ်ခုအနေဖြင့် ကျွန်တော်တို့သည် တစ်ဦးနှင့်တစ်ဦး အမှီ ပြု၍ နေကြရပါသည်။ ကျွန်တော်တို့ဘဝမျိုး တည်ရှိ နိုင်ရေးအတွက် အပြန်အလှန် ယုံကြည်မှုသည် အခြေခံလိုအပ်ချက်တစ်ရပ် ဖြစ်ပါ သည်။ ထိုအပြန်အလှန် ယုံကြည်မှု မရှိလျှင် ကျွန်တော်တို့၏ ဆက်နွယ်မှုများသည် ပြတ်တောက်သွားမည်သာ ဖြစ်ပါသည်။

မုသားမပြောရန် ချုပ်တည်းရသည့်ကိစ္စသည် တော်တော်လွယ်သော ကိစ္စဖြစ်ပါသည်။ တော်တော် နူးညံ့သည့် ကိစ္စလည်း

www.burmeseclassic.com



ဖြစ်ပါသည်။ ထို့ကြောင့် ထိုချုပ်တည်းမှုကို ကျွတော် တို့ မသိလိုက် မမြင်လိုက်ကြပါ။ သို့ရာတွင် ကျွန်တော်တို့သည် မုသားပြောနေကြပါသည်။ ကိုယ့်လိပ်ပြာကိုယ် မသန့်ဖြစ်လာသည့် အခါတွင် ကျွန်တော်တို့သည် မုသားပြောနေခြင်း ဖြစ်ကြောင်း အလိုလို သိလာ ကြပါသည်။ ယခုမူ ထိုမုသားပြောခြင်းကို မှတ်တမ်းတင်ပေးမည့် စက် ကိရိယာ ကလေးတစ်ခု ရှိသည် ဆိုသဖြင့် ကျွန်တော် ဝမ်းသာရပါသည်။

( အမေရိကန်သိပ္ပံပညာရှင် Lewis Thoams စာရေးဆရာ ၏ The Lie ပြန်ဆိုသည်။)

www.burmeseclassic.com

## သတင်းစာ
## ပညာသစ် (၁)

သံတမန်များနှင့် နိုင်ငံရေး ခေါင်းဆောင်များကဲ့သို့ပင် သတင်းစာဆရာများသည်လည်း ပြင်းစွာ လှုပ်ယမ်းလျက်ရှိသော လေ့ပေါ်တွင် ရောက်နေကြသည်။ သူတို့ကဲ့သို့ပင် သတင်းစာ ဆရာများသည်လည်း စစ်အေးတိုကပွဲပြီးသွားသောအခါတွင် ကမ္ဘာ့ပုံစံသစ်ကို မျှော်ကြည့်ခဲ့ကြသည်။ သို့ရာတွင် ကမ္ဘာ့ဖရိုဖရဲ ဖြစ်မှုအသစ်တွေကို တွေ့ခဲ့ကြရသည်။ ယနေ့ခေတ်၏ ကသောင်းကနင်းနိုင်လှသော အခြေအနေတွင် နိုင်ငံရေးဝါဒ တစ်ခုကို ချမှတ်ရခြင်း၊ လက်တွေ့လုပ်ဆောင်ရခြင်းသည် ခက်ခဲသည်ဟု ဆိုလျှင် သတင်းစာ အတတ်ပညာကို လက်တွေ့လိုပ်ဆောင်ရခြင်းသည်လည်း ခက်ခဲနေသည်။

www.burmeseclassic.com



အနည်းဆုံး အမေရိကန်သတင်းလောက၏ အစိတ်အပိုင်း တစ်ခုသည် ခေတ်ကုန်သွားသော ရောဂါဝေဒနာကြီးတစ်ခုကို ခံစားနေရသည်။ ကာကွယ်ရေးပစ္စည်း ထုတ်လုပ်ရေး လုပ်ငန်း၊ လက်နက်ကိုင်တပ်များနှင့် သူလျှိုလုပ်ငန်းတို့ နယ်ပယ် ကျဉ်းမြောင်း သွားသဖြင့် စစ်ရေး လုံခြုံရေး နယ်ပယ်ရှိသတင်းထောက်များအဖို့ အခြားသော နယ်ပယ်မှ လုပ်ငန်းများတွင် ခက်ခက်ခဲခဲ ထပ်မံ လေ့ကျင့်ရန် လိုအပ်လာသည်။ ယခင်က ကရင်မလင် နန်းတော် ရေးရာ ကျွမ်းကျင်သူများ အဖို့လည်း နောက်ထပ် နယ်ပယ်သစ် အတွက် လေ့ကျင့်ပေးရန် လို အပ်လာသည်။ လီနင်၏ ဂူသချိုင်းခေါင်မိုးပေါ်တွင် အစဉ်လိုက် တန်းစီ ရပ်နေသော လူအနေအထား နှင့် အစိုးရသတင်းစာမှ စာကြောင်းများအကြားတွင် မော်စကို နိုင်ငံရေး အခြေအနေကို သဲလွန်စ လိုက်ရှာရသည့် ခေတ်သည် ကုန်ဆုံးသွားခဲ့ပြီ။ ရေးရေးရိပ်ရိပ်မျှသာ မြင်ရသည့် ခြေပုန်း ခုတ်မှုများကိုကြည့်ကာ ဖြစ်တန်ရာ သည်ဟု ခန့်မှန်း၍ကောက်ချက် ချရသော ခေတ်သည်လည်း ကုန် ဆုံးသွားခဲ့လေပြီ။ ယခုအချိန်၌ ရုရှနိုင်ငံရေး ရှုခင်းသည် ပို၍ ပွင့်လင်း လာရုံမျှမက ပို၍ပင် ကသောင်းကနင်း နိုင်လာလျက် ရှိသည်။ လက်ဝဲ လက်ယာ၊ ရေဒီကယ်၊ ကွန်ဆာဗေးတစ်၊ ကွန်မြူနစ်၊ အမျိုးသားရေးဝါဒီ စသည့်မြင်တွေ့ နေကျ ဆိုင်းဘုတ်များသည်လည်း အများအားဖြင့် မူရင်း အဓိပ္ပာယ် ပျောက်ကုန်ကြလေပြီ။

သို့ရာတွင် ပြဿနာကမူ ပို၍ ကြီးလာပါသည်။ သတင်းစာလောကသည် အနည်းဆုံး ပြဿနာကြီး ခြောက်ခုကို ရင်ဆိုင်နေရသည်။ ယင်းတို့မှာ သမိုင်းပြဿနာ၊ ပထဝီဝင်ပြဿနာ၊ ကမ္ဘာ့အမြင်

www.burmeseclassic.com



ပြဿနာ၊ သတင်းစာလုပ်ငန်းစဉ် ပြဿနာ၊ အာရုံ ခံစားမှု ပြဿနာ နှင့် ပရိသတ် ပြဿနာတို့ ဖြစ်သည်။

ယခု တွေ့နေရသည့် သမိုင်းသစ်သည် အသစ်တဖန် တွေ့ရှိ သော ရှေးဟောင်းသမိုင်း ဖြစ်သည်။ သတင်းစာဆရာများ သည် ဆာ့ဘ်၊ ခရိုအက်၊ ဘော့စနီးယား၊ အာမေးနီးယား၊ အဇာဘိုင်ဂျန်စသော လူမျိုးများ၏ သွေးစွန်းသော အတိတ်နောက်ခံ ကို အပြင်းအထန် ထပ်မံ လေ့လာနေကြရသည်။ လူမှုသိပ္ပံ ပညာရှင် နှစ်ဦး ဖြစ်သည့် ဆူဆန်ဟိုးဘက်ရူးဒေါ်ချင့် လွိုက်ရူးဒေါ်တို့က ဘော်လကန်ဒေသမှ အိန္ဒိယ အထိဖြစ်ပွားနေသော ပဋိပက္ခများနှင့် ပတ်သက်သော သတင်းများ တွင် ပြန်လည်ဖော်ပြနေသော 'ရှေးခေတ်ရန်ငြိုးထား မုန်းတီးမှုများ' မှာ ယနေ့ခေတ်ရန်ညိုးထား မုန်းတီးမှုများကို ပြောနေခြင်းသာ ဖြစ်သည်ဟု 'သည် နယူးရီပတ် ဘလစ်' စာစောင် တွင် ရေးသားခဲ့ကြ သည်။ သူတို့၏ အဆိုသည် တစ်ဝက်တစ်ပျက်သာ မှန်သည့်တိုင် အားလုံးကို သိမ်းကျုံး၍ 'ရှေးဟောင်း' ဆိုသော စကားလုံးကို အလွယ်တကူ ကောက်သုံး ကြသည်ကို ဆိုလိုရင်း ဖြစ်ပါသည်။ အခြားသော အမေရိကန် များကဲ့သို့ပင် အမေရိကန်သတင်းစာဆရာများသည်လည်း သမိုင်းကို မလေ့လာကြပါ။ သူတို့ အဓိကထားနေသည့် အရာမှာ 'ဘ'ခြောက် လုံးသာ ဖြစ်ပါသည်။ ဘယ်သူက/ဘယ်သူ့ကို/ ဘာကြောင့်/ ဘယ်အချိန်/ဘယ်နေရာမှာ/ ဘာလုပ်သလဲ ဆိုသည့် ကိစ္စလောက် သာ ဖြစ်ပါသည်။

ထိုပေတံဖြင့် တိုင်းထွာကြည့်လျှင် အမေရိကန်သမိုင်းသည် ဘာမျှ မကြာသေးပါ။ ပထမကမ္ဘာစစ်အပြီး ဩစထရီးယားဟန်ဂေရီယန်း

www.burmeseclassic.com



အင်ပါယာကြီးကို ပြိုကွဲခဲ့ရာတွင် သမ္မတ ဝုဒရိုး ဝီလ်ဆင် မည်သည့် အခန်း ကဏ္ဍမှ ပါခဲ့သနည်း ဆိုသည့်ပြဿနာနှင့် အဓိပ္ပာယ် နှစ်မျိုး ထွက်စေသော လူမျိုးများ၏ ကိုင်ပိုင်ပြဋ္ဌာန်းခွင့် ပြဿနာတို့ကို လေ့လာလျှင်ပင် 'ဘ' ခြောက်လုံးပေတံဖြင့် လေ့လာတိုင်းထွာကြည့် နိုင်ပါသေးသည်။

နောက်တစ်ချက်မှာ သတင်းစာဆရာများနှင့် ပထဝီဝင် ပြဿနာဖြစ်ပါသည်။ ပထဝီဝင်သစ်၌ တစ်ခါက ဆိုဗီယက် ယူနီယံ၏သမ္မတနိုင်ငံများနှင့် ယူဂိုဆလားဗီးယားနိုင်ငံ အကြွင်း အကျန် နယ်ပယ်များပါဝင်ပါသည်။ ပထဝီဝင်သစ်သည် ဇာတ် ဆောင်သစ်များနှင့် ပေါ်ပေါက်လာခဲ့ပါသည်။ အမေရိကန် နိုင်ငံခြားရေး ဌာနသည် သူတို့ ဘာသာ အသစ်ဖန်တီးထားသော နိုင်ငံများအားသံတမန်များ ခန့်အပ်လျက် ရှိသည့်အလျောက် သတင်းစာ တိုက်များသည်လည်း ထိုဒေသများသို့ သတင်း ထောက်များ စေလွှတ်ရမည်ဖြစ်ပါသည်။ သို့ရာတွင် ပုဂ္ဂလိကပိုင် သတင်းစာတိုက်များနှင့် အသံလွှင့်ဌာနများ အတွက် စရိတ်စက ကြီးလွန်းလှပါသည်။ သတင်းထောက်များကို စေလွှတ်ရေး စသည့် ထောက်ပံ့ပို့ဆောင်ရေး ပြဿနာများမှာလည်း များပြားလွန်း လှပါသည်။ သတင်းစာတိုကပေါင်း များစွာတို့သည် ထိုဒေသများသို့ သတင်းထောက်များကို ရက်အတန်ကြာ၊ သီတင်း ပတ်အတန်ကြာ မျှသာ စေလွှတ်နိုင်ခဲ့ကြပါသည်။ သတင်းမြန်မြန် ရနိုင်ဖို့အတွက် ထိုသို့ ခဏတဖြုတ် 'လေထီးဖြင့် ခုန်ဆင်းရသလို' သတင်းထောက လုမ်းရခြင်းသည်သတင်းမှန်ရရေးအတွက် တော်တော် စိတ်မချ ရသည့်အလုပ် ဖြစ်ပါသည်။ ထို့ပြင် ယခင် ကွန်မြူနစ်နိုင်ငံများ၌

www.burmeseclassic.com



ဒီမိုကရေစီ ပြောင်းလဲမှုတွေ မည်မျှ လုပ်သည် ဆိုစေ သတင်းစာ လွတ်လပ်မှုကို ဆန့်ကျင်နေကြသော နောက်ဖျား တပ်လှုပ်ရှားမှု ခုခံမှုများ ကျန်ရှိနေပါသေးသည်။ ထို့ပြင် လွတ်လပ်သော သတင်း အတတ်ပညာကို နားမလည်သော (သို့မဟုတ် လွန်စွာ နားလည် သော) ထိုနိုင်ငံများက နိုင်ငံရေး ခေါင်းဆောင်များကို တွေ့ဆုံ မေးမြန်းရာတွင်လည်း များစွာ အခက် အခဲရှိပါသည်။ သတင်းစာ တိုက် အများစုသည် အခက်အခဲများ၊ အန္တရာယ်များကို ရင်ဆိုင်ကာ သတင်းရယူနိုင်ခဲ့ကြပါသည်။ ဘော်လကန်စစ်ပွဲကို သတင်းယူ နေသည့် သတင်းထောက်တစ် ယောက်က'သတင်းမှန်များကို ရရန် အတွက် ကျွန်တော်တို့၏ သတင်းထောက်ကတ်ပြားများကို ဝှက် ထားရပါသည်' ဟု ရေးခဲ့သည်။ယခင် ယူဂိုဆလပ်နိုင်ငံဟောင်းတွင် ဖြစ်နေသည့် ဘော်လကန်စစ်ပွဲ တွင် သတင်းထောက်ပေါင်း ၃၀ တို့ အသက် ပေးခဲ့ကြရပါသည်။

ကမ္ဘာ့အမြင်သစ်ဆိုသည်မှာ အခြားမဟုတ်။ တစ်ခုနှင့် တစ်ခု ပဋိပက္ခဖြစ်နေသော ဝင်ရိုးစွန်းနှစ်ခု ကမ္ဘာကြီးပျောက်ကွယ် သွားရာမှ ပေါ်ထွက်လာသော ကမ္ဘာ့အမြင် ဖြစ်ပါသည်။ ကွန်မြူနစ် များနှင့် ပဋိပက္ခဖြစ်ခဲ့စဉ်က အနောက်နိုင်ငံများသည် မဟာမိတ်စနစ် ကြီးတစ်ခုကို ထူထောင်ခဲ့ရပါသည်။ ဥရောပအဖွဲ့ (အီးစီ) သည်ပင်လျှင် ကွန်မြူနစ်ဝါဒကို ဆန့်ကျင်တားဆီးသည့် လုပ်ငန်း၏အစိတ်အပိုင်း တစ်ခုဖြစ်ခဲ့ပါသည်။ အနောက်နိုင်ငံ တို့အား သွေးစည်း ညီညွတ်အောင် လုပ်ပေးသည့် ကွန်မြူနစ်စနစ် ပျောက်ကွယ်သွားသည့် အတွက်ပေါ်ပေါက်လာသော အခက်အခဲ များကို စတင် သတိပြုမိ သူများထဲတွင် ထိုစဉ်က အမေရိကန်

www.burmeseclassic.com



ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဖြစ်ခဲ့သော လောရင့်စ် အီဂယ် ဘားဂါးလည်း ပါပါသည်။ ၁၉၈၉ ခုနှစ် တွင် သူက ပြောခဲ့ရာ၌ 'ဘာပဲပြောပြော စစ်အေးတိုက်ပွဲရှိနေတာ တစ်ခုတော့ ကောင်းတယ်၊ စစ်အေးတိုက်ပွဲ ရှိနေတော့ နိုင်ငံကြီးတွေ ရဲ့ကြားက ဆက်ဆံရေးဟာ အတော်အကဲခတ်လို့လွယ်တဲ့ နိုင်ငံအချင်းချင်း ဆက်ဆံရေးမျိုးရှိနေတယ်' ဟု ပြောခဲ့သည်။

သူသည် ထိုစကားများကို သတင်းစာ အယ်ဒီတာ တစ်ယောက် အနေဖြင့် ပြောခဲ့ဟန်တူပါသည်။ မဟာအင်အားကြီး နိုင်ငံများ၏ ရှည်ကြာသော ထိပ်တိုကရင်ဆိုင်မှုသည် ကမ္ဘာ့အခြေ အနေကို ခွဲခြမ်း စိတ်ဖြာကြည့်ရာတွင် အခြေခံများကိုလည်း ပေးခဲ့ပါသည်။ ဥပမာအားဖြင့် လက်တင်အမေရိကနိုင်ငံ တစ်ခုမှ စစ်တပ်အာဏာသိမ်းမှုတစ်ခုမှသည် ပြင်သစ်ပြည်က ယဉ်ကျေးမှု ဆိုင်ရာ နှင့် ပတ်သက် သည့် ဥပဒေပြုမှုတစ်ခုအထိ ကမ္ဘာ့အဖြစ် အပျက်တိုင်းကို စစ်အေးတိုက်ပွဲအပေါ်တွင် မည်သို့ အရောင ရိုက်ခတ်သည်ဆိုသည့် စံဖြင့် တိုင်းထွာပြီး ထိုအဖြစ်အပျက်များ၏ ဖြစ်ပေါ်တိုးတက်မှုကို အကဲဖြတ်ပါသည်။ သတင်းစာဆရာများကမူ ထိုသို့သော အမြင်ဖြင့် ကြည့်ခြင်းသည် အလွန်ရိုးလွန်းရာ၊ အလွန် အလွယ်လိုက်လွန်းရာရောက်သည်ဟု ဝေဖန်ကြပါသည်။ သို့ရာတွင် သူ့ကိုယ်တိုင်လည်း အဖြစ်အပျက်များကို အကဲဖြတ်သည့်အခါတွင် ထိုပေတံဖြင့် တိုင်းထွာ အကဲဖြတ်ခဲ့ကြပါသည်။

ယခုမူ သတင်းစာများသည် အခြား ပေတံတစ်ခုကို လိုက် ရှာကြရတော့မည် ဖြစ်ပါသည်။ ကမ္ဘာ့တောင်ဘက်ခြမ်းနှင့် မြောက် ဘက်ခြမ်းတို့ အားပြိုင်မှုကို ပေတံအဖြစ် သတ်မှတ်မည်လော။

www.burmeseclassic.com



ဘာသာရေး အယူသီးသူများနှင့်လစ်ဘရယ်ကျသူတို့၏အားပြိုင်မှု ပေတံအဖြစ် သတ်မှတ်မည်လော။ အမျိုးသားရေးဝါဒနှင့် လူမျိုးစုံ နိုင်ငံတကာဝါဒတို့၏ အားပြိုင်မှုကို ပေတံအဖြစ် သတ်မှတ်မည်လော။

ကမ္ဘာ့အရေးအခင်းများကို အကဲဖြတ်ရာတွင် မည်သည့် ပေတံ၊ မည့်သည့်စံ၊ မည်သည့်ဖွဲ့စည်းမှု ပေါ်လစီဖြင့် တိုင်းထွာ အကဲဖြတ်ကြမည်နည်း။

ထိုပေတံ၊ ထိုစံများသည် တိုင်းထွာ၍ ရနိုင်သော ပေတံများ၊ စံများ ဖြစ်ပါသည်။ သို့ရာတွင် ကျေနပ်အားရလောက်သော ပေတံများတော့ မဟုတ်ကြသေးပါ။

ရည်ညွှန်း။ Henry A.Grunwald ၏
A New Journalism ကို ပြန်ဆိုသည်။

# သတင်းစာ
# အတတ်ပညာသစ် (၂)

သတင်းစာ၏ လုပ်ငန်းစဉ်သစ်တွင် ယခင်က ရင်းနှီး ကျွမ်းဝင်ပြီးဖြစ်သော ဘာသာရပ်များ ပါဝင်သည်။ ထို ဘာသာရပ် အကြောင်းအရာများမှ အဖြစ်အပျက်များကြောင့် ပုံသဏ္ဌာန်ပြောင်း လဲသွားကြပြီ ဖြစ်သည့်အတွက် အမြင်သစ်ဖြင့် ကိုင်တွယ်ဖို့လိုသည်။ စီးပွားရေး နယ်ပယ်တွင် သတင်း ပြန်ကြားရေး လူ့အဖွဲ့အစည်း၏ အင်အားစုအသစ်များသည် တိုင်းပြည်နယ်နိမိတ်များကို ဖြတ်သန်း ကျော်လွှားသွားကာ အချုပ်အခြာ အာဏာကို တိုက်စားလျက်ရှိသည်။ ထိုသတင်း အင်အားစုများသည် အရင်းနှင့်အလုပ် စသည့်ရှိခဲ့ပြီးသော စံနှုန်းခံယူချက်များကို တစ်မျိုးတစ်ဖုံ အသွင်ပြောင်းပေးနေသည်။ ဤတွင် စာနယ်ဇင်းများတွင် သုံးခဲ့သည့် ယခင်က စီးပွားရေးဆိုင်ရာ ဝေါဟာရများသည် အဓိပ္ပာယ်တစ်မျိုး ဖြစ်ကုန်ကြသည်။ ဖွံ့ဖြိုးမှု

နောက်ကျသည့် ဒေသများတွင် ပြုပြင်ရေးလုပ်ငန်း ပုံစံဟောင်းများ၊ တော်လှန်ရေးနှင့် ပြန်လည်တုံ့ပြန်မှုများသည် ပြောင်းလဲသွားကြသည်။ လွတ်လပ်သော ဈေးကွက်နှင့် ဒီမိုကရေစီသို့ သွားရာလမ်းသည်ရှုပ်ထွေးပြီး တစ်ခါတစ်ရံတွင် ကွေ့ကောက်လှည့်ဖြားသောသဘောရှိကြောင်းကို သတင်းစာဆရာများ တွေ့နေရသည်။

သတင်းစာ အတတ်ပညာက ရင်ဆိုင်ရမည့်အကြောင်းအရာသစ်များထဲတွင် အရေးကြီးသော အကြောင်းအရာများမှာ မျိုးတူစုဝါဒ နှင့် လူမျိုးစုတို့၏ အခွင့်အရေး ရှေ့တန်းတင်မှု ပြဿနာများဖြစ်သည်။ ထိုပြဿနာမှာ သတင်းစာဆရာများအဖို့ သာမက လူမှုသိပ္ပံ ပညာရှင် များပင် ကောင်းစွာ သိကျွမ်းခြင်း မရှိသေးသော ဘာသာရပ် ဖြစ်သည်။

နောက်ပြဿနာတစ်ခုမှာ ဘာသာရေးနှင့် ဆိုင်သည့် အကြောင်းအရာ ဖြစ်သည်။ ယခင်က ဘာသာရေးအကြောင်းအရာများသည် သတင်းစာများထဲတွင် တနင်္ဂနွေဘာသာရေး ကဏ္ဍတွင် ပါနေရာမှ ရှေ့တန်း မျက်နှာဖုံးနေရာသို့ ရောက်လာခဲ့သဖြင့် သတင်း စာဆရာတို့ များစွာ စိတ်ညစ်ကြရသည့် ဘာသာရပ်ဖြစ်သည်။ လာမည့်ဆယ်စုနှစ်အနည်းငယ် အတွင်းတွင် ဘာသာရေး စစ်ပွဲ အကြီးအသေး တို့ပေါ်ပေါက်လာမည့် နိမိတ်များကို တွေ့နေရသည်။

မကြာသေးမီကပင် ‘တိုင်းမဂ္ဂဇင်း’သည် ဘာသာရေးနှင့်

ပတ်သက်သည့်အကြောင်းအရာ သုံးခုကို မျက်နှာဖုံး သတင်းအဖြစ် တင်ခဲ့ရသည်။ ယင်းတို့မှာ နယူးယောက်မြို့တော်ရှိ ကမ္ဘာ့ ကုန်စည်ပြပွဲကို ဗုံးဖြင့် ဖောက်ခွဲခဲ့သည့်အတွက် မူဆလင် အခြေခံဝါဒီတို့ကို ဖမ်းဆီးခဲ့သည့် သတင်း၊ တက္ကဆက်ပြည်နယ်တွင် သူ့ကိုယ်သူ တမန်တော် ကိုယ်စားလှယ်အဖြစ် ကြေညာကာ မသိနားမလည် သူတို့ကို သူ့ဂိုဏ်းထဲသို့ သွတ်သွင်းခဲ့သော ဂန္ဓာရီဂိုဏ်း ခေါင်းဆောင်နှင့်သူ့နောက်လိုက်နောက်ပါများအား ရဲတို့ကဝိုင်းဝန်း ပိတ်ဆို့ဖမ်းဆီးခဲ့ရသည့် သတင်းနှင့် ဘော့စနီးယားက မွတ်ဆလင် ဘာသာဝင်များနှင့် ခရစ်ယာန်ဘာသာဝင်များ၏ သတ်ပွဲဖြတ်ပွဲ သတင်းများဖြစ်သည်။ အကြောင်းမူ ယင်းတို့အပြင် အခြားသော ပုံသဏ္ဌာန်များဖြင့် ပေါ်ပေါက်နေသော 'ဘာသာရေး' ပဋိပက္ခတွေ ရှိနေသောကြောင့် ဖြစ်သည်။ မွတ်ဆလင် အခြေခံ ဝါဒီတိုင်းသည် နယူးယောက် ကုန်စည်ပြပွဲကို ဗုံးဖြင့် ဖောက်ခွဲချင် ကြသည်မဟုတ်ပါ။ ခရစ်ယန် ဘာသာဝင်တိုင်းသည်လည်း တက္ကဆက်ပြည်နယ်က ဂန္ဓာရီ ဂိုဏ်းမျိုးတွင် ပါဝင်ကြသည် မဟုတ်ပါ။

သတင်းစာများသည် ထိုခြားနားချက်ကို သိစိတ်ရှိရှိ ဉာဏ်အမြော်အမြင်ရှိရှိဖြင့် ပိုင်းခြား သုံးသပ်ပြဖို့ လိုပါသည်။

ယခုခေတ်သစ်ကြီးမည်သို့ အစပြုခဲ့သည်။ ဆိုဗီယက် အင်ပါယာကြီး မည်သို့ ပြိုကွဲသွားသည်ကို ပြန်စဉ်းစားလျှင် အာရုံခံစားမှုသစ် အကြောင်းကို အကောင်းဆုံး နားလည်နိုင် ပါသည်။ သတင်းစာလောက တစ်ခုလုံးသည် ထိုကြီးကျယ်သော အဖြစ်အပျက်

www.burmeseclassic.com



ကြီးများကြောင့် အံ့အားသင့်နေခဲ့ပါသည်။ အခြားသူများ အားလုံး လောက်သည်လည်း ထိုနည်းအတိုင်းပင် ဖြစ်ပါသည်။ သတင်းစာ ဆရာများ ထိုသို့ဖြစ်ရခြင်းမှာ ယင်းတို့သည် အစိုးရအဖွဲ့ များနှင့် အရာရှိများ ကိုသာ အလွန်အမင်း အာရုံစိုက်ခဲ့ကြသောကြောင့်ဖြစ် သည်ဟု သတင်းစာလောကကို ဝေဖန်သူများက ယူဆကြပါသည်။ ပြည်သူလူထုအဖွဲ့အစည်း' သို့မဟုတ် အစိုးရများနှင့်ကင်းလွတ်စွာ အဖြစ်အပျက်များကို လှုပ်ရှားဖြစ်ပေါ်စေသော လူထုများကို လုံလောက်သောအာရုံစိုက်မှု မရှိခဲ့ခြင်းကြောင့် ထိုသို့ တအံ့တသြ ဖြစ်ခဲ့ရခြင်း ဖြစ်ပါသည်။

သတင်းစာ ပညာသစ်၏ အာရုံသစ်ခံစားမှုသစ်တို့သည် ထိုအမှားများကို ရှောင်ဖို့လိုပါလိမ့်မည်။ သို့ရာတွင် ထိုကိစ္စသည် ပြောသလောက်တော့ မလွယ်ပါ။ နယူးယောက်တက္ကသိုလ်မှ စစ်ငြိမ်းချမ်းရေးနှင့်လူထုဆက်သွယ်ရေး ကိရိယာသစ် ဗဟို ဌာနမှူးဖြစ်သူ ကားလ်မားနော့က ထိုအချက်ကို ထင်ရှားစေရန် အတွက် ဂျာမန်ဒဿနဆရာ ကားလ်ဟီဝဲလ် (၁၇၇၀-၁၈၃၁) ကို ကိုးကားသွားခဲ့ပါသည်။ ဟီဂဲလ်က စိတ်တန်ခိုး(စိတ်)သည် သမိုင်း၏ မောင်းနှင်ရေးအင်အားစုဖြစ်သည်ဟု ယုံကြည်ပါသည်။ သတင်းစာ လောက က မားနောကိုဝိုင်းဝန်း ဝေဖန်ခဲ့ကြပါသည်။ သို့ရာတွင် နိုင်ငံတော်သည် လူမှုကိစ္စများကို ဆုံးဖြတ် ပြဋ္ဌာန်းသည့်အရာ ဖြစ်သည်ဟု အစွဲကြီးစွဲခဲ့သည့် သတင်းစာဆရာများသည် စိတ်တန်ခိုး (စိတ်) ကို ခွဲခြမ်း စိတ်ဖြာရေးနှင့် ပတ်သက်၍ သိမြင်နှံ့စပ်ခြင်း မရှိကြ သေးပါ။ သတင်းစာလောကမှ လူထုတွေ

www.burmeseclassic.com



လိုချင်သော အရာမှာ မိမိ ကိုယ်ကို မိမိသိစိတ် ပုံသဏ္ဍာန်တစ်ခု ဖြစ်ပါသည်။ ထိုသိစိတ်ဖြင့် ကမ္ဘာကြီးသည် လွတ်လပ်မှုအတွက် အခွင့်လမ်းသစ် များကို ရယူနိုင် မည်ဖြစ်ပါသည်။ ထိုအလုပ်သည် သတင်းစာ လောက အတွက် မြင့်မားလွန်းပြီး မဖြစ်နိုင်သည့် လုပ်ငန်းကြီးတစ်ခု ဖြစ်ကောင်းဖြစနိုင် ပါသည်။ ကားလ်မာနေ့သည် သမိုင်းဆရာဖူကူယားမားနှင့် မတူပါ။ မားနေ့က သမိုင်းနိဂုံး ချုပ်မည်ဟု မယုံကြည်ပါ။ သို့ရာတွင် သတင်းစာအတတ်ပညာ နိဂုံးချုပ်မည်ဟုတော့ ယုံကြည်ပါသည်။ (သူ နိဂုံးချုပ်မည်ဟု ပြောသော သတင်းစာ အတတ်ပညာ ဆိုသည်မှာ ကျွန်တော် တို့အစဉ်အလာ သိနားလည် ခဲ့ကြသော သတင်းစာပညာကို ဆိုလိုခြင်း ဖြစ်လိမ့်မည်ဟု မျှော်လင့် ပါသည်။)

သတင်းစာအတတ်ပညာသစ်၏ နောက်ပြဿနာတစ်ခုမှာ ပရိသတ်ပြဿနာ ဖြစ်ပါသည်။ အခြားသောအရာများကဲ့သို့ပင် ပရိတ်သတ်သည်လည်း ပရိတ်သတ်အသစ် ဖြစ်ပါသည်။ ပရိတ်သတ်က သတင်းကို လက်ခံနားလည်ပုံသည် ပြောင်းသွားပါပြီ။ အခြားသော လူမျိုးများကဲ့သို့ပင် အမေရိကန်များသည်လည်း မိမိတို့ အကျိုးစီးပွား မပါလျှင် နိုင်ငံခြားသတင်းများကို များစွာစိတ်ဝင်စားခြင်း မရှိကြပါ။ စစ်အေးကာလတုန်းက မူ ကွန်မြူနစ်ဝါဒ တစ်နည်းတစ်ဖုံ ပတ်သက်နေသဖြင့် အရာရာတိုင်းကို အမျိုးသားအကျိုးစီးပွါးနှင့် ဆက်စပ်၍ မြင်နေကြပါသည်။ ယခုမူ ထိုလွယ်ကူသောဆက်သွယ် ပတ်သက်မှုသည် မရှိတော့ပါ။ စီအိုင်အေဌာနအကြီးအကဲ ဂျိမ်းဝူလဆီ ပြောသကဲ့သို့ နဂါးကြီး မရှိတော့သော်လည်း အဆိပ်ပြင်းသော

www.burmeseclassic.com



မြေတွေ ကျန်နေဆဲ ဖြစ်ပါသည်။ ထိုမြေများသည် ဘယ်နားတွင် ခွေနေပြီး ဘာကြောင့် အန္တရာယ်များကြောင်းကို သတင်းစာများ အနေဖြင့် မည်သို့ ဖော်ပြကြမည်နည်း။ နိုင်ငံခြားမှ အကြမ်းဖက် အစုများ ကဲ့သို့ အနောက်အုပ်စုကို သည့်ထက်သည် ပြောင်ပြောင် တင်းတင်း ရန်လိုသော အပြုအမူများပေါ်ပေါက်ခြင်း မရှိခဲ့လျှင် ထိုသို့ ညွှန်ပြ ဖို့ ကိစ္စသည် သိပ်မလွယ်ပါ။

ထိုသို့ ရှိသည် ထားပါဦး။ ဝေးဝေးလံလံတွင် ဖြစ်နေသော ပြည်တွင်းစစ်များ၊ အိန္ဒိယပြည်တွင်း ဖြစ်ပျက်နေသော လူမျိုးရေး အဓိကရုဏ်းများ၊ ဘရားဇီးနိုင်ငံက အကျင့်ပျက်လာဘ်စားမှုများ၊ ဇိုင်ယာတွင် အေအိုင်ဒီအက်စ် ရောဂါပျံ့ပွားနေမှုများ သို့မဟုတ် ကမ္ဘာတွင် လူဦးရေ အဆမတန် များပြားနေမှုများ စသည်တို့သည် အမေရိကန် အကျိုးစီးပွားနှင့် ပတ်သက်နေသည်ဟု လူထုသဘော ပေါက်လာအောင် အမေရိကန် သတင်းစာလောကအနေဖြင့် မည်သို့ဆက်စပ်ပြမည်နည်း။ မည်သို့ ရှင်းပြမည်နည်း။ ပြည်တွင်းနှင့် ပြည်ပကိစ္စတို့ကို ခြားထားသည့်မျဉ်းကြောင်းသည် တစ်နေ့တခြား သေးငယ်ပါး လွှာပြီဆိုသည်ကို လူထုတွေ သိအောင် သတင်းစာ ဆရာတွေ မည်သို့ရှင်းပြမည်နည်း။ ယင်းသို့ လုပ်နိုင်ရန်မှာ သတင်းပို့ခြင်း၊ သတင်းရေးခြင်း၊ စဉ်းစား တွေးခေါ်ခြင်း စသည့်ကိစ္စများတွင် ကြီးမားသော ကျွမ်းကျင်မှုရှိဖို့ လိုပါလိပ်မည်။ ထို့ပြင် အစဉ်အလာ ပြောလေ့ရှိခဲ့ကြသော 'လူသား အကျိုးစီးပွား' ဟူသော လုပ်ငန်းတွင် နည်းပရိယာယ် ကျွမ်းကျဖို့လည်း လိုပါလိမ့်မည်။

www.burmeseclassic.com



လူသားအကျိုးစီးပွားဟူသော ကိစ္စတွင် ထိတ်လန့်စရာ၊ သနားစရာ၊ ကြေကွဲစရာ (ပြီးတော့ အုတ်အော် သောင်းကင်း ဖြစ်စရာ) တွေ ပါဝင်နေပါသည်။ ၁၉၇၇ ခုနှစ် ဂြိုဟ်တုမှသတင်း ပေးပို့သည့် ခေတ်ဦးအစတုန်းက အမေရိကန်သတင်းထောက်များ သည် အစ္စရေး ဝန်ကြီးချုပ် မီနာချန်ဘီဂင်နှင့်ရော၊ အီဂျစ်သမ္မတ အန်ဝါဆဒတ်နှင့်ရော တွေ့ဆုံမေးမြန်းခန်းများ လုပ်ခဲ့ကြပါသည်။ ထိုမေးမြန်းခန်းတွင် ဆဒတ်က မိမိအားဖိတ်ကြားလျှင် ဂျေရုဆလင် သို့သွားမည်ဟု သမိုင်း တွင်လောက်သော ကမ်းလှမ်းချက်ကို လုပ်ခဲ့ ပါသည်။ အယ်ဒီတာ တစ်ဦးလည်းဖြစ်၊ သံတမန်တစ်ဦးလည်း ဖြစ်သည့် ကွယ်လွန်သူ ကလဲရာ ဘုသ်လုစ်က ရုပ်မြင်သံကြား သတင်းစာပညာ (တီဗွီဂျာနယ်လစ်မဂ္ဂဇင်း) သည် တစ်နေ့တွင် သံတမန်ဗေဒကို အစားထိုးလာလိမ့်မည်ဟု တစ်ခါက ပြောခဲ့ဖူး ပါသည်။ ဤအဆိုသည် ယနေ့ခေတ်တွင် ပို၍မှန်ကန်နေပါသည်။ တွေ့ဆုံမေးမြန်းခန်းများကြောင့်မျှသာမက (ယင်းမှာ ယခင်ကလည်း ရှိခဲ့ဖူးပြီးသား ဖြစ်သည်။) ချက်ချင်းလွှင့်ထုတ်သော ရုပ်မြင် သံကြားပေါ် တွင် မျက်နှာအမူအရာ၊ အနေအထာတို့ကိုလည်း တွေ့ရသောကြောင့် ဖြစ်ပါသည်။

ဆိုမာလီယာက လူမျိုးစုစစ်ပွဲများနှင့် သောင်းကျန်း လုယက်မှုများတွင် အမေရိကန်အစိုးရအနေဖြင့် ပုလိပ်လုပ်ငန်း ကိုလုပ်ရန် လိုအပ်သည်ဟု အမေရိကန်တို့ သဘောပေါက် လာခြင်းမှာ ရုပ်မြင်သံကြားမှ လွှင့်ထုတ်ပြသသော ကြေကွဲစရာ ကောင်းသည့် ငတ်ပြတ်သေကြေနေကြသော မြင်ကွင်းများကြောင့် ဖြစ်ပါသည်။

www.burmeseclassic.com



(အခြားသော နေရာများတွင် ထိုသို့ ငတ်ပြတ် သေကြေနေကြပုံမျိုးကို ရုပ်မြင်သံကြားတွင် မတွေ့ရသေးပါ။) ယင်းကို ထောက်လျှင် မိမိတို့၏ လက်နက်ကို အသုံးချရာတွင် ဆက်သွယ်ရေးကိရိယာများ၏ တာဝန်သည် မည်မျှကြီးလေး ကြောင်းကို မြင်ရပါသည်။ ထိုလက်နက်သည် လူထု၏ ခံစာမှုကို နှိုးဆွရာတွင် တော်တော်ထိရောက်သည်ကို တွေ့ရပါသည်။ သို့ရာတွင် လူထု၏ ဆင်ခြင်တုံတရားကို နှိုးဆွ ရာတွင်ကား နောက်ကျ ကျန်ရစ် ခဲ့ပါသည်။

စစ်အေးတိုက်ပွဲ ပြီးဆုံးသွားခြင်းကြောင့် မဟုတ်ဘဲ ပေါ်ပေါက်လာသည့် (သတင်းစာလောက ရင်ဆိုင်ရမည့်) နောက် ပြဿနာတစ်ရပ် ရှိပါသေးသည်။ ဆိုဗီယက်ယူနီယံ ပြိုကွဲသွားခြင်း၌ သတင်းပြန်ကြားရေးကို မထိန်းချုပ်နိုင်ခြင်း၊ ပြင်ပကမ္ဘာမှ သတင်းများ၊ အချက်ပြ ဆက်သွယ်မှုများကို မိမိ လူထုထံရောက် အောင် မပို့နိုင်ခြင်း စသည်တို့သည် အဓိက အကြောင်းအရင်း များအနက် တစ်ခုဖြစ်သည်ဟု အများက လက်ခံထားကြပါသည်။ အတွေးအခေါ်များ၊ ရုပ်ပုံများကို ဆိုဗီယက် အစိုးရက တရားဝင် ခွင့်ပြုထားသည့်နေရာ တစ်ခု တည်းမှသာ ဖြန့်ချိနေခြင်း မဟုတ်ပါ။ သတ္တိကောင်းသော လူများက အလွန်ခေတ်နောက်ကျသည့် နည်းပညာများဖြင့် ဖြန့်ချိနေ ကြပါသေးသည်။ ဥပမာအားဖြင့် ခေတ်နောက်ကျသည့် ဖယောင်းစက္ကူဖြင့်ကူးသည့် စာရွက်များ၊ တယ်လီဖုန်း များဖြင့်လည်းဖြန့်ချိကြပါသည်။ ခြုံ၍ကြည့်လျှင် စက်မှုသိပ္ပံ ပညာသည် နောက်ကျ မကျန်ရစ်ဘဲ ကမ္ဘာအနှံ့ ပျံ့နှံ့

နေပါသည်။ ယနေ့ ကမ္ဘာသည် အကြမ်းဖက်ဝါဒီက ဖက်စ်မရှင်းကို ကိုင်ပြီး ပြောက်ကျား တပ်သားက ကွန်ပျူတာကို ကိုင်နေသည့် ခေတ်ကြီးသို့ ဝင်လာနေပြီဟု ဆိုကြပါသည်။

အမေရိကန်ပြည်ထောင်စုတွင်လည်း ထိုနည်းနှင်နှင့်တွေ ဖြစ်နေပါသည်။ သတင်းပြန်ကြားရေး အင်အားစုများသည် အစဉ်အလာ နယ်နိမိတ်များကို ကျော်လွှားဖောက်ထွက် နေကြသည်။ အစိုးရ၏ ဆက်သွယ်ရေး ကိရိယာများအား လုပ်ထိန်းမှုကို ကျော်လွှား နေကြသည်။ တစ်သီးပုဂ္ဂလ သမ္မတလောင်း ရို့စ်ပီရိုးသည် ကွန်ပျူတာ ကိုထားသော ပြောက်ကျားတစ်ယောက် ဖြစ်ပါသည်။ ၁၉၉၂ ခု ရွေးကောက်ပွဲ မဲဆွယ် တရားပွဲများတွင် သူသည် အချိန်တိုကလေးအတွင် ကျယ်ပြန့်သော အဖွဲ့အစည်းကြီး တစ်ခုကို ထူထောင်ရန် အတွက် နောက်ဆုံးပေါ် ကွန်ပျူတာ တယ်လီဖုန်းနှင့် အီလက် ထရွန်းနစ် စက်မှုသိပ္ပံပညာကို အသုံးပြုခဲ့သည်။ သူ့မိန့်ခွန်းကို ပြည်သူဆီသို့ ချက်ချင်းရောက်သည့် ခရီးဆောင် အသံလွှင့်စက်၊ ရုပ်မြင်သံကြားတို့မှတစ်ဆင့် လွှင့်ထုတ်ခဲ့သည်။

မကြာမီဆိုလျှင် အမေရိကန်လူထုများသည် လိုင်ရာပေါင်းများစွာ ပါရှိသော ရုပ်မြင်သံကြား ကြေးနန်းသွယ် စနစ်တို့ရှိလာကြတော့မည်။ နိုင်ငံရေး အပါအဝင် နယ်ပယ် အသီးသီး အကြောင်းကို ထုတ်လွှင့်မည့် ရုပ်မြင်သံကြား ဌာနတွေ ပေါ်လာတော့မည်၊ တယ်လီဖုန်း ကုမ္ပဏီများ သည်လည်း သတင်း ပြန်ကြားရေး လုပ်ငန်း

www.burmeseclassic.com



ထဲသို့ ဝင်လာကြတော့မည်။ အဖြစ်အပျက် နှင့် လူထုကြားတွင် အစဉ်အလာ ဆက်သွယ်ရေး ကိရိယာများ၏ အခန်းကဏ္ဍသည် မှေးမှိန် သွားတော့မည်။ အတိုချုပ် ပြောရလျှင် ဘာလင် တံတိုင်းကြီး ကို ဖြိုချပစ်ခဲ့သည့် အင်အားစုသည် အမေရိကန် လူ့အဖွဲ့အစည်းမှ တံတိုင်းများစွာကိုလည်း ဖြိုချပစ် တော့မည်။

ထိုသို့ရှုပ်ထွေး ဆန်းကြယ်သော ဆက်သွယ်ရေးကြီး ထဲတွင် မည်သူသည် မည်သည့်အရာကို မည်မျှ ဦးစားပေး အာရုံစိုက် မည်နည်း။ အမှန်ကို အမှားမှ စစ်ထုတ်ယူခြင်း၊ အချက်အလက်ကို ဝါဒဖြန့်ချီမှုမှ စစ်ထုတ်ယူခြင်း၊ စသည်တို့သည် ယခင်ကထက်ပို၍ ခက်ခဲလာတော့မည်။ ယင်းတို့သည် သတင်းစာ အတတ်ပညာ၏ နိဂုံး ကမ္ပတ် အဆုံးသတ်မဟုတ်ပါ။ သတင်းစာ အတတ်ပညာ ခေတ်သစ် တစ်ခု၏ အစမျှသာဖြစ်ပါသည်။

ရည်ညွှန်း။ Henry A Run wald ၏
A New Journalism ကို ပြန်ဆိုသည်။

## သမ္မတဝီလ်ဆင်သို့ မှာကြားလွှာ

အမေရိကန်သမ္မတများအတွက် သီးသန့်ထားသော ကောင်းကင်ဘုံ (သို့မဟုတ် အခြားသောဘုံ)ရှိ ရိပ်မြုံသို့ ယခု မှာကြားလွှာ ရောက်ရှိမည်ဟု မျှော်လင့်ပါသည်။ သင် ထွက်ခွာခဲ့ရာ ကမ္ဘာလောက ကြီးရှိ အဖြစ်အပျက်များကို သင်စောင့်ကြည့်ခြင်း ရှိ၊ မရှိကို ကျွန်တော်မသိပါ။ ထို့ကြောင့်တို့ထက် တစ်ဦးကိုတစ်ဦး အပြန်အခဲ့သော အယူအဆတစ်ခု၏ ရလာဒ်များနှင့် ပတ်သက်၍ နောက်ဆုံး အခြေအနေကို ကျွန်တော်တင်ပြလိုပါသည်။ ထိုအယူအဆမှာ အမျိုးသားကိုယ်ပိုင် ပြဋ္ဌာန်းခွင့် ဖြစ်ပါသည်။ ယနေ့ချိန် ၌ ထို အယူအဆသည် နေရာများစွာတွင် ပြုံးစားကြီးပေါ်ပေါက်နေပါသည်။ ယခင်ယူဂိုဆလားဗီးယားနိုင်ငံမှ ယခင် ဆိုဗီယက်ယူနီယံသမ္မတ နိုင်ငံများအထိ ဖြစ်ပါ

www.burmeseclassic.com



သည်။ ယင်းတို့အထဲတွင် မြောက်ပိုင်း အိုဆက်ရှားမှ နိဂိုနို ကာရာဘတ် အထိပါဝင်ကြပါသည်။ (ထိုပြည်နယ် များသည် မည်သည့် နေရာတွင် ရှိသည်ကို သင်သိမည် မ ဟုတ် ပါ။) ပြည်နယ်တစ်ခုကို သူပိုင်သည်၊ ကိုယ်ပိုင်သည်ဟု အပြိုင်အဆိုင် ပြောနေကြသဖြင့် သွေးထွက်သံယို တိုက်ပွဲများ ပေါ်ပေါက်လျက်ရှိပြီး ထိုအထဲတွင် အမေရိကန်ပြည်ထောင်စုသည်လည်း ပါနေရပါသည်။ အိမ်ဖြူတော်တွင် သင့်အား ဆက်ခံသည့် လက်ရှိ ပုဂ္ဂိုလ်သည် ဘော့စနီးယားတွင် ငြိမ်းချမ်းရေးကို ထိန်းသိမ်းရန်အတွက် တပ်သား၂၅,၀၀၀ ပို့ရန် ကတိပေးပြီးဖြစ်ပါသည်။ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ကို သင်ကြေညာခဲ့စဉ်က မည်သူကမျှ ဩဘာ မပေး ခဲ့သည့်တိုင် ထိုစကားလုံးသည် မြင့်မြတ်၍ တိုးတက်သည့် သဘောကို ဆောင်ခဲ့သယောင် ရှိပါသည်။ ထိုစဉ်က သင်၏ နိုင်ငံခြားရေးဝန်ကြီး ဖြစ်ခဲ့သည့် ရောဘတ်လန်းဆင်း (သူ့ကို သင် မနှစ်သက်ခဲ့ပါ)က ထိုအယူအဆသည် ပြည့်ဝခြင်း မရှိသော မျှော်လင့်ချက်များနှင့် အတိုင်းအတာကြီးမားသော အကြမ်းဖက် လှုပ်ရှားမှုများကို ပေါ်ပေါက်စေလိမ့်မည်ဟု ကြိုတင်ဟောကိန်း ထုတ်ခဲ့ပါသည်။ 'ထိုစကားလုံးကို ပြောလိုက်ခြင်းသည် ဘေးဒုက္ခ အပေါင်းကိုဖြစ်စေလိမ့်မည်' ဟု သူရေးသားခဲ့ပါသည်။

တရားသဖြင့် ပြောရလျှင် ထိုအယူအဆသည် သင် တီထွင်ခဲ့သည် မဟုတ်ပါ။ အမျိုးသားရေးဝါဒသည် ဘာသာရေး တစ်ခုဖြစ်လာခဲ့ပါသည်။ သို့ရာတွင် သင်က ထိုအယူအဆကို အားကောင်းမောင်းသန်ဖြင့် တွန်းတင်ခဲ့ပါသည်။ ဤသို့ဖြင့် မြေပုံအဟောင်းများထက်ထူး၍ ယုတ္တိတန်ခြင်းမရှိသော မြေပုံသစ်

www.burmeseclassic.com



များကို ပေါ်ထွန်းစေ ခဲ့ပါသည်။ ဥပမာအားဖြင့် လူမျိုးပေါင်းစုံ ပါဝင်နေသော ဩစထရီ-ဟန်ဂေရီယန် အင်ပါယာသည် ပျောက်ကွယ်သွားကာ ယူဂိုဆလားဗီးယား၊ ချက်ကိုစလိုဗက်ကီးယားဘ စသည့် အဖွဲ့အစည်းသစ်များ ပေါ်ပေါက်လာခဲ့ပါသည်။ ထိုနိုင်ငံများထဲတွင် စိတ်ဆိုး၍ မကြာမကြာ ရန်လိုသော လူမျိုးများ ပါဝင်ဖွဲ့စည်းနေကြပါသည်။ ဤသို့ဖြင့် ယနေ့လူမျိုးစုတို့၏ ပဋိပက္ခများ ပေါ်ပေါက်လာခဲ့သည်။ မကြာခဏဆိုသလိုပင် အနှိမ်ခံနေရသော လူမျိုးစုတစ်စုသည် လွတ်လပ်ရေးရလာကာ ကိုယ့်တိုင်းပြည်ထဲရှိ အခြားသော လူမျိုးစုတစ်စုကို ဖိနှိပ်လာခဲ့ပါသည်။ သို့မဟုတ်လျှင်လည်း အမျိုးသား နယ်နမိတ်အပြင်ဘက်တွင် ရောက်နေသော မိမိတို့၏ ညီနောင်များကို ကယ်တင်ရန်ကြိုးစားလာခဲ့ပါသည်။

နိုင်ငံတကာ အသိုက်အဝန်းက လူမျိုးတစ်မျိုး၏ အချုပ်အခြာအာဏာတောင်းဆိုမှုကို အသိအမှတ်မပြုမီ အနည်းဆုံး အချက်နှစ်ချက်တော့ ရှိထားသင့်ပါသည်။ တစ်ခုမှာ စီးပွားရေးခိုင်မာတောင့်တင်းမှုရှိဖို့ လိုပါသည်။ အများအားဖြင့်တော့ မရှိကြပါ။အခြားတစ်ချက်မှာ သမိုင်းရှိဖို့လိုအပ်ပါသည်။ သမိုင်းဟု ဆိုရာတွင် လူမျိုးတစ်မျိုး၌ ထင်ရှားသော အမျိုးသားအစဉ်အလာ ရှိ၊ မရှိ၊ အတိတ်က လွတ်လပ်သောနိုင်ငံဟုတ်၊ မဟုတ်၊ စသည့်အချက်တို့ ပါဝင်ပါသည်။ သင်၏ မိတ်ဆွေဟောင်းများဖြစ်သော ဆာ့ဘ်လူမျိုးတို့၏ ရက်စက်ကြမ်းကြုတ်မှုများကို ခွင့်မလွှတ်ဘဲ ပြောရလျှင် အမေရိကန်ပြည်ထောင်စုသည် ဘော့စနီးယား အပါအဝင် အချို့သော ယူဂိုဆလားဗီးယား သမ္မတနိုင်ငံဟောင်းများကို အသိအမှတ်ပြုရာတွင်

စောလွန်းနေသည်ဟု ဆိုနိုင်ပါသည်။ ထို အသိအမှတ်ပြုမှုကြောင့် ပြည်တွင်းစစ် တစ်ခုသည် နိုင်ငံတကာပဋိပက္ခတစ်ခုအဖြစ်အသွင် ပြောင်းသွား ခဲ့ပါသည်။ အကျဉ်းချုံ လူမျိုးများအား သူတို့ကိုယ်ပိုင် လွတ်လပ်ခွင့်ကို မပေးသင့်ဟု ငြင်းဆိုရာတွင် အမေရိကန် ပြည်ထောင်စုသည် ကမ္ဘာတွင် နောက်ဆုံးတိုင်းပြည် ဖြစ်သည်မှာ သေချာပါသည်။ သို့ရာတွင် ဖြစ်စဉ်သည် ထိန်းမရနိုင်သိမ်းမရ ဖြစ်သွားခဲ့ပါသည်။ ကုလသမဂ္ဂ၏ အတွင်းရေးမှူးချုပ် ဘူးထရိုစ့် ဘူးထရိုစ့်ဂါလီက ကုလသမဂ္ဂအကြောင်းကို သင် သိလိမ့်မည် ထင်ပါသည်။ ယင်းမှာ သင်မျှော်မှန်းခဲ့သည့် နိုင်ငံပေါင်းချုပ် အသင်းကြီး၏သဘောပင်ဖြစ်ပါသည်။ ပြဿနာကို အမှန်အတိုင်း တင်ပြခဲ့ပါသည်။ သူက 'လူမျိုးစုတိုင်းက ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ကို တောင်းလာခဲ့ကြလျှင် ကမ္ဘာပေါ်တွင် နိုင်ငံ ၁၈၄နိုင်ငံမကတော့ပဲ နိုင်ငံပေါင်း ၅၀၀မှ ၁၀၀၀အထိ ရှိလာပေလိမ့်မည်။ ယင်းသို့ ဖြစ်လာခဲ့လျှင် ငြိမ်းချမ်းရေးအတွက် လည်းကောင်း၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်းကောင်း၊ အကျိုးမရှိနိုင်ပါ' ဟု ပြောခဲ့ပါသည်။

သို့ဖြစ်လျှင် မည်သို့လုပ်ကြမည်နည်း။

ယခုတော့ ကျွန်တော်တို့သည် ကုလသမဂ္ဂ၏ ငြိမ်းချမ်းရေး ထိန်းသိမ်းရေး တပ်ဖွဲ့များကို အားထားနေရပါသည်။ ယင်းတပ်ဖွဲ့များ ဆိုသည်မှာလည်း တော်တော်အံ့သြ ဖို့ကောင်းသည့် တီထွင်မှုဖြစ်ပါသည်။ ဤသည်ကို သင် သဘောပေါက်လိမ့်မည် ထင်ပါသည်။ သို့ရာတွင် ကုလသမဂ္ဂတွင် ထို့ထက် လူအင်အား ရှိသည့်တိုင်အောင် (ယင်းအစား နိုင်ငံတကာ နိုင်ငံခြားတပ်ဖွဲ့ကမှ

www.burmeseclassic.com



တော်ဦးမည် ထင်ပါသည်) ကုလသမဂ္ဂတွင် စည်းလုံးညီညွတ်သည့် ဆုံးဖြတ်ချက်ချနိုင်သော တန်ခိုးအာဏာ ရှိသည့်တိုင်အောင် ငြိမ်းချမ်းရေးကို ပြည်ပမှ အတင်းရိုက်သွင်းဖို့ ဆိုသည်မှာ တော်တော် ခက်ပါသည်။ ရေရှည် ဖြောင့်ရှင်းမှုကို မျှော်ကိုးသည့် အနေဖြင့် ပြည်တွင်းဖြစ် ပညာဆိုင်ရာ စက်မှုလုပ်ငန်းတစ်ခု ပေါ်ပေါက် လာပါပြီ။ ပညာရေးကို လိုလားသည့် သင့်အတွက် ဝမ်းမြောက်ဖွယ် ဖြစ်ပါသည်။

ထူးဆန်းသည့် တင်ပြချက်တစ်ခုမှာ လူမျိုးစုနှင့်နယ်ပယ်ကို ခွဲခြားထား ရန် အဆိုဖြစ်ပါသည်။ ဥပမာအားဖြင့် ရုရှပြည်အပြင်ပ ယခင် ဆိုဗီယက်ယူနီယံသမ္မတ နိုင်ငံဟောင်းများတွင် နေထိုင် နေသည့် ရုရှလူမျိုးသည် ရုရှနိုင်ငံသားအဖြစ်ကို ဆက်လက် ခံယူထားပြီး ရုရှ နိုင်ငံသား၏အခွင့်အရေးများ၊ ပိုင်ဆိုင်ခွင့်များကို ခံစားခွင့် ရှိရမည် ဆိုသည့်အယူအဆဖြစ်ပါသည်။ အခြား အဆို တစ်ခုမှာ'အမျိုးသားဒေသ ကိုယ်ပိုင် အစိုးရများ' ထူထောင် ပေးရေး ဖြစ်ပါသည်။ လက်တွေ့ကျသည် မကျသည် အပထားပြီး ထိုအဆို များကို လေ့လာကြည့်သင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုအဆိုများသည် အချုပ်အခြာအာဏာနှင့် ပတ်သက်၍ ပျော့ ပျောင်းသော အယူအဆတစ်ခု အလွန် လိုအပ်ကြောင်းကို ဖော်ပြ နေသောကြောင့် ဖြစ်ပါသည်။

ဥရောပသမဂ္ဂသည် ထိုပြဿနာများဖြင့် လုံးထွေး နေရပါ သည်။ ကြီးမားသော ဖက်ဒရယ် အဆောက်အအုံကြီးနှင့် ချိန်ခွင်လျှာ ညီအောင် အမျိုးသား အချုပ်အခြာအာဏာကို မည်သို့ညှိပေးသင့် သနည်း။ အခက်အခဲများ ရှိသည့်တိုင် ဥရောပသမဂ္ဂသည်

www.burmeseclassic.com



အနာဂတ်အတွက် အကောင်းဆုံးသော ပုံစံဖြစ်နေပါသည်။

သမ္မတကြီးခင်ဗျား၊ နှစ်ခွသဘောဆောင်သည့် ကိုယ်ပိုင်ပြဌာန်းခွင့် အမွေကိစ္စကို ဖြေရှင်းပေးရန် အမေရိကတွင် တာဝန်ရှိနေပါသည်။ အမေရိကသည် အလွယ်လမ်းကို မလိုက်သော ရည်မှန်းချက် တစ်ခုရှိဖို့လိုအပ်ပါသည်။ ထိုရည်မှန်းချက်သည် ယခု ရှိနေပါသည်။ မျိုးတူစုဝါဒ ဟူသော သဘောထက် ပို၍ကျယ်ဝန်းသည့် အသိုင်းအဝိုင်း၊ အဖွဲ့အစည်းသဘောသည် ယခု ပျံ့နှံ့ခေတ်စားနေပါပြီ။ အမေရိကသည် ထိုအယူအဆကို ဝိလဆင်ဝါဒ ပရဟိတလုပ်ငန်းအဖြစ် မဟုတ်ဘဲ (ကျွန်တော့်ကို ခွင့်လွှတ်ပါ)လက်တွေ့ကျသောအကြောင်းများကြောင့် ဦးဆောင်ဦးရွက် ပြုသင့်ပါသည်။ လူမျိုးနိုင်ငံတော်သည် ယနေ့အချိန်တွင် ဒေသဆိုင်ရာ ပြဿနာများကို ဖြေရှင်းရန်အတွက် ကြီးမားလွန်းနေပါသည်။ ကမ္ဘာ့စျေးကွက်တွင် စေ့ငှအောင် ပါဝင်လှုပ်ရှားရန်လည်း သေးငယ်လွန်းနေပါသည်။ ယင်းတို့သည် တန်ခိုးလည်း အလွန်ကြီး၍ ချက်ချင်းလွယ်လွယ်ကူကူ လည်း လျှော့ကျ သွားလေ့ မရှိပါ။ သို့ရာတွင် အမေရိကန်ပြည်ထောင်စုသည် သူတို့ကို အလျှော့မပေးသင့်ပါ။ တစ်ခါတစ်ရံတွင် ဒီရေကို ဆန်တက်သကဲ့သို့ ရှိသည့်တိုင် အကြောင်းမဟုတ်ပါ။ မိသားစုစွဲ၊ ဆွေမျိုးစုစွဲ၊ လူမျိုးစွဲ စသည်တို့သည် လူ့သဘာဝ၏ အစိတ်အပိုင်းပင် ဖြစ်မည်ထင်ပါသည်။

သို့ရာတွင် ထိုဆန္ဒ၊ ထိုအစွဲသည် တစ်ဖက်သတ် မကျဖို့၊ ကျူးကျော်စော်ကားသည့် အဖြစ်သို့ မရောက်ဖို့တော့ လိုပါသည်။ အမေရိကန်ပြည်ထောင်စုသည် ကိုယ်ပိုင် ပြဌာန်းခွင့်အလံကိုလွှင့်တင်လာသည့် လှုပ်ရှားမှုကို ထောက်ခံအားပေးခြင်းမပြုသင့်ပါ။

ဉာဏ်သစ်လောင်း အရေးတော်ပုံ ခေတ်တုန်းက လက်ခံခဲ့သော ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် အယူအဆကို ပြန်သွားသင့်ပါသည်။ ယင်းမှာ လူပုဂ္ဂိုလ်၏ သီးခြားလွတ်လပ်ခွင့် ဖြစ်ပါသည်။ ထိုအယူအဆကို လူထုများ၏ နှလုံးသားထဲတွင် စွဲထင်သွားအောင် လုပ်ရန်မှာ ရှည်ကြာ နှေးကွေးပြီး စိတ်ရှည်သော အားထုတ်မှု ရှိရပါလိမ့်မည်။ သို့ရာတွင် အမေရိကသည် စ,လုပ်သင့် နေပါပြီ။ သမ္မတကြီးခင်ဗျား၊ သမ္မကြီးတွင် ဝါရှင်တန်အပေါ် လွှမ်းမိုးနိုင်သော ကောင်းကင်ဒိဗ္ဗပါတ် တန်ခိုးတို့ ရှိခဲ့လျှင် ယင်းတို့အား ထိုဦးတည်ချက်သို့ ရောက်အောင်ညွှန်ပြပေးလိမ့်မည်ဟု ကျွန်တော်မျှော်လင့်ပါကြောင်း။

ရည်ညွှန်း။ Time, November 14, 1994 မှ Henery A Grunwald ၏ Memorandum to Woodrow Wilson ကိုပြန်ဆိုသည်။

www.burmeseclassic.com

# အမျိုးသားရေးဝါဒနှင့် လူမျိုးစုံဝါဒ

အမျိုးသားရေးဝါဒသည် ကမ္ဘာ့ရွာကို ပျက်အောင်လုပ်နေသည်။ ယခင် ယူဂိုဆလားဗီးယားနိုင်ငံဟောင်းမှသည် ချီချင်းညာအထိ ပြိုကွဲအောင် လုပ်နေသည်ဟု နိုင်ငံစုံဝါဒသမားတို့ကပြောကြသည်။ လူမျိုးစုများ စုစည်းထားသည့် နိုင်ငံများသည် ပြိုလဲပျက်စီးနေကြသည်။ လူမျိုးစုခွဲထွက်ရေးဝါဒသည် အရှိန်ကောင်းနေသည် ။ ယင်းမှာ ဆင်းရဲမွဲတေသည့် အာဖရိကတိုက်တွင်သာမဟုတ်။ ချမ်းသာသည့် ဥရောပတိုက်နှင့် မြောက်အမေရိကတိုက်မှာပင်ရှိနေသည်။ ၂၄နာရီအတွင်း ကွန်ပျူတာဖြင့် အရောင်းအဝယ်လုပ်၍ အရင်းအနှီးများ တင်ပို့နေသည့် အင်တာနက်ခေတ်တွင် ထိုအချင်းအရာသည် မည်သို့ဖြစ်နိုင်စရာ ရှိပါသနည်း။

ကမ္ဘာ့ဝါဒ ပျံ့နှံ့ရေးသည် ကျွန်တော်တို့ခေတ်တွင် လွှမ်းမိုးတွင်ကျယ်နေသော ဝေါဟာရတစ်ခုဖြစ်၏။ ကျွန်တော်တို့၏အထင်

www.burmeseclassic.com



အမြင်သေးသည့် သဘောထား၌ လူမျိုးစုံဝါဒသည် ယဉ်ကျေးမှု ဟူသော အခိပ္ပါယ်ထွက်နေပြီး အမျိုးသားရေးဝါဒသည် အရိုင်း အစိုင်း ဝါဒဟု အဓိပ္ပါယ်ထွက်နေသည်။

လူမျိုးစုံဝါဒသမားတို့အဖို့ အမျိုးသားရေးအုံကြွမှုများသည် နားမလည်နိုင်စရာကောင်းသော အရာများဖြစ်နေဟန်ရှိ၏။ အာဏာသည် နိုင်ငံတော်မှ လျှောကျသွားချိန်တွင် အချုပ်အခြာ အာဏာအတွက် အဘယ်ကြောင့် တိုက်ပွဲဝင်နေမည်နည်း။ စင်ကာပူ လိုမြို့ပြနိုင်ငံ၊ တောင်ပိုင်း တရုတ်ပြည်လိုဒေသ၊ မြောက်အမေရိက တိုက် လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက်စသည့်တိုက်လုံးဆိုင်ရာ ကုန်သွယ်မှုအစီအစဉ်တို့သည် နောက်ရာစုသစ်ကြီး၏ ကမ္ဘာ့ပုံစံသစ် အတွက် ဆောက်လုပ်မည့် အုတ်အစိုင်အခဲများ ဖြစ်ကြသည်။ အင်တာနက်လှိုင်းလုံးကို စီး၍ရပါလျက် ယဉ်ကျေးမှု အချုပ်အချာ တည်ရှိရေးကို အဘယ်ကြောင့် တိုက်ပွဲဝင်နေဦး မည်နည်း။ ကမ္ဘာ့စီးပွားရေး၏ ဆက်သွယ်ရေးဘာသာစကားအဖြစ် အင်္ဂလိပ် ဘာသာစကားရှိနေပါလျက် အငယ်စားဘာသာစကား ကလေးများ ထိန်းသိမ်းရေးအတွက် အဘယ်ကြောင့် တိုက်ပွဲဝင်နေရဦးမည်နည်း။ ယခုအချိန်သည် လူမျိုးစုံဝါဒသမားတို့အဖို့ အမျိုးသားရေးဝါဒ သမားတို့ကို အထင်သေးခြင်းမှ ရပ်တန့်ရန် အချိန်ရောက်လေပြီ။ နောက်လေယာဉ်တစ်စင်းကို စီးရန်ခပ်သုတ်သုတ် သွားနေကြသည့် နိုင်ငံတကာ ကုမ္ပဏီအုပ်ချုပ်ရေးမှူးများ အားလုံးသည် ချမ်းသာ၍ တည်ငြိမ်သော လူမျိုးနိုင်ငံများ၏ နိုင်ငံကူးလက်မှတ်များကို ကိုင်ဆောင်ထားကြမည်မှာ သေချာပါသည်။ သူတို့အဖို့မှာမူ လူမျိုးစုံ ဝါဒသမားဖြစ်ရန် ကုံလုံကြွယ်ဝကြပါပေ၏။ နိုင်ငံကူးလက်မှတ်

တစ်စောင်နှင့် အတူ အခွင့်အရေးသည် ပါလာတတ်ပါ၏။ အမျိုးသားရေးမာန်ကို ရှုတ်ချခြင်းမပြုမီ ချီချင်းညာလူမျိုးတို့ အကြောင်းကို ကျွန်တော်တို့ စဉ်းစားသင့်ပါသည်။ ချီချင်းညာတို့၏ မြို့တော်ရှိ သမ္မတနန်းတော်ကို ရုရှတင့်ကားများမှ အမြောက်ဖြင့် ထုရန်လူမျိုးစုံဝါဒသမားများ ဘာကြောင့် အလိုရှိ နေကြပါသနည်း။

ကမ္ဘာ့ဝါဒီတို့၏ ထိုဝေါဟာရကို သေသေချာချာစဉ်းစားကြည့်ပါလေ။ ကာလီဖိုးနီးယားပြည်နယ်သားသည် သူ၏အိမ်သုံးကွန်ပျူတာရှေ့တွင် ထိုင်ကာ တောင်ကိုရီးယားရှိ မိတ်ဆွေတစ်ဦးထံ စာတစ်စောင်ရိုက်နေစဉ် အပြင်တွင်ရပ်ထားသော သူတို့ကားများကို ခိုးသွားမည်လားဟု နှစ်ယောက်စလုံးစိတ်တထင့်ထင့် ဖြစ်နေကြရသည်။ သူတို့၏ ကွန်ပျူတာအဆက်အသွယ်ကို လုံခြုံမှုရှိမရှိကို မည်သူ အာမခံပါသနည်း။ ရဲ၊ တရားရုံးများ၊ လက်နက်ကိုင်တပ်ဖွဲ့များနှင့် ခေတ်သစ်လူမျိုးနိုင်ငံများ၏ ပုံမှန်အဆောက်အအုံများက အာမခံချက်ပေးနေပါသည်။ ထိုအဆောက်အအုံများမရှိလျှင် ကမ္ဘာ့ရွာသည် ပရမ်းပတာနေရာကြီးအဖြစ်သို့ ရွေ့လျားသွားပေလိမ့်မည်။ ခေတ်သစ်လူမျိုး-နိုင်ငံများအား ခေတ်မမီတော့ဟု ဆိုကာ ကျော်လွှား ဖယ်ရှားသွား၍ မရနိုင်တော့ပါ။ ခေတ်သစ်လူမျိုးနိုင်ငံများကို ပို၍ ခိုင်မာတောင့်တင်းအောင် လုပ်ရမည်သာဖြစ်ပါသည်။ တတိယကမ္ဘာတွင် မျှသာမဟုတ်ပါ။ ယင်းမှာ အမျိုးသားရေးဝါဒ သမားတစ်ဦး၏ နားလည်ချက်ဖြစ်ပါသည်။

လူမျိုးစုံဝါဒသမားများမှာပင်လျှင် အောက်ခြေပင်မြစ်များရှိပါသည်။ ကျွန်တော်တို့၏ ဇာတိအရည်အသွေးသည် ကျွန်တော်တို့ကို ခွဲခြားထားသည့်သင်္ကေတ ကလေးများပေါ်တွင်မှီ၍တည်၍

www.burmeseclassic.com



နေပါသည်။ ထိုသင်္ကေတ ကလေးများကို (စိတ်ပညာရှင်)ဖရွိုက်က အသေးစားကွဲလွဲချက်ကလေးများကို ချစ်ခင်တွယ်တာသော နာစစ်ဆပ် ဝါဒဟု ခေါ်ခဲ့ပါသည်။ ထိုကွဲလွဲချက်ကလေးသည် အလွန့်အလွန် သေးငယ်ကောင်း သေးငယ်ပါလိမ့်မည်။ အကြောင်းမဟုတ်ပါ။ ထိုကွဲလွဲချက်ကလေးကိုပင် ကျွန်တော်တို့ ပင်ကိုယ်ဇာတိအရည် အသွေး၏ အမြုတေအဖြစ် သုံးနိုင်ပါသည်။ လူမျိုးစုံဝါဒသမားတို့က လီဗိုင်းဂျင်းအဝတ်အထည်များနှင့် ဘင်နက်တန် ကုန်ပစ္စည်းများ၊ မက်ဒေါ်နယ်ဟမ်ဘာဂါများနှင့် အိုင်ဘီအမ်စက်မှုသိပ္ပံပစ္စည်းများ ကြောင့် လူမျိုးများကြားတွင် တည်ရှိနေကြသော အသေးစားကွဲလွဲမှု ကလေးများသည် ပျောက်ကွယ်သွားလိမ့်မည်ဟု မျှော်လင့်နေ ကြပါသည်။ တကယ်ဖြစ်လာသည်မှာ ထိုသို့မဟုတ်။ လူများကပို၍ ကြီးမားသော ကွဲလွဲချက်များကို အတင်း ဖမ်းဆုပ်ထားကြခြင်း ဖြစ်ပါသည်။

ယူဂိုဆလားဗီးယားတွင် ဆန်းပြားပွေလီသော ဥရောပတိုက် သားများဖြင့် ပြည့်နေပါသည်။ သူတို့သည် မာစီးဒီးကားကြီးများကို မောင်းကာ ဆွစ်ဇာလန်စတိုင် အနားယူဂေဟာများကို ပိုင်ဆိုင်နေ ကြပါသည်။ အပြင်ပန်းအားဖြင့် ကြည့်လျှင် သူတို့ကိုခွဲခြား၍မရနိုင် ပါ။ အတွင်းသို့နှိုက်ကြည့်လျှင် သူတို့သည်ခရိုအက်များ၊ ဆာ့ဘ်များ ဘော့စနီးယား မူဆလင်များဖြစ်နေသည်ကိုတွေ့ရပါသည်။ခေတ်မီ ရေးလုပ်ငန်းသည် ကျွန်တော်တို့၏ ကြီးမားသော တွယ်တာစွဲလန်း မှုများကို ခွာချမပစ်နိုင်ကြောင်း ယူဂိုဆလားဗီးယားများက ပြသနေပါ သည်။

အဖိနှိပ်ခံလူမျိုးများနှင့် လူမျိုးစုများက သူတို့ကိုယ်သူတို့

ကာကွယ်ခွင့်မရသေးသမျှ ကာလပတ်လုံး လုံခြုံရေးစိတ်ဓာတ်နှင့် အသိုက်အဝန်း စိတ်ဓာတ်သည် တည်ရှိဦးမည်သာ ဖြစ်ပါသည်။ ကမ္ဘာ့ပြောင်းလဲမှုသည် ကျွန်တော်တို့ကို နီးစပ်လာအောင်လုပ်ပေးခဲ့သည်မှာ မှန်ပါသည်။ သို့ရာတွင် ဤသို့နီးစပ်လာခြင်းကြောင့်ပင် ကျွန်တော်တို့သည် ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်သမိုင်းနှင့် ကိုယ်ဘာသာစကား စသည့်ကွဲလွဲချက်များကို ပို၍ ကာကွယ် ထိန်းသိမ်းလာခဲ့ကြပါသည်။ သို့မှ ကာကွယ်ထိန်းသိမ်းခြင်း မပြုနိုင်လျှင် လူအဖြစ်မှ လျှောကျသွားတော့မည်သာဖြစ်ပါသည်။ ၁၉၈၉ ခုနှစ်တွင် ဘောလ်တစ်ဒေသမှ လူမျိုးစုများ၊ ပိုလန်လူမျိုးစုများ၊ ချက်လူမျိုးများ လွတ်လပ်ရေးရလာသည့်အခါတွင် နိုင်ငံစုံဝါဒသမားများသည်မှန်ကန်စွာဩဘာပေးခဲ့ကြပါသည်။ ယင်းတို့မှာ အမျိုးသားရေးဝါဒ တော်လှန်ရေးသမားများဖြစ်ကြပါသည်။ ၁၇၇၆ခုနှစ်တွင် အမေရိကန်လူမျိုးများ၊ ၁၇၈၉ခုနှစ်တွင် ပြင်သစ်လူမျိုးများကို နှိုးဆွခဲ့သည့် လွတ်လပ်မှုနှင့် ဒီမိုကရေစီစသော မျှော်မှန်းချက်များကြောင့် ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်ပါသည်။

အမျိုးသားရေးဝါဒတွင် မှားနေသောအချက်မှာ ကိုယ့်အိမ်တွင် ကိုယ်အရှင်သခင်ဖြစ်ချင်သော ဆန္ဒမဟုတ်ပါ။ အိမ်ကိုအခြားသူများနှင့်အတူ ရောနှောမနေနိုင်ဟု ငြင်းဆန်နေသည့် ကိစ္စဖြစ်ပါသည်။ လူမျိုးတိုင်းတွင် ကိုယ်ပိုင်နိုင်ငံရှိရမည် ဆိုသည့်အမှားဖြစ်ပါသည်။ လူမျိုးသန့်စင်ရမည်၊ မျိုးမနှောရဆိုသည့် အမှားဖြစ်ပါသည်။ လူမျိုးစုံဝါဒသမားဖြစ်စေ၊ အမျိုးသားရေးဝါဒ သမားဖြစ်စေ၊ အရေပြားအောက်က သွေးထဲတွင် မျိုးနှောနေကြပါသည်။ ကျွန်တော်တို့၏ ဘိုးဘေးများသည် အတူဝိုင်းဖွဲ့၍ အိပ် ခဲ့ကြခြင်း

www.burmeseclassic.com



ဖြစ်ပါသည်။ တကယ်အမှန်ပြောရလျှင် ကမ္ဘာပေါ်တွင် သွေးမနှော သည့် လူမျိုးသန့်စင်မှုဆိုသည်မှာ မရှိနိုင်ပါ။ အကယ်၍ ကျွန်တော် တို့သည် ကျွန်တော်တို့နိုင်ငံကို ကျွန်တော်တို့လို မျိုးနှောသူများနှင့် ခွဲဝေ မနေနိုင်ပါ ဟုဆိုလျှင် မည်သို့သော ကံကြမ္မာမျိုးနှင့် တွေ့ရတတ်ကြောင်းကို ယူဂိုဆလားဗီးယားက ပြသနေပါသည်။

လူမျိုးစု ဝါဒ သမားများသည် အမျိုးသားရေးဝါဒသမားများ အား ဘီလူးသဘက်ကြီးတွေအဖြစ်မျိုးပြောနေခြင်းကို ရပ်တန့် သင့်ပါပြီ။ အမျိုးသားရေးဝါဒသမားများကလည်း မိမိတို့ လူမျိုးတွင် မိမိတို့ကိုယ်ပိုင်နိုင်ငံတော် ရှိရမည်ဆိုသည့်အစွဲကို ဖျောက်သင့်ကြ ပါပြီ။ ခွဲထွက်ရေးသမားတို့၏ စိန်ခေါ်မှုနှင့် ရင်ဆိုင်နေသည့် အခြေ ခိုင်နေသော နိုင်ငံများသည် အာဏာကို ဖြန့်ခွဲပေးဖို့ လိုပါသည်။ သို့မှသာလျှင် လူမျိုးစုများသည် ခွဲထွက်ခြင်းမပြုပဲ သူတို့၏ ယဉ်ကျေးမှုနှင့် ဘာသာစကားကို ကာကွယ်စောင့်ရှောက်နိုင်မည် ဖြစ်ပါသည်။ အမျိုးသားရေးဝါဒသမားတို့၏ စိန်ခေါ်မှုနှင့် ရင်ဆိုင် နေရသည့် ဒေသများသည် (တူရကီ၊ အီရတ်၊ အီရန်နှင့် ဆီးရီး ယားနယ်စပ်တစ်လျှောက်တွင် နေကြသော ကာ့ဒ်လူမျိုးစုများ ကဲ့သို့)နယ်စပ်တစ်လျှောက်တွင်ခွနေကြရသည့် လူမျိုးစုများအား ခွဲထွက် ခြင်းမပြုပဲနှင့် ကိုယ်ပိုင် အုပ်ချုပ်မှု ပုံသဏ္ဍာန်များ ရရှိနိုင်သည့် နည်းလမ်းများကို ရှာဖွေသင့်ကြပါသည်။

အနာဂတ်ကို လူမျိုးစုံဝါဒသမားများကလည်း မပိုင်ပါ။ အမျိုးသားရေးဝါဒသမားများကလည်း မပိုင်ပါ။ သူတို့ချစ်သော နေရာများတွင် တိုက်ပွဲဝင်ရန် အဆင်သင့်ရှိသော ၊ သူတို့မရောက်

www.burmeseclassic.com



ဖူးသော နေရာများမှ သင်ခန်းစာယူရန် အဆင်သင့်ရှိသော လူမျိုးစုံဝါဒသမားများနှင့် လူမျိုးရေးဝါဒသမား နှစ်မျိုးစလုံးဖြစ်ရန် အဆင်သင့်ရှိသော လူထုများကသာ ပိုင်ပါသည်။

ရည်ညွှန်း။ Time, February 27, 1995 မှ Micheal Ignatieff ၏ The State of Belonging ကိုပြန်ဆိုသည်။

# ငါလာသည်၊ ငါမြင်သည်၊ ငါဖျက်ဆီးသည်

မနက် ၃နာရီတွင် မြွေလိမ်မြွေကောက် အလင်းရောင်တန်းတစ်ခုသည် တစ်ခါက မောရှေဖြတ်သွားခဲ့ရာ ဆိုင်းနိုင်းတောင်ထိပ်တစ်ဝိုက်တွင် ခွေဝိုက်ရစ်ပတ်စပြုလေပြီ။ ယင်းမှာကမ္ဘာလှည့်ခရီးသည်များ၏ လက်နှိပ်ဓာတ်မီးများမှ တောက်ပနေသောမီးရောင်တန်းများဖြစ်သည်။ အရုဏ်ပြုလာသည်နှင့် လှပခြင်းမရှိသောရလာဒ်များကို မြင်ရသည်။

ယင်းတို့မှာ တောင်အတက်တွင် ခရီးသည်တို့ စွန့်ပစ်ခဲ့ကြသော သကြားလုံးထုပ်စက္ကူများ၊ ဆိုဒါသံဗူးခွံများ၊ ကိုဒတ်ကရုန်းဖလင်လိပ် ဘူးခွံများ စသည့် အမှိုက်သရိုက်များဖြစ်သည်။

ပါပူဝါနယူးဂီနီ တောင်ပေါ်ဒေသ၊ ဂိုရိုကာမြို့အနီးရှိရွာကလေးတစ်ရွာတွင်မူ အဝတ်ဗလာဖြင့် စစ်သည်တော်များသည် သူတို့ ခန္ဓာကိုယ်ကို ဖျော့တော့သည့် ရွှံ့စေးများ လိမ်းကျံကာမျက်နှာ

www.burmeseclassic.com



ကို ကြောက်ဖွယ်ဖြစ်အောင် ရွှံ့များဖြင့်သုတ်ထားကြသည်။ သူတို့သည် တင်းပုတ်များ၊ လှံများ၊ လေးမြားများကို ကိုင်ကာ(သူတို့မနေ့တစ်နေ့ကအထိ မှီတင်းနေထိုင်ခဲ့သော) ကျောက်ခေတ်ထဲမှ နေ၍ ထိုနေ့မနက်ကမှ ဆိုက်သော သင်္ဘောပေါ်မှ ဆင်းလာကြပြီး ဓါတ်ပုံတွေ တဖျပ်ဖျပ်ရိုက်နေကြသော ကမ္ဘာလှည့်ခရီးသည်အုပ်ကြီးဆီသို့ ဒူးထောက်၍ ချီတက်လာကြသည်။ 'ရွှံ့လူ'များသည် မကြာခဏမျှ ရက်စက်ကြမ်းကြုတ်သည့် အသွင်ကို သရုပ်ဆောင်ထားကြပြီးနောက် ချမ်းသာသော လူဖြူဧည့်သည်များကြားထဲသို့ မရဲတရဲဝင်ရောက် လာကြသည်။ ထို့နောက် ဝက်စွယ်ပုတီးများ၊ လက်နက်များကို ဝယ်ယူကြသော နိုင်ငံခြားသားများ၏ စက္ကူပိုက်ဆံများအနက် အဓိပ္ပာယ်ကို နားလည်သဘောပေါက်အောင် ကြိုးစားကြသည်။ ရွှံ့လူများက အမေရိကန်အတ်ပရက်စ်ကဒ်များကို လက်ခံလာကြသည်မှာ လအနည်းငယ်မျှသာ ရှိသေးသည်။

ဗင်းနစ်မြို့က သက်ပြင်းချတံတားနှင့်မနီးမဝေး၊ တူးမြောင်းကလေးဘေးက ဒိုဂျီနန်းတော်အနီး၊ ပွန်တီဒီပါ ဂလီယာတံတားသည် ဘာသာမျိုးစုံဖြင့် ပြောနေသည့် ဂျပန်၊ ဂျာမနီ၊ အမေရိကန် ပြင်သစ်၊ စကော့၊ အင်္ဂလိပ်၊ အိန္ဒိယ၊ စပိန်၊ စကင်ဒီ နေးဗီးယားစသည့် တီရှပ် ဝတ်ထားသော ကမ္ဘာကြီးတစ်ခုလုံး၏ အောက်တွင် တကျွိကျွိ မြည်နေသည်။ တံတားမှာ မီတာ ၃၀လောက်ရှည်ပြီး လမ်းလျှောက် သွားသူတစ်ယောက်အဖို့ ငါးမိနစ်လောက်သာ ကြာသည်။ ရာစုနှစ်များစွာက ပျောက်ကွယ်သွားပြီးနောက် ကမ္ဘာလှည့်ခရီးသည်တို့၏ ဈေးဆိုင်၊ ပြတိုက်အဖြစ် သို့ ပြောင်းသွားသည့် ဗင်းနစ်မြို့သည် အစုလိုက် ကမ္ဘာလှည့် ခရီးသည်သွားလာ

www.burmeseclassic.com



မှ ဇနသချ်ာဗေဒ (လူဦးရေ စာရင်းအင်းဗေဒ)၏ ဒဏ်ကို ခံနေရသည်။

မျှော်လင့်ချက်နှင့်ဆန့်ကျင်စွာ ယခုနှစ်နွေရာသီသည် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းအတွက်စန်းပွင့်သည့် နွေရာသီဖြစ်လာမည်ထင်ရသည်။ အမေရိကန်ဒေါ်လာသည် အခြားသော ငွေကြေးနှင့်စာလျှင်များစွာဈေးကျနေသည့်အချိန်၊ ဟိုတယ်နှင့်လေယာဉ်နှုန်းများမြင့်တက်နေသည့်အချိန်၌ယခုရာသီ ကမ္ဘာလှည့်ခရီးသွားလာမှုသည် စံချိန်သစ်တင်လိမ့်မည့် အလားအလာတွေ့ရှိနေသည်။ များပြားသော ကမ္ဘာ့လူလတ်တန်းစားသည် ရွှေ့လျားနေလေပြီ။

ထိုအရာသည် အံ့ဩစရာလော။ ဤတွင် ထုံးစံအတိုင်း အယူအဆနှစ်မျိုးလာ၍ တိုက်ခိုက်မိကြသည်။ အကောင်းနှင့်အဆိုးဖြစ်ပါသည်။ (၁) ကမ္ဘာနှင့်အဝန်းငြိမ်းချမ်းစွာ ခရီးသွားလှုပ်ရှားနိုင်စွမ်းသည် လွတ်လပ်မှု၊ ဒီမိုကရေစီဗဟုဝါဒ၊ လေယာဉ်ခရီးသွားလာရေးနှင့်အချုပ်အနှောင်မဲ့ပြိုင်ဆိုင်မှုဈေးကွက်များ ပေါ်ထွန်းရေးအတွက် အောင်ပွဲများဖြစ်သည်။ (၂)အခြားတစ်ဖက်တွင် ကမ္ဘာကြီးတစ်ခုလုံး စိတ်ပျက်ဖွယ် ဆင်တူဖြစ်နေခြင်းတည်းဟူသော ရေဒီယိုဓာတ်ကြွ တိမ်တိုက်ကြီးတစ်ခုသည် ကမ္ဘာမြေကြီးကို ခြိမ်းခြောက်နေသည်။ လှပသော အထွတ်အမြတ်နေရာဌာနများ၊ သီးခြားထူးခြား ဆန်းသစ်မှုများ အားလုံးသည် ချင်းနင်းကျူးကျော်ခံရသည်။ အထွတ်အမြတ်အဖြစ်မှ လျှော့ကျပေးရသည်။ လူထုများအတွက် အထူးအခွင့်အရေးတွေပေးရသည်။ ဤသို့ဖြင့် ထိုနေရာများသည် ဘင်နစ်တန်၏ အရောင်စုံ အသွေးစုံ ကုမ္ပဏီကြီးဖြစ်သွားတော့သည်။

အမြင်နှစ်ခုစလုံးသည် မှန်ပါသည်။ ဒုတိယအယူအဆ

www.burmeseclassic.com



သည် ပထမအယူအဆနောက်မှ လိုက်လာခြင်းဖြစ်ပါသည်။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းသည် နံပါတ် ၁အယူအဆကိုအားပေးပါသည်။ ကမ္ဘာလှည့်ခရီးသည်သည် နံပါတ်၂အမြင်အတိုင်းမဖြစ်ရလေအောင် ကမ္ဘာတစ်ဝန်းသို့ သတိထား၍ သွားပါသည်။ နံပါတ်၂အမြင်က အငြင်းပယ်ခံရသော စိတ်ပျက်မှုဖြင့် မကြာခဏ ထုတ်ဖော် ညည်းတွားပါသည်။ သူသည် အိမ်လွမ်းသော ဝေဒနာဖြင့် အလုပ်သို့သွားပါသည်။ ပကာသန ခရီးသွားက စိတ်မကောင်းဖြစ်ပါသည်။ သူတို့သည် အယ်ဗလင်ဝေါ-ဆန်းမားဆက်မွမ်ပင်လယ်ကူးသင်္ဘော ခရီးသွားခေတ်၏ မြေး မြစ်များဖြစ်ပါသည်။ ဒဿန ဆရာ လူကရီရှပ်က 'အရာဝတ္ထုတစ်ခုသည် ပြောင်းလဲ၍ မူလ သဘာဝ ပြောင်းလဲ သွားသည်နှင့် ထို အရာဝတ္ထု ၏ ယခင်ဖြစ်တည်မှုသည် သေဆုံးသွားခဲ့လေပြီ' ဟုရေးခဲ့ဖူးပါသည်။ အကွာအဝေး ခရီးအဆုံး တို့နှင့်ပတ်သက်သော တက္ကဗေဒသစ်သည် ကမ္ဘာတွင် ပေါ်ထွန်းနေပါသည်။

ဝေါ နာဟေဇင် ဘတ်၏ ကျော်ကြားသော မရေရာမှုသဘော တရားအရ အချို့သော ရုပ်သမုပ္ပတ္တိ (ရုပ်အဖြစ်အပျက်)တို့ကို ဘယ်အခါမှ အတိအကျ၊ အသေအချာ မသိနိုင်ကုန်၊ အကြောင်းမူ ထိုရုပ်အဖြစ်အပျက်တို့ကို လေ့လာနေသော သိပ္ပံပညာရှင် ၏ မျက်လုံးသည်လည်း ထိုအဖြစ်အပျက်တို့ကို ပြောင်းလဲစေသောကြောင့်ဖြစ်သည်ဟု အဆိုရှိပါသည်။ ဟေဇင်ဘတ် မရေရာမှု ကမ္ဘာလှည့် ခရီးသွားလုပ်ငန်း မသေချာသော ခရီးသည် များကို ကမ္ဘာအနှံ့ သွားအောင်လုပ်နိုင်ခဲ့သည့် နှစ်အဖြစ် ၁၉၉၅ခု နွေရာသီအား

www.burmeseclassic.com



သတိရကောင်း ရနေကြမည်ဖြစ်ပါသည်။ လွန်ခဲ့သည့် သီတင်းပတ် အနည်းငယ်ခန့်ကမူ ဆိုင်းနိုင်းတောင်ထိပ်ပေါ်ရှိ စိန့်ကတ် သရင်း ဘုန်းတော်ကြီးကျောင်းမှ ဘုန်းတော်ကြီးတစ်ပါးက ကမ္ဘာလှည့် ခရီးသည်များကို သုန်မှုန်စွာကြည့်ကာ ဟေဇင်ဘတ်သဘောတရား သစ်တစ်ခုကို ထုတ်လိုက်ပါသည်။ ' သူတို့ရောက်လာကြတယ်။သူတို့ လည်းလာရော အားလုံးလည်း ပြောင်းလဲသွားတော့တာပဲ' ဟုသူက ဆိုပါသည်။

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းသည်နေရာဒေသ၏ အထွတ် အမြတ်ဖြစ်မှုကို ပျက်စီးစေပါသည်။ အလှအပကို ပျက်စီးစေသည် ဆိုသည့်အယူအဆသည် ကင်မရာသည် ဓါတ်ပုံရိုက်ခံရသူ၏ ဝိညာဉ်ကို ခိုးယူသွားသည်ဟု ယူဆသော ရှေးကျသည့် ဘဝင်မြင့်မှုမှ ဆင်းသက်လာသည်ဟု ထင်ပါသည်။ (ဆိုင်းနိုင်းတောင်ထိပ်၊ ဖူဂျီယားမားတောင်ထိပ်နှင့် ဂရင်းကင်ယွန်စသည့်) အထွတ်အမြတ် နေရာများသည် ကြက်သွန်ဥကြီးတစ်လုံးဖြစ်ပြီးဗီဒီယို ကင်မရာများ နှင့် ရောက်လာကြသည့် မောင်မင်းကြီးသားများသည် ထိုလျှို့ဝှက် ဆန်းကြယ်မှုတို့ကို တစ်ထပ်ပြီးတစ်ထပ်ခွာကြသည်။ သို့ဖြင့် ပထမဆုံးဧည့်သည်ကို ဆွဲဆောင်သည့် အလှအပ ပဥ္စလက်တို့သည် ပျောက်ကွယ်သွားကာ ကမ္ဘာလှည့်ခရီးသည် သည် (သူ့လိုပင် ရောက်လာသော) အခြား ကမ္ဘာလှည့်ခရီးသည်များနှင့် ပက်ပင်းတိုး နေတော့သည်။ သူတို့နှင့်အတူ ဟိုတယ်များ၊ အဆင်သင့်စားသောက် ဖွယ်များ၊ အထိမ်းအမှတ်ပစ္စည်းများနှင့် ကမ္ဘာအနှံ့ နေရာတကာတွင် တွေ့နေရသော အသုံးအဆောင်ပစ္စည်းများကိုသာ တွေ့နေရသည်။ တကယ့် ခရီးသည် တစ်ဦးသည် ထို အရာများကို

www.burmeseclassic.com



မနှစ်သက်ပါ။

သို့ဖြစ်လျှင် ဘာကြောင့် ခရီးသွားသနည်း။ ရေအိမ်ထိုင်ခုံပေါ်တွင် စက္ကူကြိုးတစ်ကြိုးတပ်ဆွဲဖို့လော။ လှပ၍ သက်တောင့်သက်သာ ရှိသည့်မြင်ကွင်းတစ်ခုကို ခဏတစ်ဖြုတ် ခံစားဖို့လော။ ခဏ အိပ်သကဲ့သို့ အားလပ်ချိန်လို၍လော။ ကိုယ့်ကိုယ်ကိုယ်မေ့ပျောက် ပစ်ရန်လော။

လတ်ဆတ်သည့် ပါးလွှာမှုတစ်ခုကို မျက်စေ့ဖြင့် ခဏတဖြုတ် အရသာခံနိုင်သည့် နေရာတစ်ခုသို့ လာရန်ဖြစ်ပါသည်။ ပလေစတိုဆင်း ခေတ်ဦးထဲသို့ ခဏလျှောဆင်းကြည့်ရန်ဖြစ်ပါသည်။ မာဆေမာရာက ဆူးချုံပင် တစ်ပင်အောက်တွင်ကျားသစ်တစ်ကောင်က နေ့လယ်စာ စားရန်ကုတ်ဖဲ့ထားသော သွန်မဆင်၏ဒရယ်ကလေးကို ဖဲ့ရွဲ့ စားသောက်နေသည်ကို ကြည့်ရန်ဖြစ်ပါသည်။ ပတ်ပတ်လည်တွင် မီနီဘတ်စ်ကား ကလေးများပေါ်ကနေကာ ရိပ်ထဲတွင် ဘွာနာသခင်များက ထိုရှုခင်းကို အငေးသားကြည့်နေကြပါသည်။ ကြက်သွန်ဥကြီး လည်းအခွံတွေသင်ပြီးသွားပြီ။

ကမ္ဘာလှည့်ခရီးသည်များသည် သူတို့သွာရောက်သည့် ဒေသများကို ပျက်စီးသွားစေနိုင်ပါသလေ။ ပျက်စီးစေနိုင်ပါသည်။ သို့ရာတွင် နေပါဦး။ တစ်ခြားနည်းကော မတွေးနိုင်တော့ပြီလား။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းသည် စိတ်ဓါတ် အင်အားတစ်စု မဖြစ်နိုင်ပြီလော။ စစ်ဖြစ်နေသော ဇုန်နယ်များအား ယဉ်ကျေးအောင်လုပ်ပေးသည့် နည်းလမ်းတစ်ခု မဖြစ်နိုင်ပြီလော။ ပါပူဝါနယူးဂီနီက တောလမ်းတစ်ဖက်တစ်ချက်တွင် တစ်ဖက်ကိုတစ်ဖက်လေးမြားများဖြင့် ပစ်နေသည့် မျိုးတူစုများသည် ကမ္ဘာလှည့်

www.burmeseclassic.com



ခရီးသည် ဘတ်စ်ကားတစ်စင်း ဖြတ်သန်းသွားဖို့အတွက် ခိုက်ရန်ဖြစ်ပွားမှုများကို ရပ်စဲခဲ့သည်ဟု သိရပါသည်။

ဘော့စနီးယား(ယခုအချိန်တွင် အလွန်လှသည့် ရာသီ ဟု ကြားဖူးကြပါသည်။) အဖို့ ကမ္ဘာလှည့်ခရီးသည် ရာထောင်များစွာတို့ ဒေါ်လာများ၊ ကင်မရာများနှင့် ဘတ်စ်ကားများပေါ်မှ ဆင်းလာလျှင် အမြတ်မထွက်နိုင်ပါသလော။ ခရီးသည်များ၏ ဟေဇင်ဘတ် အကြည့်သည် လူမျိုးစုသန့်စင်ရေးသမားများကို အရှက်မရစေပါသလော။ လက်ဖြောင့်တပ်သားများ၏ ချိန်ရွယ်မှုကို မပျက်ပြယ်စေနိုင်ပါသလော။ ကုန်သွယ်မှုဝါဒသည် မျိုးတူစုဝါဒကို အနိုင်မရနိုင်တော့ပြီလော။ ဝေါဒစွနေသည် စစ်ပွဲကို ဦးစီးကွပ်ကဲကာ စစ်တိုက်သူများကို ဗလာကျည်ဆံများနှင့် စိန်ပြောင်းကျည်ဆံအတုများကို မပေးနိုင်ပါသလော။ ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်သည့်အနေဖြင့် စစ်ခင်းနေသူတို့သည် နေ့စဉ်နှင့်အမျှ အမုန်းများကို သရုပ်ဆောင်မပြနိုင်ပါသလော။

ရဝမ်ဒါသည် တောထဲက စိတ်ကူးယဉ် ပန်းခြံတစ်ခုအဖြစ် တိုးချဲ့တည်ထောင်နေပါသည်။ အသင်ကြိုက်ပါသလော။ ကျွန်တော်ကတော့ သဘောကျပါသည်။ ဟေဇင်ဘတ်ကို ဤစာမျက်နှာပေါ်သို့ လွှတ်လိုက်ပါ။ ထိုနောက် ကျွန်တော့်ဖုန်းခေါ်သံကို နားထောင်ကြည့်ပါ။

ရည်ညွှန်း။ Time , July 10, 1995 မှ ပြန်ဆိုသည်။